www.burmeseclassic.com

# မပြုံးတဲ့ဖားကောင်ခပ်ထောင်ထောင်ဘဲ ဘာဖြစ်လဲ

## (ကြောက်စိတ်ကင်းရေး အတွေးအခေါ် စာစုများ)



ရမ္မာဝတီ မောင်လှိုင်ငြိ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၂-ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအောင်သန်းစိုး
လှိုင်ရောင်စုံပုံနှိပ်တိုက် (မြဲ-၀၇၉၂၆)
အမှတ်-၂၇၃၊ ၃၉-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၅၃၄၁၈

ထုတ်ဝေသူ ဦးသစ်လွင်
ဂန္ဓဝေါမြိုင်-စာပေ၊
အမှတ် -၁၀၃၊ ရွှေပြည်သာလမ်း၊
(၆) ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

စီစဉ်သူ - အောင်ရွှေစံ
(ရွက်ကျပင်ပေါက်စာစဉ်ဖြန့်ပွားရေး)
ဖုန်း ၈၅၅၁၀၉၀

တန်ဖိုး - ၅၀၀ ကျပ်

CIP- ၈၀၈·၈၄

(ရမ္မာဝတီ) မောင်လှိုင်ရီ

မပြားတဲ့ဖားကောင် ခပ်ထောင်ထောင်ဘဲ ဘာဖြစ်လဲ
သင်းစာပေ၊ ၂၀၁၂။
၁၂၈-စာ၊ ၁၀.၅×၁၆ စင်တီ။
(၁) မပြားတဲ့ဖားကောင် ခပ်ထောင်ထောင်ဘဲ ဘာဖြစ်လဲ

www.burmeseclassic.com

www.burmeseclassic.com

ရမ္မာဝတီ မောင်လှိုင်ငြိ

(ရေးသားပြုစုသည်)

# ကြွားတဲ့ဖားကောင်ခပ်ချောင်ချောင်ဘဲ ဘာဖြစ်လဲ

## ကြောက်စိတ်ကင်းရေးအတွေးအခေါ် စာစုများ

ဖြန့်ချိရေး

ရွှေစင်ရတနာစာပေ
၂၁၆၊၃၆လမ်း(အထက်)ကျောက်တံတား
ဖုန်း-၀၁-၃၈၅၅၂၃

စီစဉ်သူ - မဒရွှေစင်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


✦ အမျိုးနည်းတူတစ်ယောက်လူ (အမှာ) က

၁။ လောကနှမ်လိုကြိုလင့်သူများ ၁

၂။ ဝေဒနာကို ကြေညာရခြင်း ၄

၃။ ပါရမီဆိုတာ သူတကာထက် ဒုက္ခခံနိုင်ခြင်းပါ ၈

၄။ အတိုင်နွှားတွေအတွက်တာ ခံစားလွှာကြေညာချက် ၁၂

၅။ မိမိတို့ကိုယ်ကို ခိုလားကျီးလားဆုံးဖြတ်ထား ၁၇

၆။ လူ့အစွမ်း နတ်မခြင်း ၂၄

၇။ တစ်ကွေ့တွေ့ကြတဲ့အခါ ရင်ဆိုင်ရဲရင့်ပါ ၂၈

၈။ သူ့ကိုချီးမြှောက်ကိုယ့်ဂုဏ်မြှောက်တယ် ၃၃

၉။ လူဟာလူ့အကြောင်းကို စိတ်ဝင်စားရမယ် ၃၆

၁၀။ တည့်တည့်ကြည့်မြင် ကိုယ့်တွက်ပင် ၄၀

၁၁။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး ၄၅

၁၂။ မြတ်နိုးပါသည် ဒီမိုကရေစီ ၄၉

၁၃။ ဗိုလ်ချုပ်အောင်ဆန်းစာစုများ ၆၂

၁၄။ သခင်ကိုယ်တော်မှိုင်းစာစုများ ၈၄

၁၅။ ဦးဥတ္တမစာစုများ ၈၉

၁၆။ တည့်မတ်ဖွေလှန်အဖြေမှန် ၉၃

၁၇။ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲ ၉၆

၁၈။ ဆူဆူညံညံတွန်းအားသံ ၁၀၀

၁၉။ လာချင်တာတွေ လာစမ်းစေ ၁၀၈

၂၀။ လူတိုင်းအတွက် တရားမျှတလွတ်လပ်ခြင်း ၁၁၂

၂၁။ ရိုးသားမှုလူ ကြိုးစားမှုလူ ၁၁၆

၂၂။ ရာဇဝင်ကြွေး ပေးဆပ်နိုင်မှုလူ ၁၂၁

၂၃။ ရဲရင့်မှုလူ ဇွဲရှိမှုလူ ၁၂၃

၂၄။ မပြားတဲ့ဖားကောင် ခပ်ထောင်ထောင်ဘဲ ဘာဖြစ်လဲ ၁၂၉

၂၅။ ဒေါ်အောင်ဆန်းစုကြည်စာစုများ ၁၃၁


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အများနည်းတူတစ်ယောက်လူ (အမှာ)

စာရေးဆရာတစ်ယောက်ဟာ စာပေနဲ့ သက်မွေးဝမ်းကျောင်း ပြုမယ်ဆိုရင် ကလောင်သုံးချောင်းလောက် နာမည်ယူထားသင့်တယ် ထင်ပါတယ်။ ဒီလိုမဟုတ်ရင် ခေတ်ရေစီးကြောင်းမှာ အဆင်မသင့်တဲ့ အခါ ချောင်ပိတ်မိသွားတတ်ပါတယ်။

ဒီလို ကလောင်ခွဲတွေရှိရင် လုပ်ကိုင်ရမှုမှာ သိပ်တင်းကျပ်မနေဘဲ တချို့နေရာတွေမှာ လုပ်ကိုင်ကျော်လွှားလို့ ရသွားနိုင်တယ် ထင်ပါတယ်။

ခုလဲ မိမိဟာ မိမိဝါသနာကဗျာ အတွေးတချို့ကို ခုလို စကားပြေအဖြစ် ရေးဖွဲ့ဖို့ ကြိုးစားကြည့်မိတာဘဲ ဖြစ်ပါတယ်။ ဒါကြောင့် တချို့တွေ ဆရာ ဆရာကြီးတွေဟာ ကလောင်နာမည်တွေ မှိုလိုပေါက်အောင် အများအပြား ယူထားကြတာ တွေ့ခဲ့ရပါတယ်။ ဒီလို ရေးနိုင်တာ လုပ်နိုင်တာ အားကျအတုယူစရာတွေပါပဲ··။

တကယ်တော့ စာရေးဆရာရဲ့ ဦးနှောက်ဟာလဲ ရွှေပါ။ သူ့ရဲ့ အရေးနဲ့ သူ့ရဲ့လက်ဟာလဲ ရွှေလက်ပါ···။ သူ့ရဲ့ ထုတ်လုပ်မှုတွေဟာ လောကအတွက် လူသားတွေအတွက် ရွှေအဆင်းဖြစ်စေဖို့ရာ ရွှေကမ္ဘာကို ဖန်ဆင်းနေတယ်လို့ဲ ခံယူထားမိပါတယ်။ (ဆွမ်းခံနဲ့ထဲ ကြွက်ချေးပါ။ ညီးညစ်အောင် လုပ်နေသူကို မဆိုလိုပါ)

ခု မိမိရဲ့ ဒီကလောင်ခွဲလေး ဖြစ်ပေါ်လာတဲ့အခါ ပြောစရာ ဖြစ်လာရပြန်ပါတယ်။

တကယ်တော့ ဘာရယ်မဟုတ်ပါ။ ဘဝပေးအရပဲ ဖြစ်ပေါ်လာရတယ် ဆိုပါတော့။ ဒါပေမဲ့ လက်တွေ့မှာ ဒီလိုပြောလို့ ဖြစ်မှာမဟုတ် ပါဘူး။ ဒါကြောင့် ခင်တဲ့ထုတ်ဝေသူ အချို့က စိတ်ဝင်စားလို့ မေးလာတဲ့ အခါ ပြောဆိုရဖို့ တာဝန်ရှိလာပါတယ်။ ဒါကြောင့် မောင်လှိုင်ရီဆိုတာ (မောင်) (ငါ) (မိမိ) လှိုင်က အဖေ ဦးဘိုးလှိုင်ရဲ့(လှိုင်) ရီဆိုတာက မိမိတို့ ဒေသမှာ ရေကို (ရီ)လို့ခေါ်တာ···။ ဒါကြောင့် ရီဆိုတာ (ရေ)ပဲပေါ့··။ (ရမ္မာဝတီ) ဆိုတာ ရမ်းဗြဲကျွန်း ရေပတ်လယ်ဝိုင်းနေတဲ့ ကျွန်းကြီးပါ။

ဒါကြောင့် (လှိုင်) အဖေ (ရီ) ရေ (မောင်) (မိမိ) ရှင်သန်နေတဲ့ မိမိရဲ့ အဖေ့ ရေမြေလို့ဲ တင်စားပြောရမှာသာ ဖြစ်ပါတယ်။ လူဆိုတာ ကိုယ့်ရေမြေဒေသကို ချစ်ကြသူချည်းပါပဲ··။ ဒါပေမဲ့ ငါ့ဘဝပေးအခြေအနေအရ ဒီလိုပဲ ခပ်စိမ်းစိမ်း နေထိုင်ခဲ့ကြရတယ်ပဲ မဟုတ်လား။

တစ်ခါတလေမှာ ဒီဒေသနာမည်ဟာလည်း မိမိဘဝကို ကယ်မကြ တာ ရှိပါတယ်။ (မောင်လှိုင်ရီ)တွေ ဘယ်လောက်ရှိနေပါစေ။ (ရမ္မာဝတီ) ထည့်လိုက်ရင် ခွဲခြားပြီးသားဖြစ်သွားရပြီ မဟုတ်လား။ ဒီလို ဝါးမှိုဖျက်ဆီးဖို့ ကြံစည်ခံရတာ တချို့ကို အဲဒီလို ဖြေရှင်းခဲ့ရတာတွေ ရှိခဲ့ကြပါတယ်။

ဒါဟာ မိမိတစ်ယောက်တည်းမှာသာ ရှိတာ မဟုတ်ပါဘူး။ ဥက္ကလာ၊ သာကေတ

www.burmeseclassic.com

www.burmeseclassic.com



စသည်အားဖြင့် ဒါဟာ အားလုံးသူမှာ ပိုင်ဆိုင်ပြီးသား ရှိနေကြ တာပါ။ မဆန်းပါ။ ဒါကြောင့် ဆန်းတယ်လဲ မထင်ကြပါနဲ့။ အချို့တွေဆို ကိုယ်လုပ်တာကျတော့ ဒေသကိုချစ်လို့ သူများ လုပ်တာကျတော့ ဒေသစွဲကြီးလို့ သမုတ်ရင်တော့ ဒီလုပ်ရပ်ဟာ ဟုတ်ကြလိမ့်မယ် မထင်ဘူး ဆိုတာပါပဲ…။ မိမိတို့ဟာလည်း ဒီလိုပဲ ချစ်တတ်ကြ ခံစားတတ်ကြပါတယ် ဆိုတာပါ။ ချစ်တတ်သူ လူတစ်ယောက်ပါ ဆိုတာပါ…။ ဒီလောက်ပါပဲ။

ခုလဲ ထုံးစံအတိုင်းပါ။ မိမိဟာ ဒီစာစုတွေကိုလည်း အများနည်းတူ တစ်ယောက်လူမျှသာဖြစ်သူအနေပါ။ မိမိအရည်အချင်းရှိသလောက် ကြိုးစားပြီး ရေးထားတာပါ။ သာမန်လူထဲက လူတစ်ယောက်ရဲ့ ရေးသားချက် မျှသာ ဖြစ်ပါတယ်။

တချို့ မိမိရဲ့ စာစုတွေဟာ မိမိရဲ့ ဘဝပေးအခြေအနေနဲ့ မိမိ လောကထဲက အချို့အကြောင်းအရာတွေကို ခံစားရေးလိုက်မိတာ ပါပါတယ်။ စာရေးသူက ဒါကို ပုဂ္ဂလိအမြင်နဲ့ ရေးလိုတာ မဟုတ်ပါဘူး။ အများ အတွက် လောကအမြင်တစ်ခုစီအဖြစ် တင်ပြလိုရင်းသာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဖြစ်မြောက်ဖို့လည်း ကြိုးစားထားပါတယ်။ ဒါပေမဲ့ ဒီအခြေထိ ခရီးရောက် မရောက်မှာ စာရေးသူရဲ့ အရည်အချင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒါ့အတွက် ဝေဖန်ပဲ့ပြင် ကြပါလို့ တောင်းဆိုဝန်ခံမိတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေး အဆင့်အတန်း မမှီရင်တော့ ခွင့်လွှတ် ကြပါ။ မှားရင် ပြုပြင်ဝေဖန်ကြပါ။ ဝေဖန်အကြံဉာဏ်လဲ ပေးကြပါ။

မိမိဟာ ဆတ်ဆတ်ထိမခံ အရေမပါးသလို ဟိုသီချင်းတစ်ပုဒ်လို ပညာရှင်ဆရာကြီး ပညာတွေ မှိုတက်ကုန်မယ် သနော်ခံရသလို ပညာမှိုတက်ကြီးနဲ့ ဆတ်ဆတ်ထိမခံ တစ်ယောက် တော့လုံးဝထိ မဟုတ်ပါ။ မိမိဉာဏ်ရှိ သလောက်နဲ့ ဖြစ်နိုင်စွမ်းသလောက်ကိုပဲ ရသလောက် အချိန်လေးမှာ ကြိုးစားရေးသား ရင်ဖွင့်တင်ပြထားခဲ့လိုက်ရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် မှားရင် ဝေဖန်ပြုပြင် နိုင်ကြပါတယ်ခင်ဗျာ။ ဒါဟာ အားလုံး နိုးကြားတက်ကြွ မျှဝေခံစားနိုင်ကြ ပါစေဖို့ရာပါ။

ဒီအမှာကို မိမိကို ဆရာတစ်ယောက် မေတ္တာလက်ဆောင် ရေးပေးထားခဲ့တဲ့ စာစုနဲ့ ဂုဏ်ပြုရည်ညွှန်းလိုက်ပါရစေ…။

'ဝေဒနာ ငြိမ်ပါစေကြောင်း
ဆုတောင်းခြင်းမပြုလို
နာကျင်ခြင်းအား မှုမထားဘဲ
ကျော်လွှားနိုင်ကြောင်း အသည်းကောင်းလိုသည်'
ဆိုတာပါ…။ ဗမိုး (၁၁-၃-၈၅)

လေးစားစွာ
/ရွှေဝတီမောင်လှိုင်ရီ

www.burmeseclassic.com

www.burmeseclassic.com



# ၁။ လောကနှစ်လိုကြိုလင့်သူများ

'လူတိုင်းနှင့် သင့်တင့်အောင်သာ မိမိကိုယ်ကို လုပ်ရလျှင် မိမိသာလျှင် ပျက်စီးတတ်သည်'

*(ချားလ်စ်ရှစ်ဘီ)*

လူအများ အားလုံးနဲ့ ရန်မက်ဖြစ်တတ်မှုဟာ မကောင်းပါဘူး။ ဒီလိုပဲ လူအများအားလုံးနဲ့ သင့်တင့်အောင် ကြိုးစားခြင်းဟာလဲ မဖြစ်နိုင်ပါဘူး။

ဒီလို သင့်တင့်မှုမျိုးဟာလဲ ဆိုခဲ့သလိုပဲ မကောင်းနိုင်ဘူး။ မိမိပျက်စီးဖို့ပဲ ဖြစ်ပါတယ်။

လူအများနဲ့ သင့်တင့်မှု ရနိုင်ရင်တော့ လူမှာ အတိုင်းထက် အလွန် တံခွန်နဲ့ ကုက္ကား ရှင်အားလန်း အားကျစရာပါပဲ...။

ဒါပေမဲ့ ဆိုခဲ့သလိုပဲ မဖြစ်နိုင်ပါဘူး။ အဲဒီအခါ ဘာလိုလာသလဲ...။

ရပ်တည်ချက်မှန်ဖို့နဲ့ စေတနာမှန်ဖို့ လိုလာပါတယ်။

စေတနာနဲ့ ရပ်တည်ချက် မှန်တယ်ဆိုတာနဲ့ သတ္တိဆိုတာ အလိုလို ရှိပြီးသား ဖြစ်လာပါတော့တယ်။ ဒါ့အတွက် ဘာကိုမှ ကြောက်မှာ မဟုတ်တော့ပါဘူး။

မှန်တာကို လုပ်တာဘဲ...

လုပ်သင့်တာကို လုပ်တာပဲ...

အများအတွက် လုပ်တာဘဲ.. ဆိုတဲ့ လိပ်ပြာသန့်မှုတွေဟာ သူ့ကိုယ်ကို တွန်းအားပေးပြီးသား ဖြစ်နေပါတော့တယ်။

ဒါပါပဲ...။

ဒီလို လူအတွက်ကော ပတ်ဝန်းကျင်နဲ့ ရင်ဆိုင်ရာမှာ ဘာခံစားရပါသလဲ...။

တကယ်တော့ သူ့အဖို့ရာ မလွယ်ပါဘူး။ ခက်ပါတယ်။

ဒါပေမဲ့...

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်မခံစိတ်ရှိသူဟာ··
ရန်သူပေါတယ်··
မှန်ရာကို ဒဲ့ဒိုးပြောလို့··
အမုန်းခံရတယ်ဆိုရင်··
အဲဒါ··· သာဓုအဖို့ အရသာပဲ···'

*ဆရာသာဓု (သာဓု လူပါးဝတယ်)မှ*

ဘုသံမား၊ ဇွသမား၊ ကန့်လန့်သမားလို့ ပြောကြတဲ့ သူက အဲဒီလို ဖွင့်ဟထုတ်ဖော်သွားခဲ့တယ်။

ဒါဟာ သူ့လောကအမြင်ပါ။ သူ လောကကို ကြောက်လို့ လူတွေကို တုန်လှုပ်လို့ ညည်းညူပြသွားခဲ့တာ မဟုတ်ပါဘူး။

သူ့သစ္စာကို သူ မြွက်ဟရင့်ရှုသွားခဲ့တာပဲ ဖြစ်ပါတယ်။

သူ့ လူဝါးဝတယ် စာအုပ်ကို ဖတ်ကြည့်ရင် သူ့စိတ်ဟာ အထင်းသား ပေါ်နေပြီးသား ဖြစ်နေပါတော့တယ်။ သူ ဘယ်လိုလူလဲ။ အပြောနဲ့အလုပ် ကြိုးစားမှုနဲ့ ရန်းကန်လှုပ်ရှားမှု၊ ကြိုးကုပ်မှုနဲ့ အားထုတ် မှုတွေမှာ သူ့ရုပ်ပုံလွှာတို့က ထင်ဟပ်ပြီးသားပဲ ဖြစ်နေပါတော့တယ်။

လူဟာ ဟန်လုပ်လို့ မရပါ။ ဟန်လုပ်မှုဟာလဲ တာရှည်မခံပါ။ တခဏသာ ခံမှာပါ။ တကယ်လို့ ဒီလိုဟန်လုပ်မှု တာရှည်ခံနေရင်လဲ မိမိတို့အဖို့ရာ မကောင်းပါဘူး။ ဖျက်ဆီးချေချွတ်ပစ်ကြရမှာဘဲ မဟုတ်လား။

နောက်တစ်ခု ရှိပါသေးတယ်။

လူမှုဆက်ဆံရေးနယ်ပယ်မှာဘဲပေါ့···။

'လူလူချင်း ပြုမူသော ပြစ်မှုများ၌ အကြီးဆုံးသော ပြစ်မှုကား လူလူချင်းမုန်းတီးခြင်းသာ မဟုတ်သေးပေ။ လူလူချင်း လျစ်လျူရှုခြင်း မထေမဲ့မြင်ပြုခြင်းသည်သာလျှင် အကြီးဆုံးသော ပြစ်မှုဖြစ်လေသည်။ ဤအပြုအမူမျိုးကား လူမပီသခြင်း၏ အခြေအမြစ်ပင်တည်း···။

*(ဂျော့ဘားနတ်ရှော)*

နောက်တစ်ခုက···

www.burmeseclassic.com

www.burmeseclassic.com



'ရှူယဉ်ကျေးပီသသည် မစီသသည်ကို မှတ်ကျောက်တင်လိုလျှင် ငှင်းသူသည် သူ့အတွက် အသုံးမဝင်မည့် နိမ့်ကျသူများကို ရှိသေပါ၏ လားဟု ခိစစ်လေ...'

*(ဖယ်လီလစ်)*

ဒါမျိုးကို မလိုလားသူ ဗိုလ်ချုပ်အောင်ဆန်းက ၂၉-၉-၄၆ မှာ ခုလို ပြောဆိုခဲ့တယ်တဲ့...။

'ကျုပ်တို့နဲ့ ခင်ဗျားတို့ အတူတူပါပဲ..။ ကိုယ့်စည်းကမ်းနဲ့ ပြောစရာရှိ လာပြောပါ။ တိုင်စရာရှိ လာတိုင်ပါ။ တောင်းစရာရှိတာ တောင်းပါ။ အချင်းချင်း သဘောမျိုး ဆက်ဆံကြပါ။ တစ်ဦးနဲ့ တစ်ဦး သွေးကြီးနေစရာ လူတွေ မဟုတ်ပါဘူး'(တဲ့)

ကဲ.. ဘယ်လောက်ရှင်းလဲ...။

လူဟာ မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်တဲ့ သဘောလဲ သူတို့ကို ဒီထောင်းတတ်တဲ့ စရိုက်လက္ခဏာဟာ နိမ့်ကျသိမ်ဖျင်းလွန်းလှပါတယ်။

တကယ်တော့ လူဟာ ကိုယ့်ထက် နိမ့်ပါးသူကို တစ်စုံတစ်ရာ မှားပါစေ ထောက်ထားငဲ့ညှာပြီး၊ ကိုယ့်ထက်မြင့်မားသူကို ဝံ့စားအာခံ ဆဖန်ချေချွတ်ပါမှ လူသားပီသဘဝ စိတ်ဓာတ်မြင့်မြတ်ကြမှာပဲ ဖြစ်ပါတယ်။

ကြည့်ပါ။ ဆရာသာခုရဲ့ (လူ့ဝါးဝတယ်) စာအုပ်တစ်နေရာ စာမျက်နှာ(၁၇၈)မှာ မကြောက်တရားဆိုတဲ့ အခန်းမှာပါ။ သူက ဖလင်ပြတ်လို့ သက်ဆိုင်ရာက လူကြီးဆီ သွားလိုက်တယ်။ ဝန်ကြီးနဲ့ သူနဲ့ အချေအတင် ငြင်းရရင်း သာခုက စားပွဲကို လက်သီးနဲ့ထုတယ်။ ဟိုကလဲ အသံမာမာနဲ့ ပြန်ပြောရာက နောက်ဆုံး နှစ်ဦးနှစ်ဘက် နားလည်သဘော ပေါက်သွားပြီး ပြေလည်သွားခဲ့ကြတယ်။

ဒီနောက် သူနဲ့ ဝန်ကြီး တစ်ဖန်တွေ့ ပြန်တွေ့တဲ့အခန်းမှာ ဒီလို ပြန်ရေးထားတယ်။

'လာဗျာ.. ထိုင်.. ဘာသောက်မလဲ ဟု ဖော်ရွေပြီးမှ...

'စားပွဲတော့ လက်သီးနဲ့မထုနဲ့နော်..

www.burmeseclassic.com

www.burmeseclassic.com



'ဝန်ကြီးကလဲ မငေါက်နဲ့လေဗျာ..'

'ဟား.. ဟား.. ဟား.. ဟား..'

'အေးဗျာ.. ခင်ဗျားတို့ ကျွန်တော်တို့ကတော့ ရှင်းတယ်။ ပြတ်တယ်။ အဆင်ကိုပြေလို့..၊ တချို့ လာတွေ့ရမှာလဲ သိပ်ကြောက်တယ်ဗျာ။ တွေ့ပြန်တော့လဲ သူတို့ပြောချင်တဲ့စကား ထွက်မလာဘူး။ ကျွန်တော်ပြောသမျှ ဟုတ်ကဲ့.. ဟုတ်ကဲ့နဲ့...'

'ဒါကတော့ဗျာ တချို့ အရှိအသေခံချင်တာတို့ မဝံ့တဝံ့ ပြောစေချင်တာတို့ ကြောက်စေချင်တာတို့ဆိုတဲ့ ဗျူရိုကရက်တွေလဲ ရှိနေသေးတာကိုး'

'ဟာ.. ကျွန်တော်တော့ အရသာ မရှိပါဘူးဗျာ..၊ ရဲရဲလာ ရဲရဲတွေ့ ရဲရဲပြောမှ အမှန်တရားပေါ်မယ်။ ပြေလည်မယ် မဟုတ်လား'

'ဟုတ်တယ်။ အဲဒီစကား ကိုးသုံးလုံးကို ရုံးတိုင်းမှာ ချိတ်ဆွဲထားလိုက်ရင် အားလုံးပြေလည်သွားမလား မသိဘူး'

'အင်း..'တဲ့

××× ××× ×××

ဖော်လံမဖား ဝတ်မတွား စကားရဲရင့် ပြောသင့်ချိန်ခါ ပြောဝံ့တာ လုပ်သင့်ချိန်ခါ လုပ်ရဲပါမှလူပီသ လောကနှစ်လို ကြိုလိမ့်လေ...။

**** **** ****

## ၂။ ဝေဒနာကို ကြေညာရဲခြင်း

'အနုပညာရဲ့ ရည်မှန်းချက်ဟာ ခံစားချက်ကို အတွေးအဖြစ် ကြည်လင်အောင်လုပ်ဖို့၊ ပြီးတော့ အဲဒီအတွေးကို ပုံသဏ္ဍာန်တစ်ခုနဲ့ ဖော်ပြဖို့ ဖြစ်တယ်'

*(ဒီးလ်ဆာ့တ်)*

အနုပညာနဲ့ အနုပညာသည်ရဲ့ သဘောသဘာဝကို နားလည်ခံစားတတ်သူက အဲဒီလို ဖွင့်ဆိုဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ အနုပညာသည်တစ်ယောက်ရဲ့ ဝေဒနာ ဓေတနာကိုလဲ အနုပညာသည်ချင်းက ဝေဒနာပူးကပ်စွာ နားလည်ခံစားတတ်ကြပါတယ်။

နားလည်ကိုယ်ချင်းစာစိတ်တွေနဲ့ပါပဲ…။

'သူ့ကဗျာတွေဟာ ကျွန်မအမြင်မှာ လှတာလဲရှိ၊ မလှတာလဲ ခုနဲ့ဒေးပါ။ ဒါပေမဲ့ သူယုံကြည်တဲ့ကိစ္စ သူပြောချင်တဲ့ သစ္စာတရား သူခံစားနေရတဲ့ ဝေဒနာတွေကို သူဟာ ထောင့်ပေါင်းစုံကနေ စိုက်လိုက် မတ်တတ် အဆက်မပြတ် ပြောနေသူသာဖြစ်တယ်။

တချို့ တချို့ သူ့ရဲ့ ကဗျာတွေက ကျွန်မ ရေးလိုတဲ့ ကဗျာတွေနဲ့ တိုက်ဆိုင်လို့ နေတတ်ပါတယ်'

**ခင်မျိုးဦး**

***လေနှင်ငှက်တလေးရဲ့ တိုအဝေးစကြဝဠာ(ဝတ္ထု)မှ (စာ-၅)***

အဲဒီလို ဝေဒနာပူးကပ်စွာ ပြောဆိုယှဉ်ထိုးပြရင်းက ဒီလို **တစ်ခါ** ထောက်ပြလိုက်ပြန်ပါတယ်။

'သူ့လုံးချင်းဝတ္ထုဟာလဲ သူ့ကဗျာတွေရဲ့ အတွေးနဲ့ ပုံသဏ္ဌာန် အားဖြင့် ခြားနားလှမယ် မထင်ပါဘူး။ ပြည်နယ်နှစ်ခုရဲ့ ဒေသနောက်ခံ သဘာဝ အလှတွေ၊ ရေးဖွဲ့ဟန်ကလဲ တကယ့်ကို ကဗျာရှည်ကြီးတွေပါပဲ..'

***(ငှင်းစာ-၈)***

အဲဒီလို တင်စားပြီး ရင်ထဲက ခံစားတာ ပြောဆိုလိုက်ပြီးမှ ဆရာမက ကရုဏာစိတ်နဲ့…

'တစ်ခုတော့ ရှိတာပေါ့လေ..။ သူ့ဝတ္ထုမှာ သူပြောချင်တာတွေ စေတနာတဆများပြီး သူ့ဝေဒနာတွေ၊ စေတနာတွေ၊ ထွေတလာတွေ ရေးပြွမ်း ပြွတ်သိပ်နေတာကတော့ စာရေးသူတွေရဲ့ ထုံးစံလိုပါပဲ…'

***(ငှင်းစာ-၀)***

ဆရာမရဲ့ ကောက်ချက်တွေကို ထုတ်နှုတ်ပြီးတဲ့အခါ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးကျော့ရဲ့ ပြောဆိုချက်ကို သုံးသပ်နေမိပြန်ပါတယ်။ သူ့ရဲ့ တကယ့်ရင်ထဲက မျှဝေမှု ဝေဒနာကို ဖွေရှာခြင်းပဲ ဆိုပါတယ်။

(-------)လို ဝတ္ထုမျိုးတော့ တစ်ပုဒ်မှ မဖတ်ဖူးသေးဟု ပြောချင်ပါသည်။ တစ်ခေတ်တစ်ခါ တစ်ချိန်ချိန်တွင် ဤလိုဝတ္ထုမျိုးများချည်း ပေါ်ထွက်လာလေဦးမလားဟု တွေးမိ၍ တွေဝေသွားရခြင်း ဖြစ်သည်။(တဲ့)

*(ငှင်းစာ-၁)*

နောက်တော့ သူက ထပ်ဆင့်ပြီး ထင်မြင်ချက်ကို အဆုံးသတ်လိုက်ပါတယ်။

'ကေသရာဇာဆိုသည့်အတိုင်း ခြင်္သေ့သည် အမြင်၌ လှပချင်မှ လှပပေမည်။ ကျိုးချင်လည်း ကျိုးနေမည်။ ကန်းချင်လည်း ကန်းနေမည်။ သို့သော် ခြင်္သေ့ကတော့ ခြင်္သေ့ပါပဲဟု ပြောချင်ပါသည်'

အတွေးနဲ့အရေးဟာ ဒွန်တွဲလို့ နေကြတယ်။ အဲဒီနှစ်ခုကို ဆက်စပ်ဖော်ထုတ်ရတယ်။ အတွေးနဲ့ စိတ်ကူးနောက်ချည်းပါသွားရင် အနုပညာ ပျောက်ညှဲ့သွားပြီး အလင်္ကာဖြစ်သွားနိုင်တယ်။

အရေးတိုတောင်းပြီး ပြတ်လွန်းရင် မာဆတ်ဆတ်ဖြစ်သွားနိုင်တယ်။ နားဝင်မချိုနိုင်ဘူး။

တကယ်တော့ ဘယ်လိုပုံသဏ္ဌာန်နဲ့ပဲ ရေးရေး ပြောပြော လူ့ရဲ့ခွန်အားသတ္တိကို ဖွင့်ဆိုဆင့်ပွားဂုဏ်ပြုတင်စားကြရမှာဘဲ မဟုတ်ပါလား။

'လူဆိုတဲ့ စိတ်နေသဘောထားကတော့ ခက်တယ်ကွယ်။ ကိုယ့်ထက်သာ မနာလိုရယ် တချို့တလေ ရှိတတ်ကြမယ်လေ။ ကိုယ့်ဘဝကိုယ် မကျေနပ်ဘဲ ရဲရဲရင့်ရင့် စွန့်စွန့်စားစား ကြွားဝင့်အနိုင်ယူကာ အောင်ပွဲခံကြရတာလဲ ရှိတာပဲပေါ့ကွယ်။ မနာလိုစိတ်နဲ့ မခံချင်စိတ်၊ မဖြစ်မနေစိတ်နဲ့ တစ်ဘက်သားဖြစ်နေတွန်းနေတာကို မနာလိုစိတ်တွေလဲ ရှိကြတာဘဲ လူ့စိတ် သဘောဟာ မတူညီကြပါဘူးကွယ်'

'လူဆိုတာ ရုန်းကန်ကြိုးစားနေကြရတာပါပဲ..။ ရောင့်ရဲမှုဆိုတာ ကလဲ

www.burmeseclassic.com



ရောင့်ရဲသင့်တာကို မိမိဘဝပေး ကျရာဘဝအခြေအနေမှာ သမစိတ္တ မျှနိုင်ဖို့ရာရယ်၊ ရောင့်ရဲနေပျော်အောင် နေတတ်စေဖို့ရာရယ်၊ နှစ်သိမ့်တဲ့ ချွေးသိပ်တဲ့ ဆုံးမစကားရယ်ပဲ ဖြစ်ပါတယ်။

မိမိအယူအဆတွေ ခံစားချက်တွေကို ဒီလိုပဲ မပြောရမနေနိုင်သူ ပြောတတ်သူတွေက ပြောဆိုခဲ့ကြတာဘဲ…။

'ဒါကြောင့် ယဉ်ကျေးမှုအနုပညာရဲ့ ပတ်သက်လို့ အမှန်ဆုံး ပြောရမယ်ဆိုရင် အနုပညာစာပေဟာ လူ့လောကကို အမှန်တရားနဲ့ ဆက်စပ်ပေးတာသာ ဖြစ်ပါတယ်'တဲ့…။

*(သခင်မြသန်း) (ငုဝ်းစာ-၂၇၀-၂၇၁)မှ*

အဲဒီလိုပဲ ယုံယုံကြည်ကြည် ဖွင့်ဟပြောဆိုခဲ့ရှာတယ်။

'ကိုယ်နဲ့ ပိုပြီး နီးစပ်ကျွမ်းကျင်တဲ့ စာအုပ်တွေက ကျုပ်ကို ကမ္ဘာကြီးနဲ့ စည်းဝါးကိုက်အောင် ချည်နှောင်ပေးလေလေပါပဲ..။ စာပေ အာနိသင်ကြောင့် ဘဝဟာ ကျုပ်အဖို့ ပိုပြီး ထင်ရှားလာတယ်။ ပိုပြီး ထူးကဲလာတယ်'

*ဂေါ်ကီ (ငုဝ်းစာ-၂၇၈)မှ*

မိမိစိတ်ကူးရှုရှာ ဟိုခြစ်သည်ခြစ် ရေးနေမိပါတယ်။ မိမိတို့မှာ နှလုံးသားရှိကြတယ်။ နှလုံးသားချင်း ခံစားတာချင်းကတော့ အများစုဟာ တူကြမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အမှန်တရားကို ချစ်မြတ်နိုးတတ်ကြတဲ့ ရိုးသားတဲ့ စာပေသမားတွေချင်းကတော့ ကြီးငယ်မတူ နီးဝေးမရွေး ဘာသာလူမျိုးမခြား တစ်သားတည်း တူညီနေကြမှာဘဲ ဖြစ်ပါတယ်။

လောကမှာ ရောဂါဝေဒနာဆိုတာ ကောင်းတဲ့ဘာရယ်လို့ မရှိပါဘူး ဆိုတာချည်းပါပဲ။ ခံစားခံခက်ကြရတာချည်းပါပဲ…။

ဒါပေမဲ့ မိမိတို့ (အနုပညာသမား) တွေရဲ့ ခံစားတတ်တဲ့ ဝေဒနာ ထူးစက်တတ်တဲ့ ဝေဒနာ၊ တုန့်ပြန်တတ်တဲ့ ဝေဒနာ၊ နားလည်တတ်ကြတဲ့ ဝေဒနာ၊ အရိပ်ပြအကောင်ထင်တတ်ကြတဲ့ ဝေဒနာတွေဟာ အရာရာမှာ

www.burmeseclassic.com

www.burmeseclassic.com



တူမျှနေတတ်ကြတဲ့ ဝေဒနာတွေကတော့ အံ့သြစရာရယ် ထပ်တူကျလွန်း တတ်ကြပါတယ်။

ဒီဝေဒနာကို ဘယ်သူက ဆိုးတယ်ပြောမလဲ··။ ပြောချင်သလောက် ပြောကြပါစေ။ မမှုပါဘူး။ ဝေဒနာ လာချင်သလောက် လာစမ်းပါစေ။ မကြောက်ပါဘူး။ မှားမှားမှန်မှန် ဝေဒနာကို ဖွင့်အံသွန်ပြဖွင့်ချရဲတာ မိမိတို့တွေသာပါဘဲ။

ကဲ·· ဒါမျိုး သတ္တိ၊ ဒါမျိုးဇွတ္တိ၊ ဒါမျိုးလူစား ရှားမှရှားတယ် မဟုတ်လား။ တို့မျိုးတော့ ထမင်းစားရေသောက်ပါ။ ဝေဒနာတွေ လာချင် သလောက် လာစမ်းပါ။ လက်ကမ်းကြိုဆိုလျက်ပါ ဆိုတာပါပဲလေ··။

*************

# ၃။ သူတကာထက် ပါရမီဆိုတာ ဒုက္ခခံနိုင်ခြင်းပါ

'လူဆိုသည်ကား ပုံသွန်း၍ ရသောရုပ်မဟုတ်··၊
စိုက်ပျိုးယူရသော အပင်ဖြစ်လေသည်'

*(ဂါမ၀)*

အလေ့အကျင့်ပဲဖြစ်ဖြစ် အစဉ်အလာကိုပဲဖြစ်ဖြစ် လူဟာ ပြုစု ပျိုးထောင်ယူကြရတာပဲ ဖြစ်ပါတယ်။

လူဟာ တလူလူတက်နေတယ်။ တက်နေရမယ် ဆိုကြတယ် မဟုတ်လား။

အဲဒီလိုဖြစ်နေဖို့၊ တက်မနေဖို့အတွက်၊ လူဟာ ကြိုးစားရုန်းကန် နေကြရမယ်။ ကြိုးစားရုန်းကန်နေကြရတာဘဲ···။

ဒါ့အတွက် ပင်ပန်းတာ ဆင်းရဲတာ ငတ်တာ ပြတ်တာ ခက်ခဲတာ တွေဆိုတဲ့ အဆီးအတား ဆိုတာတွေ ရှိမှာဘဲ···။

ဘာဖြစ်လဲ··၊ ဒါဟာ ဓမ္မတာပဲ···။ သဘာဝပဲ···။ တစ်နည်း

www.burmeseclassic.com

www.burmeseclassic.com



ဘွန်းအားပဲ မဟုတ်လား။ ဒါကို ချေဖျက်တိုက်ခိုက်ဝါးမျိုနိုင်ဖို့ပဲ။ မိမိတို့ ကြိုးစားကြရမယ်။

လုပ်သင့်တာကို တကယ်လုပ်ရင် မဖြစ်စရာ အကြောင်းမရှိပါဘူး။ ဒါမျိုးလုပ်ဖို့အတွက် ဒီလိုထက်သန်တဲ့ စိတ်ဓာတ်၊ မဖြစ်မနေ စိတ်ဓာတ်၊ စိတ်စွဲခိုင်မြဲမြဲနိုင်ဖို့ပဲ လိုပါတယ်။

အဲဒီအခါမှာ...

'သင်မှန်ပြီးသားကို သေချာအောင်လုပ်ပါ။
ပြီးတော့ ရှေ့သို့ ဆက်လျှောက်ပါလော့...'

*(ဒေးဗစ်ကရော့ကက်)*

ဆိုတာမျိုးတွေပဲ ဖြစ်ပါတယ်။ ရပြီးသားအစကို မိမိရရ ဆွဲမြဲမြဲ ထိုက်ပါဖို့ပါပဲ။

မြဲမြဲခိုင်ခိုင် မယိမ်းမယိုင်စေဖို့ပါပဲ...။

ယိမ်းယိုင်ရင် ပန်းတိုင်ပျောက်ဆုံးသွားမှာပဲ။ ပန်းတိုင်ပျက်ပြုံး သွားမှာဘဲ ဖြစ်တယ်။

ဒါကြောင့် မဖြစ်မနေ စွဲရှိဖို့လိုတယ်။ မဖြစ်ရင် သိက္ခာကျဆင်းမယ်။ သိက္ခာဟာ လူ့အသက်ပဲ။ ကြည့်ပါ...

'သိက္ခာဖြင့်လူမဖြစ်ရလျှင် ဘာမှမဖြစ်ရခြင်းကပင် ကောင်းသေး၏'

*(အဲဗရက်တင်နီဆင်)*

ပြောပြီးသား စကားကို အကြောင်းမဲ့ မပြင်ရသလို ပေးပြီးသား ကတိကိုလည်း လူဟာ အကြောင်းအချက် မခိုင်လုံပဲ မပြင်မဖျက်ရပါဘူး။

ဒီလိုလုပ်တာဟာ ရက်ဖို့ အကောင်းဆုံးပါပဲ။ သိက္ခာအမဲ့ဆုံးပါပဲ။

ဒါကြောင့် လူဟာ တည်ကြည်လေးနက်ဖို့ လိုပါတယ်။ ဘာဘဲ ပြောပြောလုပ်လုပ် တကယ့်ကို ခွန်အားစူးစိုက်ညွှစ်ထုတ်အားသွန် လုပ်ကိုင်ရ ပိုပါတယ်။

သိတယ်မဟုတ်လား...။

'စကားကို ကျုပ်လျှောက်ပြော၍ အလုပ်ကို ပြားလော့ လုပ်သည်'

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူစားမျိုး မဖြစ်ဖို့ပါဘဲ…။

ဒါကြောင့် လူမှာ လုပ်သင့်တာကို အခြေအနေ အချိန်အခါအရ တွက်ဆပြီး လုပ်ကိုင်ကြဖို့ လိုပါတယ်။

အဓိကကတော့ ဝီရိယပဲ…

'ပြေးနေရုံသက်သက်ဖြင့် မလုံလောက်ပါ။ အချိန်မီ တာထွက်ဖို့လည်း လိုပါတယ်'

*(ပြင်သစ်စကားပုံ)*

ဆိုတာမျိုးတွေပဲ ဖြစ်ပါတယ်။ စကားပုံတွေ စာဆိုတွေဟာ လေ့လာရင် လေ့လာစရာတွေချည်းပါပဲ…။

မိမိတို့အဖို့မှာ ယူတတ်ပါရင်လဲ ယူလောက်စရာ များကြပါတယ်။

ဒါပေမဲ့ အကုန်လုံးတော့ ဘယ်ဟုတ်ပါ့မလဲ…။ ယူသင့်တာ ယူထိုက်တာတွေကိုပဲ ယူရမှာ ဖြစ်ပါတယ်။

ဒါမျိုးတွေ အလေ့အကျင့်ရှိဖို့ လိုပါတယ်။ လူနားလည်အောင် ပြောရရင် ပါရမီရှိဖို့ လိုပါတယ်။

မိမိတို့ဟာ မြတ်စွာဘုရားရှင် ဘုရားအဖြစ်ကို မရောက်မီမှာ အရိုးပြိုင်းပြိုင်းနဲ့ ဒုက္ခရစရိယာ ကျင့်နေပုံကို မြင်ပြီး စိတ်အားတက်ကြွနေမိခဲ့ပါတယ်။

စိတ်ဓာတ်မကျပါဘူး။ ကမ္ဘာလောကကြီးအတွက် အလင်းဆောင်ဖို့ ဘယ်လောက်ထိ ခွန်အားစိုက်ထုတ်လုပ်ကိုင်နေခဲ့တယ်ဆိုတာ ပြဆိုတာပဲ…။

တကယ်လဲ ဘယ်လောက်ကြီးကျယ်မြင့်မြတ်ခဲ့ပါသလဲ။ အတုလံ အတုမရှိဘဲ မဟုတ်လား။

ဒါဟာ သူမတူအောင် အလုပ်လုပ်ခဲ့လို့ပဲ၊ သူမတူအောင် ဒုက္ခဒဏ်ခံနိုင်ရည် ရှိခဲ့လို့ပါပဲ…။

တကယ်တော့ ပါရမီဆိုတာ တချို့တွေ ထင်ထားသလို ကြီးကျယ်မြင့်မားဝတ်စား ပလွှားကြွားဝါ ဇိမ်ဖစ်စားသောက်နေပြတာ နေနိုင်တာကို ဆိုလိုတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စည်းစိမ်ယစ်တာ (တနည်း) ဘူဇွာရှုစကားတွေရဲ့ ဇာရိုက်တွေထားပဲ ဖြစ်ပါတယ်။

တကယ့်ပါရမီဆိုတာ ဉာဏ်ပညာထူးချွန်တာလဲ မဟုတ်ပါဘူး။ တကယ့်ပါရမီဆိုတာ သူမတူအောင် ဒုက္ခခံနိုင်တာ အများအတွက် ဒုက္ခခံရဲတာကို ပြောတာတဲ့ ဖြစ်ပါတယ်။

ဥပမာ သူများထက် အစားဆင်းရဲခံနိုင်တယ်။ အအိပ်ဆင်းရဲခံနိုင်တယ်။ အနေဆင်းရဲခံနိုင်တယ်။ အဝတ်ဆင်းရဲခံနိုင်တယ်။ ဒီလို ခံရတာလဲ ကိုယ်ကျိုးအတွက် မဟုတ်ဘူး။ သူဟာ မိမိအတ္တအကျိုးကို ပယ်ပြီး များအကျိုး သူမတူအောင် စွမ်းဆောင်တာမျိုးကို ဆိုလိုတာပဲ ဖြစ်ပါတယ်။

ဆိုခဲ့တဲ့အတိုင်း ပါရမီဆိုတာ ဒါပါပဲ။ ဆင်းရဲပါစေ။ မမှုပါနဲ့။ ဒါပေမဲ့ လှုံ့လှန်ပါ။ တန်ပြန်ပါ။ လောကကြီးမှာ တစ်ခါတလေမှာ လူဟာ လူညံ့အနေ နေတတ်တာတွေ ရှိပါတယ် ရှိတတ်ပါတယ်။ ဘာကြောင့်လဲ ဘာမို့လဲ။

ကြည့်ပါ။ 'ကျွန်ုပ်တို့၏ လူ့အသိုင်းအဝိုင်း အခြေအနေကြောင့် ကျွန်ုပ်တို့သည် တစ်ခါတစ်ရံတွင် လူညံ့မဖြစ်ဘဲ မနေနိုင်ချေ'

*(ဗိုလ်ချုပ်အောင်ဆန်း ရေး)*

ဆိုတာမျိုးတွေ ကြုံကောင်းကြုံမယ်။ ဖြတ်ကျော်လွှားပစ်ပါ။ ကြိုးစားပါ။ ရုန်းကန်ပါ။ အောက်ခြေက ဘဝကို စတင်ပါ။ ရှက်စရာ မလိုပါဘူး။

ဒါကို ပိုပြီး ကျောရိုးခိုင်မာတယ် မှတ်ထင်ပါ။ ဆင်းရဲပါစေ။ ပြတ်ပါစေ။ မရှက်ပါနဲ့။ ဖြတ်လမ်းနည်းနဲ့ ထွက်ပေါက်မရှာပါနဲ့။ ညည်းခံ လှမ်းတက်ပါ။ လောကကြီးက ပထမ သင့်ကို ငြင်းပယ် ပယ်ထုတ်မယ်။ သင်က ကြိုးစားဆုပ်ကိုင်လိုက်မိရင် နောက်လက်မခံ လဲ လက်ခံရမယ်။ ပြီး.. သင့်လက်ထဲ သူရောက်လာမယ်။ သင်ဆုပ်ကိုင်ရင် မဖြစ်ဘူး။ သူပြုတ်ကျမယ် ဖြစ်လာမယ်။ အတွေ့အကြုံဆည်းပူး ဘဝ ခွဲမြဲကြံ့ခိုင်ရင် ရပ်တည်အောင်ပွဲခံနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အရှုံးခံရင်ဆိုင်ရင် တစ်နေ့ အမြတ်ပေါ်မှာဘဲ၊ အနိုင်ခံ စပြီး အနိုင်နဲ့ ပိုင်းသွားနိုင်တယ်ဆိုတာ ရေရှည်မှာ မရှိနိုင်ပါဘူး။

ဖြတ်လမ်းနဲ့ ခဏ အသာစီး ကမ်းရယူမှုနည်းလမ်းဟာ ခဏတာမျှ သာပဲ ဖြစ်ပါတယ်။ မမြဲပါ…။

ဒါကြောင့် အချိန်မတိုင်မီမှာ အရှုံးကို မကြောက်ပါနဲ့။ အနိမ့်ကို မကြောက်ပါနဲ့။ အနိမ့်ဆိုတာ အမြင့်ကိုတက်ဖို့ ကြိုးစားစေဖို့ လမ်းဖွင့် စိန်ခေါ်နေတာဘဲ မဟုတ်ပါလားဗျာ…။

'ထမြောက်အောင်မြင်မှုရဲ့ ပထမအခြေခံဟာ ခံယူမှုစိတ်ဓာတ်ပဲ စတင်ယုံကြည်တာနဲ့ တစ်ပြိုင်နက် အောင်မြင်မှုဟာ စတာပါပဲ'

*(စီရော့ဘတ်စ်)*

'ပုဆိန်ချက် သေးသေးလေးတွေကြောင့် ဝက်သစ်ချပင်ကြီး လဲရပါတယ်' ဒါပါပဲ။ ပါရမီဆိုတာ သိကြတဲ့အတိုင်း သူမတူအောင် ဒုက္ခခံနိုင်တာပါ။ အားစမ်းတာပါ။ မိမိတို့ ရှန်းကန်စံတင် အနိုင်ယူကြဖို့ပါပဲ…။

**** **** ****

# ၄။ အတိုင်နွားတွေအတွက်တာ ခံစားလွှာ ကြေညာချက်

ကျေးလက်တွင် နှစ်အတန်ကြာနေခဲ့စဉ်က နွားများကို နေ့စဉ်နေ့တိုင်း ကျွန်တော်မြင်ခဲ့ဖူးပါသည်။ သို့တိုင်အောင် ယခုထက်ထိ ကျွန်တော့် မျက်စိထဲ တွင် စွဲနေသည့်အရာမှာ နွား၏ ကြီးမားသော မျက်လုံးဝိုင်းကြီးများ ဖြစ်ပါ သည်။ ဆောင်းရာသီတွင် နေရောင်ရရန် အလို့ငှာ နွားများကို ဝင်းဝတွင် ချည်ထားတတ်ကြပါသည်။ နွားကြီးသည် မြေကြီးပေါ်တွင် ဝပ်ကာငြိမ့်ပြန် နေတတ်ကြပါသည်။ ထိုအခါတွင် လုပ်ငန်းခွင်ရာဦးတွန်းက ထက်စင်နွားကြီး၏ မျက်လုံးများသည် ကြီးမားပြူးကျယ်၍ နေတတ်ပါသည်။ နွားကြီး၏ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် အဖြူရောင်တွေ အများကြီးပါသဖြင့် ကြည့်လျှင် ကြောက်စရာအရောင် ကျနေပါသည်။

ကြောက်စရာအရောင်ဟု ကျွန်တော်ပြောခြင်းမှာ အခြားကြောင့် ဟုတ်။ မျက်လုံးထဲတွင် သွေးကြောကြီးတွေ ယှက်သန်းနေသောကြောင့် ဖြစ်ပါသည်။ ဤသို့ အရောင်နှစ်မျိုးပေါင်းစပ်နေခြင်းသည် အလောင်း အစလောင်း၏ တိတ်ဆိတ်မှုနှင့် အပူသယ်၏ ငိုသံတို့ ပေါင်းစပ်နေပုံနှင့် တူသည်ဟု ကျွန်တော့်စိတ်ထဲတွင် ထင်မိပါသည်။ နွား၏ မျက်လုံးသည် အလွန်ကြီးပြီး နွားကြီးအနီးမှ ဖြတ်သွားတိုင်း ကျွန်တော့်ကို စိုက်ကြည့်နေသည့် နွားကြီး၏ ကြီးမားသော မျက်လုံးများကို ကျွန်တော် သတိပြုမိပါသည်။ သူစိုက်၍ ကြည့်နေပုံမှာ ချက်ချင်းထလာပြီး ကျွန်တော့်ကို ဝင်ဂှေ့တော့မည့်ပုံမျိုး ဖြစ်ပါသည်။ သူ့မျက်လုံးများယဲတွင် မလိုမုန်းတီးသည့်သဘော ဆောင်နေသည် ဟုဝင် ကျွန်တော်ထင်မိပါသည်။ သူ ကျွန်တော့်အား စိုက်ကြည့်နေသည်ကို သိသဖြင့် သူ့အနားမှ ဖြတ်သွားလျှင် ခပ်ဝေးဝေးမှသာ ကျွန်တော်သွားလေ့ ရှိပါသည်။

သူထ၍ လာမည်လားဟုလည်း မကြာမကြာ လှမ်းကြည့်မိတတ် ပါသည်။ သို့ရာတွင် ကြည့်လိုက်တိုင်း ငေးတေးတေးဖြင့် စိုက်ကြည့် နေတတ် သည်ကိုသာ မြင်ရပါသည်။ **သို့တိုင်အောင် သူ့မျက်စိထဲတွင် ကြည့်သူတို့အား နှစ်သိမ့်မှုကို ပေးနိုင်သော အစွမ်းသတ္တိ တစ်မျိုးရှိသည်ဟု ကျွန်တော်ထင်နေ ပါသည်။**

***ဆရာမြသန်းတင့် (မြန်မာပြန်)***

***နိုင်ငံတကာရသစာတမ်းငယ်များ (စာ-၁၀၆-၁၀၇) (နွား)မှ***

မိမိဟာ အကြောင်းအရာတစ်ခုကို တိုက်ရိုက်မရေးလိုဘဲ တင်စားပြီး ရေးမယ်ကြံစည်လိုက်မိပါတယ်။

တစ်ခါတစ်ခါ ရေးတတ်သူတွေ ရေးရင် ဒါမျိုးက အလင်္ကာမြောက် ပြီး ဖတ်လို့တွေးလို့ ကောင်းကြတယ် မဟုတ်လား။

မိမိကတော့ ဒီလိုမျိုးထိ မမှန်းရဲပါဘူး။ အမှန်ဝန်ခံရရင် (ခုလိုသတ္တိ

www.burmeseclassic.com

www.burmeseclassic.com



မွေးဖို့ရေးနေတဲ့ စာတစ်အုပ်မှာ) မိမိသတ္တိနည်းမိလို့သာ ရေးနေရတာ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လဲ မိမိသတ္တိမနည်းပါဘူး။ မိမိအားမွေးဆက်ရေးသွားပါ့မယ်။

ဘာကြောင့်ဆို အထက်က ဖော်ပြခဲ့တဲ့စာစုရဲ့ ဆွဲဆောင်မှုနဲ့ အလက်ာမြောက်မှုကို တွေ့လိုက်ရတဲ့အခါ မိမိရဲ့တင်စားရေလိုချက်ကို ခပ်သွက်သွက်ရေးဖြစ်သွားဖို့ ချက်ချင်းပဲ အားဆေးထိုးပေးလိုက်သလို ဖြစ်သွားခဲ့ပါတော့တယ်။

ဒါပေမဲ့ မိမိဟာ ရေးသာရေးရမယ်။ သိပ်ပြီးတော့ မိမိဟာ ဒါမျိုးကို ကျွမ်းဝင်မှုတော့ သိပ်မရှိခဲ့ပါဘူး။

ဒီအတူ ကျေးလက်နဲ့လဲ အလှမ်းဝေးခဲ့ရတာ ကြာခဲ့ပြီလဲပဲ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ဒီအကြောင်းအရာနဲ့ ဝေဒနာကို တနုံ့နုံ့နဲ့ ခံစားထင်မြင်တွေးဆကာ ဒါကိုပဲ ရေးလိုစိတ် ဖြစ်ပေါ်နေမိခဲ့ပါတော့တယ်။

ဒါကတော့ နွားရဲ့ ရုပ်ပုံလွှာ (ဒါထက်မက) တံပိုးဗယ်ဘက် ထဲက အတိုင်နွားရဲ့ ရုပ်ပုံလွှာ ဘဝကိုပါပဲ…။

မိမိတို့ရဲ့ ကြုံခဲ့ရတဲ့ ဒေသမှာ လယ်ထွန်တဲ့အခါမှာ နွားနှစ်ကောင်နဲ့ပဲ ထွန်ကြပါတယ်။ အတိုင်တစ်ကောင် အဖောက်တစ်ကောင်လို့လဲ ဒေသမှာ ခေါ်ကြသံ ကြားဖူးပါတယ်။

အတိုင်ဆိုတာက တံပိုးဗယ်ဘက်ကနေပြီး ထွန်ယက်သူသွားစေလိုရာကို ထိန်းကျောင်းလိုက်နာရသူ(ပွဲထိမ်း)ပါပဲ…။

အဖောက်နွားဆိုတာကတော့ တော်ရုံသင့်ရုံဆိုရင်လဲ ထည့်သုံးလို့ဖြစ်တာပဲ…။ ထွန်တာကို ကောင်းကောင်း မလိုက်နာချင် ခုန်ကနေရင်လဲ အတိုင်နွားရဲ့ ထိန်းသိမ်းလျှောက်လှမ်းမှု ပရိယာယ်ဝေဝုစ်ထဲမှာ သူဟာ လိုက်ပါရွေ့လျားနေရတော့တာလဲပဲ ဖြစ်ပါတယ်။

တခြား အသက်ရင့်လာလို့ လယ်ထွန်ကျင့်ရမယ့် နွားတွေကိုဆိုလဲ ဒီလိုပဲ စိတ်ချရတဲ့ အတိုင်နွားနဲ့ပဲ ပွဲပြင်ထိန်းကျောင်း လက်တွဲကျပ်မတ်လုပ်ဆောင်သင်ယူသွားကြရတယ်ပဲ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ (သတ္တုဝါတွေအတိုင်းပါပဲ) တချို့က မြန်မြန်လက်ကျွယ်တယ်။ တချို့က အတော့်ကို လုပ်ယူမှရတယ်။ တချို့က ဘယ်လိုမှနိုင်အောင် သင်ယူလို့ မရတာကြောင့် (အမဲပေါ်ပစ်မယ့်သူ) ဆီ အထိ ပို့ရတာမျိုးတွေထိ ရှိတတ်တယ်ဆိုတာလဲ သိခဲ့ရပါတယ်။

အဓိကကဲကတော့ အဲဒါပါပဲ…။

တံပိုးတတ်ရုန်းကြတဲ့အခါ အတိုင်နွားဟာ အဓိကပါပဲ‥။ လည်းခွဲတာပဲဖြစ်ဖြစ်၊ လယ်ထွန်ထယ်ထိုးတာဘဲဖြစ်ဖြစ်၊ စိုက်ခင်း ပျိုးခင်းချွန်ယက်တဲ့အခါမျိုးမှာပဲဖြစ်ဖြစ်၊ တလင်းနယ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ အတိုင်နွားဟာ အခရာပဲ ဖြစ်ပါတယ်။

ဆိုခဲ့သလိုပဲ တော်ရုံနွားဟာ အတိုင်နွားမဖြစ်နိုင်ပါဘူး။ တချို့ မလွဲသာလို့ အသုံးသုံးရတဲ့အခါ ရှိပေမယ့်လဲ မရှိသုံးဆိုတဲ့အတိုင်း ယာယီသုံးပါပဲ…။

သုံးသူကလဲ စိတ်တိုင်းမကျ၊ လုပ်ငန်းကလဲ တွင်ကျယ်မှုနည်း၊ ခိုင်းသူ (ထယ်ရိုးကိုင်သူ)လဲ စိတ်တိုင်းမကျ၊ စိတ်သာပိုမောရတယ်ပဲ မဟုတ်လား။

ဒီလို စိတ်ချရတဲ့ အတိုင်နွားကောင်းရင် နွားနောက်လိုက်ထမ်းကိုင်သူက အိပ်ငိုက်လိုက်ပါလို့ရတယ်တောင် ဆိုကြတယ်။

ဟုတ်ပါတယ်။ အဲဒီလို အေးချမ်းသာယာတဲ့ သဘာဝရှုခင်း ရှုကွက်တွေကြားက မြူးတူးပေါ့ပါးလှတဲ့ သီချင်းသံအချို့တွေ ကြားခဲ့ရတာ မှိမှိမှတ်မိလို့ နေပါသေးတယ်။

ဒီလိုလုပ်ငန်းမှာ စိတ်တိုင်းကျရင်းက ရင်တွင်းကြည်သာ ရင့်ရှူထွက်ပေါ်လာတဲ့ သံသာတေးတွေပဲ ဖြစ်ကြပါတယ်။ သူ့အသံ သူ့ဟန်ပန်သူ့ဓလေ့ သူ့ဘာသာ ညီညာမျှတနေတဲ့အခါ ပီတိသာယာနာပျော်ဖွယ်ရာအတိနိုင်လှတယ် ထင်ရတယ်လေ…။

ဒါဟာ ဝန်းကျင်တစ်ခွင်တပြင် အမြင်မှာပဲ ဆိုပါတော့…။

ဒါကို အပေါ်ယံရှုမှန်ကြဲ အထဲက နောက်ခြေနဲ့ ဥပမာနဲ့

www.burmeseclassic.com

www.burmeseclassic.com



တင်စားလို့လဲ ရပါတယ်။ ဒါဟာ ဒီဇာတ်လမ်းမှာ အဓိက ပါဝင်ကြပြနေရတဲ့ အတိုင်နွှားဖက်က တွေးဆကြည့်မိကြလို့သာပဲ ဖြစ်ပါတယ်။

အတိုင်နွှားဖြစ်တွေ၊ တွေးနေသိနေမိလို့ပါပဲလေ…။ ဘဝတွေ… ဟုတ်ပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော လုပ်လုပ်၊ သူက လှုပ်လို့မရဘူး။ ဘယ်သူ ရုန်းရုန်းကန်ကန် သူ့လိုက်ကန်လို့ မရဘူး။

သူ့နောက်က ရွှေကြိမ်လုံးရှင်သခင် လူသားကလဲ သူ့တင်ပါးကိုပဲ မနေမနား ရိုက်ဆော်ရင်း ကြိမ်းမောင်းမာန်မဲလို့ရယ်နေတယ်လေ…။

ကြိမ်လုံးနဲ့တို့ ချော့မြူ မြှောက်ပင့်တာမျိုးကတော့ ဆယ်ခါရံလောက် ရိုက်ပြီးမှ တစ်ခါရံလောက် မြှောက်ပင့်တတ်တာမျိုးပါပဲ…။

လိုတစ်မျိုး မလိုတစ်မျိုးပါ။ ဘာဘဲဖြစ်ဖြစ် စိတ်တိုင်းကျ ခိုင်းနေတာကတော့ ခိုင်းနေတာပါပဲ…။

(သခင်)ခိုင်းသူ သူ့အလိုကျဖို့အတွက် တစ်စက်ကလေးမှ မလျှော့ပါဘူး။ မပေါ့ပါဘူး။ သူ(အခိုင်းခံရသူ)ခမျာမှာတော့ ကောင်းတဲ့နွှား လယ်နှိပ်ထွန်(လယ်ထိထွန်)ရခိုင်ဆို စကားပမာ ကောင်းလေခိုင်းလေပါပဲ။

ကြည့်ပါ။ အတိုင်နွှားမှာ တစ်ဖက်ကောင်နွှားကိုလဲ ထိန်းရတယ်။ သူ့လမ်း တည့်အောင်မတ်အောင် လှည့်အောင်ပတ်အောင် ခေါက်အောင် ပြန်အောင် လုပ်ဆောင်ခိုင်းသမျှ တရုံမလပ် တရစပ် အဆင်ပြေဖို့ရယ် ခိုင်းစေတာခံ တာဝန်ကျေပွန်နေရပါတော့တယ်လေ…။

ဘယ့်နှယ်လဲ အတိုင်နွှားဘဝ၊ အားကျမိကြရဲ့လား။

ခံစားပေါ်လွင်မိကြရဲ့လား…။

မိမိတို့တွေများရဲ့ ဘဝတာမှာ ဆိုပါတော့…။

'မိမိကိုယ်ကို သူတစ်ပါး ကိုယ်အဖြစ် ဘယ်အခါမှ မကျရောက်ထိုက်ပေ…'

*(ဒေါင်းနှင်း)*

ဟုတ်တယ်။ ဒါပေမဲ့ အတိုင်နွှားဖြစ်တွေ ဘယ့်နှယ်လုပ်ရလေမလဲ။

www.burmeseclassic.com

www.burmeseclassic.com



...ရဲ့ တံဖိုးဆွဲကာ ဘဝတာမှာ တာဝန်ကျေသထက်ကျေအောင် လျှောက်ရှံသာ ...တ်ပို့ရှံသာ ရှိတော့တာပဲ ဟုတ်ကြပါရဲ့လားဗျာ ဆိုတာပါ...။

ဒါပေမဲ့ ဝမ်းနည်းအားငယ်စရာ မလိုပါဘူး။ မိမိတို့ဘဝတာမှာ တာဝန် ...ရှုန်ရတာ၊ သတ္တိရှိရတာ၊ ဘဝအနစ်နာခံရတာ ဆိုတဲ့ ဘဝပေးတာဝန်ကို ...ရှုန် ရဲရင့်ခံယူတတ်တာကို ပမာပြုဆိုထင်ဟပ်နေတယ်ပဲ မှတ်ထင်လိုက်ပါ။

လောကအတိုင်း နွားဘဝ၊ ဘဝအတိုင်းနွား အားထားယုံစားရသူ၊ ...ာကစံနမူနာတွေဆိုတာ မှတ်ထင်ခံစားကြွားဝင့် ခေါင်းမော့ပြလိုက်ကြစမ်းပါ။

ဒီလိုဘဝ ကြုံကြိုက်ရတဲ့အခါမှာပဲပေါ့(နော့)...။

**** **** ****

# ၅။ မိမိတို့ကိုယ်ကို ခိုလား ကျီးလား ဆုံးဖြတ်ထား

'မယ်ဇလီပင့်ပို့အောက်..
ပေါက်လာတဲ့ရွှေတမာ
ခါးချက်ကနှာ..
ရေစီးရယ်တစ်ခါ.. ရေသာရယ်တစ်လှည့်..
သူများလို တို့မရိုင်းတယ်..
တိုင်းသိပါရဲ့....'

မိမိအပါအဝင် လူတိုင်းကြိုက်နှစ်သက်ကြတဲ့ ကဗျာလေးပဲ ဖြစ်ပါတယ်။ စာရိတ္တမကောင်းသူကို ရည်ညွှန်းဖွဲ့ဆိုထားတယ်။ ဒါပေမဲ့ ...သူထိုက်နဲ့သူ ရှိပါစေ...။ မိမိတို့ဟာ ဒါမျိုးအစားထဲက မဟုတ်ဖူးရယ် လို့ ...နဲ့ခေါ်ထားချက်ပဲ ဖြစ်ပါတယ်။

'ဒီနေ့ဒီရက်မှာ..
နေထွက်ရာအရပ်ဆီ.. ရောင်နီတက်ခဲ့ပြီ..

www.burmeseclassic.com

www.burmeseclassic.com



ယာမရွေ့မှာသည် မနက်ဖြန်··
ဒီနေ့အဖို့တော့ ပစ္စုပ္ပန်
တိုင်းနိုင်ငံတခွင်မှာ··
တည်ထွင်ရာလမ်းတစ်တလျှောက်ရဲ့··
ဒီကမ္ဘာ လှမ်းလာပြီးတဲ့အခါ··
သံသာချိုတေး ဟစ်ကြွေးကြ··
ဘဝသစ်မွေးဖွားတဲ့·· ကမ္ဘာတေးကဗျာ··
အရှည်ကြာဖွင့်···"

*(ခင်မွှေဦး)*

**အာရုံရဲ့ လန်းသစ်မှုကို လှစ်ဟရင့်ရှုလိုက်တာပဲ ဖြစ်ပါလိမ့်မယ်။**

**ညည်ညာညာစ်ထေးမနေဘဲ သစ်လွင်နုမျစ်ရေးကို ဆိုတေးလှစ်ကျူး လိုက်တာဘဲ ဖြစ်ပါလိမ့်မယ်။**

**ကဗျာဟာ ကဗျာပါပဲ···။** သိပ်လဲ အနက်ပြန်လို့လဲ မရပါဘူး။ ရင်ထဲနှလုံးသားနဲ့၊ အတွေးဦးနှောက်နဲ့ ဆက်စပ်ခံစားနားလည် တတ်သိကြရ တာဘဲ မဟုတ်လား···။

အဲဒီကမ္ဘာ လောကကြီးမှာ လူဖြစ်လာကြရတဲ့ မိမိတို့တွေဟာ လောက ကြီးကို အကောင်းဘက်က ရှုမြင်ပြီး အကောင်းဘက်သို့ ဦးတည်ပြုပြင်ကြဖို့ သာပဲ ဖြစ်ပါတယ်။

ဒီအထဲမှာ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမယ်ဆိုတာကို ဝတ္ထုတိုတစ်ပုဒ်မှာ အနက်ဖွင့်ထားသလို ကိုယ်တစ်ကိုယ်တည်းကောင်းစား ဖို့ လိပ်လိုယက်နေတာမျိုး၊ မိမိတို့အုပ်စု အဖွဲ့ဖွဲ့ လက်ဝါးရိုက် လုပ်နေကြတာကို ဆိုလိုတာမျိုး မဟုတ်ပါဘူး။

တကယ့် အများအကျိုးသယ်ပိုးတာကို ဆိုလိုတာပဲ ဖြစ်ပါတယ်။

အများစုဟာ ရလေလိုလေ အိုတဏှာတွေ များကြပါတယ်။ အထူး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိမိတို့ရဲ့ အနုပညာစာပေ နယ်ပယ်မှာပါပဲ…။ သိပ်နာမည်ကြီးချင်ကြတယ်။ တစ်ခုပြီး တစ်ခု နာမည်ပွားချင်ကြတယ်။ နာမည်လေးတစ်ခုရပြီးရင် ဥပမာ ပန်းချီ(ရုပ်ပြ)မှာ နာမည်ရလာရင် ဝတ္ထုနာမည်ပါခံချင်လာတယ်။ မူလစာရေးဆရာကို ဖျောက်ဖျက်ဝါးမျိုးဖို့ ကြိုးစားလာတယ်။ (ဒါမှမဟုတ်) စုန်ကန်ထားခဲ့တယ်။

ဒီလိုပဲ တချို့ အကုန်လျှောက်လုပ်ကြတော့တာဘဲ‥။ ငွေရရင်၊ ပြီး‥ ငွေပေးနိုင်ရင်၊ တချို့မှာ ဘာမဆိုလုပ်လို့ဖြစ်တာလဲ လူတိုင်းသိကြမှာပါ။ မိမိဝါသနာ ပါလို့ (ဒါမှမဟုတ်) ပိုးရှိလို့၊ အရူးထလို့ကတော့ လုပ်ချင်တိုင်းလုပ်ပါ ဖြစ်ပါတယ်။

ဒါပေမဲ့လို့ မကောင်းတာက သူများဓာတ်လမ်း ခိုးချပြီး မိမိနာမည်တတ်ထုတ်တာတို့ ဘာတို့တွေ၊ ပြီး ငွေမရှာမပလွှားတဲ့ အဲဒီပညာသည်အပေါ်မှာ သူခိုးက လူလုပ်ပြီး စော်ကားမော်ကားပြုတာတွေ၊ ပြီး လူပြိန်းကြိုက်ပိုစတာနာမည်လောက်နဲ့ အနှစ်သာရ အရ ထူထောင်ထားသူကို ဘက်ပြန်တိုက်ခိုက်လာတာ မျိုးထိကျတော့ မကောင်းကြတော့တာတွေ၊ မျက်စိနောက်စရာတွေထိတွေ့ခဲ့ရတယ်။

တချို့က ဒါထက်မက တပည့်လူမိုက်မွေးပြီး ဒီလို ခေါင်းပုံဖြတ်အမြတ်ဖို့နိုင်းစေ၊ အလုပ်လုပ်စေ၊ အုပ်စုဖွဲ့ ကြိုးစားနေကြတာတွေလဲတွေ့ရတယ်။ ဥပမာ စာရေးဆရာဆီက ဓာတ်လမ်းဝယ်တယ်။ တကယ်တမ်းကျတော့ သူတို့က ဓာတ်လမ်းမရေးတတ်ဘူး။ ဒါပေမဲ့ ရေးသူကို နာမည်မပေးချင်တဲ့အပြင် မဖြစ်လောက်တဲ့ ဉာဏ်ပူဇော်ခပါ မပေးချင်ဘဲ မဖြစ်စလောက်ပေးလုပ်တာတွေလဲ တွေ့ခဲ့ရတယ်။

ဒါဟာ ကျော့တာလား‥၊ ညစ်တာလား‥၊ တမင် ဒီစရိုက်မျိုး ရှိထားတာလား‥၊ တကယ်က ဒေါသဖြစ်စရာတွေပါပဲ…။

ဒါမျိုးတွေ တကယ်ဖြစ်လာတဲ့အခါ သူတို့တွေချင်းမှာ တပည့်မထား၊

www.burmeseclassic.com

www.burmeseclassic.com



ပြီး‥ ဆရာတွေမရှိတော့ဘဲ တစ်ကျိတ်တည်း တစ်ကြံတည်းနဲ့ လွှဲဖယ်ရှောင်ကွင်း ဝိနည်းရှောင် အရှုးလုပ်ပစ်တာကို တွေ့ကြရတယ်။ တွေ့တော့လဲ ဟိုလူ့ဒီလူ့ လက်ညှိုးထိုးအပြစ်လုပ်နေကြတော့တယ်။

တကယ်တော့ မထူးပါဘူး။ တစ်နေရာမှာတော့ သူတို့ချင်း အခင်အမင်မပျက်၊ လက်တွဲမပျက်နဲ့ပါ။ ဒါမျိုးစိတ်ဓာတ်ရှိသူ၊ ဒါမျိုး ကျင့်ကြံနေသူတွေ၊ အရေရုံကလိမ်ခြုံသမားတွေ၊ သွေးစည်းညီညွတ် လုပ်ကြံဝိုင်းညစ်ပတ်မှုတွေ၊ ဒါတွေဟာ မတော်တဆ မဟုတ်ကြပါဘူး။ ဖော်မြူလာနဲ့ အကွက်ချလုပ်ကိုင်နေကြတာပါ။ အံ့သြတုန်လှုပ်စရာ၊ ရှက်စရာအတိပါပဲ‥‥။ ဘာအနုပညာ ဆရာတွေလဲ‥။ ခက်ပဲ ခက်ရချည်ရဲ့‥‥။

ဒါပေမဲ့လဲ သူတို့ကမှ တကယ့်အနုပညာရှင်ကြီးတွေပမာပါ။ ရှာမှရှားသူ ဘုရင်တစ်ဆူတွေပမာ လုပ်နေကြပါတော့တယ်လေ‥‥။

တစ်ခါတစ်ခါမှာ ဒါကိုပဲ အနုပညာနယ်မှာ ဒလံလုပ်ကာ ကယ်တင်ရှင်က စောင်မခြင်းလိမ်ညာလုပ်တာတွေလည်း ရှိတတ်ကြပါတယ်။

သူတို့က သိပ်ကို အကူအညီပေးချင်တယ်။ မိမိကို လေးစားလွန်းလို့ မိမိကို မြေတောင်မြှောက်ပေးချင်တယ်။ ဘာညာဆိုတာမျိုးတွေပဲ ဖြစ်ပါတယ်။

တကယ်တမ်းကျတော့ ဘာမှ မဟုတ်ပါဘူး။ စိတ်ပျက်စရာတွေပါ။ ဥပမာ စာအုပ်မရမနေ ကောင်းတယ်။ ရတာနဲ့ ဖတ်တောင် မဖတ်ဘဲ ကြုံရာရောင်းစားပစ်တယ်။ ပြီး‥ မကောင်းပြောတယ်။

ဒီလိုပဲ စာအုပ်ထုတ်ခဲ့တယ်။ သူ့မှာ မိတ်ဆွေတွေရှိတယ်။ တချို့နယ်က အားလုံးက ရောင်းပေးမယ် ပြောတယ်။ တကယ့်စေတနာ ဗရုပ္ပဟာန်နဲ့ ယူသွားမယ် ယူသွားတယ်။

ဒီနောက်တော့ လူပါ ပျောက်သွားတော့တာဘဲ။ ရှောင်ချင်ရှောင်နေမယ်။ ပြီး‥ ကြာတော့ မိမိကို ရန်လုပ်လာတယ်။ ပြီး ခင်ရာက တကယ့်မနိုင်မပြောနိုင်တဲ့အထိ ဖြစ်လာကြရတော့တယ်။

အံ့သြစရာကောင်းတာက သူတို့တွေက ဒီနယ်က ထွက်ခွာလဲ မသွား

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး။ ခဏတဖြုတ် တခြားမှာ အခြေအနေကောင်းလို့ ထွက်သွားရင် ဆောင်မှဘဲ တခြားနယ်မှာ စားပေါက်မရှောင် မကောင်းခဲ့တော့ရင် ဒီနယ်ကိုပဲ ပြန်လာလိုက်တော့တာဘဲလေ…။

မျက်နှာပြောင်တယ်။ အကြောင်ရိုက်တယ်။ မခံချင်ပဲ ထပ်လို့လုပ်မိခဲ့ရင်လဲ ဒီထက်ဒီရှုန်ပွဲတွေ ဆက်ဖြစ်နိုင်တယ်။ ဒါထက် ထပ်ဆိုးသေးတာက သူတို့တွေချင်းတွေ တစ်ကျိတ်တည်း တစ်ကြံတည်းသမားတွေ၊ အင်အားထုထည်တွေ ရှိနေတတ်ကြတယ်။ တကုယ်ကို ကြောက်စရာ၊ ကျောချမ်းစရာ အပြုအမူအမျိုးကြီးတွေနဲ့ပါ။ ဒေါသတွေ ဖြစ်ရတယ်။

ဒါတွေကို ဘယ်လိုလုပ်ရမလဲ တွေးရင်းစိတ်ဓာ ဒေါသဖြစ်ရတယ်။

**'စာပေ'**

စာပေသမားများထဲမှ သူတို့၏ အသက်မွေးဝမ်းကြောင်းအတွက်နှင့် ဂုဏ်ငယ်သည်ဟု ထင်ရှိသူတစ်ယောက်တစ်လေမှ ကျွန်ုပ်မတွေ့သေးပါ။

*(သဗ္ဗရေး)*

အဲဒီလို ဆိုထားရှိခဲ့ပါတယ်။

ခု… မိမိတို့တွေ ဂုဏ်ငယ်နေကြရတယ်။ ဆရာမောင်သာရက ဘိုအစောကြီးကတည်းက စာရေးဆရာ အလုပ်ဟာ ရှက်ဖို့အကောင်းဆုံး အလုပ်ဖြစ်နေတာ ဖွင့်ဟပြောဆိုခဲ့တယ်။

ခုလည်း မိမိတို့ (အနုပညာစာပေ) အဝန်းအဝိုင်းဟာလည်း ဒီလိုပဲ ဖြစ်နေကြတော့တယ် ဆိုရမလားဘဲ…။ ဒါပေမဲ့ ထုံးစံအတိုင်း အားလုံးတော့ ဟုတ်ပါဘူး။ တချို့ဖြစ်နေတာ၊ မိမိတွေ့နေကြုံနေရတာတွေပါ။

ကဗျာတစ်ပုဒ်မှာပါ…။

အဲဒါတွေနဲ့ ပတ်သက်ပြီး ဆရာနေသွေးနီနဲ့ 'သူငယ်ချင်းသို့' တဲ့ ခေါင်းစဉ်ခြင်စရာ ခုလို ရေးထားခဲ့ပါတယ်။ (ဟုတ်ကဲ့) ဆုံးမထားတယ် ဆိုပါတော့…။

www.burmeseclassic.com

www.burmeseclassic.com



❖ 'သာရတုန်းက
ကျွေးအောင်က အကကောင်းမှ··
သူငယ်ချင်း··။
❖ ဆိုရတုန်းဆို··
ဟစ်ပြီးဆို အဆိုတော်မှ·· သူငယ်ချင်း··။
❖ တီးရတုန်းတီး··
သံကုန်တီး·· အတီးနိုင်မှသူငယ်ချင်း··။
❖ အတတ်ပညာ··
မစုံပါပဲ·· ရောညာကောင်းတုန်း··
တပြုံးပြုံး ဖြုန်းကနဲဆို··
ဇာတ်စင်ပြို ကြောက်လို့မကျ··
ခွေးလိုကျ··
ကမ္ဘသကာပဲ သူငယ်ချင်း··'

အမျိုးပါပဲ···။ ဒါကြောင့်···

ဒါကို စိတ်ပျက်ရမလား၊ လိုက်တုရမလားဘဲ။ မိမိတို့ စိတ်ပျက်စရာ မရှိပါ။ လိုက်တုစရာ မလိုပါ။ မိမိအလုပ် မိမိဆက်လုပ်သွားဖို့ပါပဲ··။

ဆရာ ကဗျာလိုပဲ အချိန်တန် ရှင်းသွားမှာပဲပေါ့···။

မိမိလိုပဲ ဒီအဝန်းအဝိုင်းနဲ့ ဆက်ဆံပတ်သက်နေသူတွေလဲ တချို့ အစိတ်အပိုင်းလေးတွေကြောင့် အခွင့်တပြင်လုံးကို သုံးသပ်ကောက်ချက် မချလိုက်ကြပါနဲ့···။ အတုနဲ့ အစစ်ရဲ့ အနှစ်ကို ရှာကြပါ။ အားလုံးဟာ အတုတုနဲ့ အနှုန်းမဟုတ်ကြပါ။ တချို့ ခံရသူတွေကိုယ်တိုင်က အလဲလဲ အကွဲကွဲ ခံနေကြ ရသလိုပဲ။ ခံရသူတွေကလဲ တနင့်တပိုးတွေ မကုန်မခမ်း စားနေသောက်စံစား နေကြရတယ် ဆိုတာတွေပါပဲ···။

နောက်ဆုံးမှာ၊ လောကတစ်ခုမှာ၊ ဒါမျိုးဟာ မှောဘဲ ရှိတတ်ကြပါတယ်။ ခွဲခြမ်းစိတ်ဖြာသွားဖို့ပါ။ ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ရေးပြီးသမျှသော စာများအနက် မိမိသွေးဖြင့် ရေးသော စာရေးဆရာ၏ စာကိုသာ ကျွန်ုပ်တို့ အမြတ်နိုးဆုံးဖြစ်သည်'

(ကော်လက်)

အဲဒီလို ဆိုခဲ့တယ်။

မိမိတို့လည်း သွေးနဲ့မဟုတ်ရင်တောင်မှ ချွေးလောက်ကလေးနဲ့လောက်တော့ ပေးဆက်ကြရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီလောက်ကလေးမှ ခွန်အားစိုက်ထုတ်မှုမရှိတဲ့ လုပ်ရပ်အပေါ်မှာကျတော့ ဘယ်လိုလုပ်တန်ဖိုးထား လေးစားလို့ ရတော့မှာလဲ…။

ဒါလဲ ဒါမျိုးလုပ်နေသူတွေအတွက် ပြောရတာသာဘဲ ဖြစ်ပါတယ်။ ဒါမျိုး ရှိနေကြသေးလို့ပါလေ…။

ဆိုခဲ့သလိုပါ။ ဒါကို မငြင်းဆန်ပါ။

ဒါကြောင့်…

## အောင်မြင်အောင်ဆောင်ရွက်ခြင်း

အခြေအနေ အခွင့်မပြေ ခံယဉ်းနေနိုက်၌ပင်လျှင် အသိပညာကိုအမှန်စွာ လိုလားလျှင် ရှာဖွေဆည်းပူးနေသော သူများမှာသာလျှင် မိမိတို့၏ အလိုဆန္ဒ ပြည့်လာတတ်၏။ အခြေအနေ အခွင့်ပြေဖြစ်နေခြင်းသည် ညီသည့်အခါမျှ အလိုအလျောက် ပေါ်ပေါက်လာမည် မဟုတ်ပေ။

(စီအက်စလူးဝစ်)

ဒါပါပဲ…။

အဆိုနဲ့အကောင်းကြား အကောင်းကိုရွေး သိက္ခာမဲ့မှုနဲ့ သိက္ခာရှိမှုမှာ သိက္ခာရှိတာလုပ်…။

မိမိတို့ဟာ မိမိတို့ရဲ့ ကောင်းတဲ့အစဉ်အလာ လျှောက်လှမ်းလာခဲ့တဲ့ အစဉ်အလာကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကာ ကောင်းတဲ့ဆရာ ဆရာလမ်းစဉ်တွေ ဆက်လက်လှမ်းကာ ဆရာ့ဆရာတို့လက်ငုတ် ယခုမိမိတို့ အလုပ်ကို ဆက်လက်လုပ်နေရမယ်။ လက်ဆင့်ကမ်းလင်းရှင်သန်သွား

www.burmeseclassic.com

www.burmeseclassic.com



စေဖို့ရာ အရေးပါ။ စိတ်မပျက် လက်မလျှော့ကြေး ဆိုတာပါပဲ။ မိမိတို့ဟာ ဘာလဲဆိုတာပါပဲ…။

'ခိုသည် ကျီးကန်းနှင့် ပေါင်းလျှင် အမွေးအတောင်တော့ ဖြူဖြူ ကျန်ရစ်နေမည်။ သို့သော် နှလုံးသားမှာတော့ မည်းနက်သွားမည် ဖြစ်၏'

*(ဂျာမန်စကားပုံ)*

မိမိတို့ နှလုံးသားတွေ မမဲကြဖို့ရာ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ရာ သာပါပဲလေ။

**** **** ****

# ၆။ လူမစွမ်း နတ်မခြင်း

'အလုပ်ဟာ မကောင်းမှုကြီး သုံးခုကို ဖယ်ရှားပျောက်ပျက် စေနိုင်တယ်။ ပျင်းရိတာ၊ မကောင်းမှုပြုတာနဲ့ ဆင်းရဲတာတို့ကိုပါပဲ…'

*(ဗော်လတဲယား)*

အလုပ်လုပ်ပြီးရတဲ့ ပီတိဝေဒနာ စိတ်ချမ်းသာမှုကို တကယ် အလုပ်ကို လုပ်ဖူးသူမှ သိကြမှာပါဘဲ…။

အလုပ်လုပ်ရတာဟာ လှိုင်းစီးရသလိုပါပဲ…။ ဘာသမတ်တည်း တော့ မဟုတ်ပါဘူး။

နိမ့်လိုက်မြင့်လိုက် ရှိပါတယ်။

ရင်ခုန်ရတယ်။ မောပန်းရတယ်။ နွမ်းနယ်ရတယ်။ စိတ်စော ရတယ်။ စိတ်မောရတယ်။ ဒေါသဖြစ်ရတယ်။ ပြီး… စိတ်ဓာတ်တက်ကြွပျော်ရွှင်ရတယ် ဆိုတာမျိုးတွေပဲ ဖြစ်ပါတယ်။

စိတ်ဟာ အသက်ဓိဉ္စဉ်ပဲ မဟုတ်ပါလား…။ စိတ်နဲ့အတူ ကိုယ်ပါ လိုက်ပါနေရတယ်။ ကိုယ်နဲ့အတူ စိတ်ပါလိုက်ပါနေရတယ်။

ဒီနှစ်ခုဟာ ဒွန်တွဲလွန်ဆွဲအားပြိုင်နေကြရပါတယ်။ ရုပ်က ဆောင်ကျဉ်းသွားတဲ့အခါ ရှိမယ်။ စိတ်က ဆောင်ကျဉ်းသွားတဲ့အခါ ရှိမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ခုကို စေစားခိုင်းတတ်ခြင်းဟာလဲ လူ့ရဲ့ အလေ့အကျင့်ပဲ ဖြစ်ပါတယ်။

အလုပ်တစ်ခုကို အလိုလို ဘယ်လိုမှ လုပ်ဖြစ်ကြမှာ မဟုတ်ပါဘူး။

အကြောင်းအမျိုးမျိုးပြပြီး ဆင်ခြေလဲ ရှောင်ဖယ်နေရင်လဲ ဖြစ်တတ်ကြတာပါပဲ…။

ဒီလိုမဟုတ်ဘဲ၊ ဆင်ခြေမလဲဘဲ၊ ဖွဲနပဲနဲ့ ကြိုးစားလုပ်မယ်ဆိုရင်လဲ၊ ပြီး… တခြားရာသီဥတု အခြေအနေတွေ၊ စားဝတ်နေရေး လူမှုရေးတွေ ဘယ်သို့ပဲရှိပါစေ တတ်နိုင်သလောက် ကြိုးစားလုပ်ရင်ဖြစ်သင့်သလောက် ဖြစ်မှာပဲ ဖြစ်ပါတယ်။

အဓိကက လုပ်ဖို့ပါ။ တချို့က စိတ်ရှိတယ်။ စိတ်ရှိတာဟာ မူလအခြေခံပါပဲ…။ ဒါပေမဲ့ ရုပ်က မပါရင် ဘာဖြစ်မှာလဲ…။ ဘာမှ မဖြစ်ဘူး။ ဒီလိုပဲ မတန်မရာစိတ်ကူးပြီး လုပ်မယ်။ ဘာမယ်မှန်းပေမယ့် မိမိမှာ အရည်အချင်း အားနည်းနေရင်လဲ ဘာမှ မဖြစ်ပါဘူး။

စိတ်ကူးနဲ့ ရှုံးရုံပဲ ဖြစ်မှာပါပဲ…။

ဒါကြောင့် အခြေခံကို ခိုင်ခံ့အောင် ထူထောင်ကြရမှာပဲ ဖြစ်ပါတယ်။

အခြေခံ အရည်အချင်းနဲ့ အလေ့အကျင့်မကောင်းရင် ဘာတစ်ခုမှ လုပ်လို့မရနိုင်ပါဘူး။

'ပို၍ အရေးကြီးသည်မှာ စိတ်ဓာတ်ပင်ဖြစ်သည်။ စိတ်အားငယ်ခြင်း၊ နှဲ့ ဝီရိယ လျှော့ခြင်းတို့ကား မည်သူကမျှ မထိုးနှက်ဘဲ ကိုယ့်ကိုယ်ကို အလဲထိုးသော လက်သီးများလို ဖြစ်တတ်ရာ အတွေးအခေါ် အမူအကျင့်ကျိုဖြင့်သာ လူတစ်ယောက်၏ အနာဂါတ်သည် ခိုင်ခံ့တောက်ပ နိုင်ကြောင်း ဘင်ပြအပ်ပါသည်'

*(သက်လယ်)*

*(နိမ့်တဲ့မြင့်တဲ့ အတွေးအကြံ့ ၊ သွေးသောက် ၈၂-ဖေဖော်ဝါရီမှ*

www.burmeseclassic.com

www.burmeseclassic.com



ခု… မိမိရေးလိုတာက လူမစွမ်း နတ်မဆိုတဲ့ အယူအဆကို စေဖန်လိုခြင်းပဲ ဖြစ်ပါတယ်။

နတ်ထွင်းတဲ့ပါးစပ်ပဲ…။ သူဟာသူဖြစ်သွားလိမ့်မယ်ဆိုတာတွေ…

တော်သေတဲ့ မသာ မရှိပါဘူး။ အချိန်တန်တော့ နပိန်ကန်လိမ့်မပေါ့ ဆိုတာမျိုးတို့တွေပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒါဟာ လူစွမ်းလူစရှိသူတွေအတွက် စကားမဲ့ မဟုတ်ပါဘူး။

အချောင်သမား အောက်တန်းစားနဲ့ စိတ်ထားနိမ့်ပါးသူတွေရဲ့ နှုတ်လှန်ထိုးစကားပဲ ဖြစ်ပါတယ်။

လူ့လောကမှာ တကယ် နိမ့်ပါးလို့ နိမ့်ပါးသလို နေရပြောရတာမျိုးတွေ ရှိကြပါတယ်။

ဒါကို မိမိတို့ နားလည်ပါတယ်။ နိမ့်ပါးတဲ့လူက မိုးပေါ်က စကားကြီးပြောရင်လဲ ဘယ်သူမှ ကြိုက်ကြမှာ မဟုတ်ပါဘူး။ လက်သင့်ခံကြမှာလဲ မဟုတ်ပါဘူး။ ထော်လော်ကန့်လန့် ဖြစ်ကြမှာပါပဲ…။

ဒီလိုပဲ တကယ်ဘဝ မနိမ့်ပါးဘဲ စိတ်ဓာတ်နိမ့်ပါးပြီး နိမ့်ပါးတယ် မှတ်ထင်တတ် ခံယူကျင့်သုံးပြုမူနေတတ်တာမျိုးက ပိုဆိုးပါတယ်။

ဒီလိုမျိုးတွေ မိမိတို့ မိသားစုတွေမှာ အသိုင်းအဝိုင်းထဲမှာ ဝန်းကျင်ထဲမှာ တွေ့ကြရမှာပါ။ မိမိ ဒါကို ရေးလိုရင်းသာ ဖြစ်ပါတယ်။

မိသားစုမှာ ဘယ်သူမှ အလုပ်မလုပ်ဖူး၊ နောက်ဆုံးမနေနိုင်သူက လုပ်ရတယ်။ ဒီလူက အမြဲလုပ်ရသူဖြစ်သွားရော၊ နောက်လူတွေက အသာချောလိုက်နေသွားကြရော…။ ဒါမျိုးတွေပဲ…။

တချို့တွေမှာ သားသမီးရှိရဲ့သားနဲ့ မိဘက ထလုပ်နေရတာမျိုးချည်း ရှိတယ်။ အမြင်မတော်စရာပါ။

ဒီလိုပဲ သားကြီးသမီးက ထလုပ်ရတယ်။ အကြောင်းမဟုတ်ပါဘူး။ တစ်ခါတလေမှာ ခေါင်းဦးက မိုးယိုတဲ့အနေဖြစ်ပြီး ဘာမှ မလုပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



...ယ်ဖြစ်သူက ထလုပ်နေရတဲ့အခါ ပိုမိုပြီး အမြင်မတော်စရာတွေ ဖြစ်တတ်...ပါတယ်။

ဒါဟာ ရှက်စရာပါပဲ…။ သိတတ်ရင် သိစရာပါပဲ…။ ဒါပေမဲ့ ...တတ်သူ ရှက်တတ်သူ မဟုတ်တဲ့အခါ ပြောရ အင်မတန် ခက်ကြပါတယ်။

ဒါထက် ဆိုးတာက ဘာမှ မလုပ်မကိုင်ဘဲ တစ်ဖက်သား လုပ်ထား...ကို အခနဲ့သား စားသောက်နေဝံ့ကြတာမျိုးတွေလဲ တွေ့ဖူးပါတယ်။

သူတို့ဟာ အကြောင်းအမျိုးမျိုးနဲ့ မိမိတို့ကိုယ်ကို အသနားခံ...နေလုပ်ကာ မိမိကိုယ်ကို ညှာပြီး တစ်ဖက်သားအပေါ်မှာ ဝန်ထုပ်ဝန်ပိုး ...အောင် လုပ်နေကြပါတယ်။

မကောင်းပါ။ နိုင်ငံခြားမှာ လူမွဲစာရင်းခံယူကာ တချို့ စားသောက် ...သူ ရှိတယ်ဆိုတာ ရှက်စရာဖြစ်သလို မိမိတို့ဆီမှာလဲ ဒီလိုပဲ တကယ်ပဲ ...အစရှိနိုင်ရဲ့သားရဲ့ လူမွဲစွမ်းနတ်မအဖြစ် ခံယူကျင့်သုံး ရပ်တည်နေသူ ...တွေအခေါ်ကို ထွေးပိုက်ထားသူ ဘဝဟာ တကယ့်ကို ရှက်စရာပါပဲ…။

ဒါဟာ မဖြစ်သင့်တာ မဖြစ်ထိုက်တာတွေပါ။ လူမစွမ်းနတ်မ ...တွေက နိုးထကြဖို့ပါ။ ရှက်ကြဖို့ပါ။ တကယ်တော့ လောကမှာ လူစွမ်းမှ ...တကယ်မပါတာ၊ နတ်ပါမက တစ်လောကလုံး နှစ်လိုချီးပ မြှောက်စား ...ကြရတာပဲ မဟုတ်ပါလား။

လူမစွမ်းနတ်မဘဝက ရုန်းကန်ထွက်ကြပြီး လူအစွမ်းကို နတ်ပါမက ...ဘဝကို ခံယူကြဖို့ပါ။

'အလုပ်ဟူသည် ပူဇော်မှုပင်ဖြစ်သည်။

အပူဇော်ခံရဖို့ရာ အလုပ်လုပ်ကြပါစို့…'

(ရဝိစတာင်)

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၇။ တစ်ကွေ့တွေ့ကြတဲ့အခါ ရင်ဆိုင်ရဲရင့်ပါ

'စိတ်၏ ချမ်းမြေ့မှုနှင့် နှစ်သက်မှုတရားကို လူ့လောကပြင်ပ ရှာဖွေ၍ မရနိုင် ။ လူ့လောက အဖွဲ့အစည်းအတွင်း၌သာ ရှာဖွေတွေ့ရှိနိုင်မည်

*(ချက်ဓကော့)*

လူ့လောကပြင်သို့ ထွက်ခွာခြင်းက ထွက်ပြေးခြင်းဝါဒပါပဲ…။

ထွက်ပြေးသူအဖို့ ပြေးမဆုံးပေါင် တောသုံးတောင်ပါပဲ…။ ပြေးသူ ခိုနားစရာ မရှိသလို ပုန်းစရာ နားစရာလဲ ကမ္ဘာကို ရှားမှာပါပဲ…။'

မိမိဆိုခဲ့သလို ရင်ဆိုင်ဖို့ပါပဲ…။ ရင်ဆိုင်တယ်ဆိုတာ အများသိထား ကြသလို ရင်ဆိုင်ရန်လုပ် ယှဉ်ပြိုင်တိုက်ခိုက်တာချည်း မဟုတ်ပါဘူး။

ပြဿနာကို အရှိကိုအရှိအတိုင်း သူ့အမှားကိုယ့်အမှား ကိုယ့်အမြင် သူ့အမြင် ဝေဖန်ညှိနှိုင်း ယူကြရတာဘဲ ဖြစ်ပါတယ်။

ဒီကြားမှာ သူနဲ့မိမိနဲ့ကြားမှာ ခြေထိုးမြှောက်ပင့်မှု၊ ကိုယ့်လူ သူ့ဘက်သား လုပ်မှု၊ သူ့လူကိုယ့်ဘက်သားလုပ်မှုတွေ၊ အကျိုးလိုလို့ ညောင်ရေလောင်းမှုတွေ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာမှုမျိုးတွေဟာ ရှိတတ်ကြတာပါဘဲ…။

ဒါကို တွေ့ဆုံလိုက်တဲ့အခါ တစ်ဦးနဲ့တစ်ဦးကြား ရန်သူထင်ထား ပေမယ့် တကယ်မှာ မိတ်ဆွေအစစ်ဖြစ်နေတာမျိုးတွေ၊ အဝေးက စိတ်မှန်း ထင်ထားတာနဲ့ လက်တွေ့မှာ တခြားစီ ဖြစ်နေတာမျိုးတွေလဲ ကြုံခဲ့ရတာအထိ ဆုံရတာအတိ ရှိကြရမှာပဲ ဖြစ်ပါတယ်။

ဒီလိုပဲ ထင်ထားတာထက် ဆိုးနေတာမျိုးလည်း မကြုံမဟုတ် ကြုံကြရမှာဘဲ ဖြစ်ပါတယ်။ မိမိ ဆိုခဲ့သလို ဒါဟာ သဘာဝပဲ ဖြစ်ပါတယ်။

လိုရင်းမှာတော့ ဒါတွေအတွက် လူဟာ သတ္တိရှိဖို့ စိတ်ရှည်ဖို့ ဖွရှိဖို့ လိုပါတယ်။ အသိဉာဏ် သဘောတရား ကုံလုံကြွဝပြီး စိတ်ရှည် မျှော်ခေါ် တွေးတောတတ်မှုလည်း လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ဦးနှောက် ကိုယ်ပိုင်အသိမရှိထားရင် သူများအသုံးချခံ ဖြစ်သွားနိုင်တယ်။ လက်ဝေခံဘဝ ဆရာကြီး လုပ်ပြ သွား တာမျိုးလဲ တွေ့သွားကြရမှာဘဲ ဖြစ်ပါတယ်။

မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်တို့ ဘာတို့စကား ဥပမာလဲ ရှိတာပဲ မဟုတ်လား…။

သားသမီးယုံ စုလုံးကမ်း ကျွန်ယုံတစ်ဖက်ကမ်းတို့လည်း ရှိတာပဲ မဟုတ်လား…။

တကယ်တော့ အလွန်အကျွံမဖြစ်ဖို့ပါဘဲ…။ မိမိကိုယ်ကိုလဲ အလွန် အကျွံမယုံမိဖို့ လိုတယ်။ ငါသိတယ် ငါတတ်တယ်ချည်း ထင်မိတာမျိုး၊ တစ်ဖက်သားကိုချည်းလဲ ယုံစားမိတာမျိုးတွေ မဖြစ်ဖို့ လိုတယ်။ ဆိုလို တာက သူသိပါတယ်။ သူတတ်ပါတယ်လို့ ထင်ပစ်လိုက်တာမျိုးတွေပဲ ဖြစ်ပါတယ်။

လူဆိုတာက ခက်ပါတယ်။ စိတ်နဲ့ကိုယ်တောင်မှ ဒွန်တွဲလို့ ရချင်မှ ရတာ…။ ဥပမာ စိတ်က ထမင်းစားမယ် ပြောချင်ပေမယ့် ပါးစပ်က မုန့်စား မယ် ထွက်သွားတတ်တာမျိုးလဲ ရှိတတ်ကြပါတယ်။

ဒါမျိုးကိုပါ။

ဒါကြောင့် ပညာရှိသတ္တိဖြစ်ခဲ့ဆိုသလို သတိတမာန်ဉာဏ်မြေ ကတတ်ပညာစွမ်းချွန်းနဲ့ အုပ်ဆိုသလိုမျိုး ဖြစ်ကြဖို့ လိုပါတယ်။

'မိမိအနီး၌ ရှိသူသည် ရန်သူသော်လည်း ဖြစ်နိုင်သည်။ မိတ်ဆွေ သော်လည်း ဖြစ်နိုင်သည်။ ရန်သူပဲဖြစ်ဖြစ် မိတ်ဆွေပဲဖြစ်ဖြစ် တစ်နည်းနည်း ဖြင့် ပညာသင်ပေးတတ်လေသည်' လို့ စာတစ်ပုဒ်မှာ ဖတ်ထားဖူးပါတယ်။

ဒါတွေ ဒါတွေ ရေးရရင် အရှည်ကြီးပါပဲ…။ လိုရင်းရေးရရင်တော့ မိမိတို့ဟာ လူတစ်ယောက်နဲ့ တစ်ယောက်နဲ့ တွေ့ဆုံရတဲ့အခါ ခေါင်းငုံ့ ခံမျိုးမခံရဖို့ပါဘဲ…။

ဥပမာ မိမိက လိမ်ထားသူတစ်ယောက်နဲ့ တွေ့ရင် မိမိဟာ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ထိုသူရှေ့မှာ ခေါင်းထောင်နိုင်မှာ မဟုတ်ပါဘူး။ ခေါင်းငုံ့ဦးကျိုးကျသွားရမှာသာဘဲ ဖြစ်ပါတယ်။

ဒါမျိုးမဖြစ်ဖို့ပါ။ ပညာရဲရင့် ပွဲလယ်တင့်ဆိုသလိုပဲ လောကမှာစာရိတ္တ အခြေမြင့် ဂုဏ်သိမ်တင့်ဖို့ လိုပါတယ်။

မိမိတို့ဟာ မိမိနဲ့ ငယ်ငယ်ကတည်းက ကွဲကွာနေတဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ မမျှော်လင့်ဘဲ တွေ့ရတဲ့အခါ တစ်ဦးနဲ့တစ်ဦးမှာ ငယ်ရွယ်နုပျိုသွားပြီး ဖက်လဲတကင်းနဲ့ရယ် ဝမ်းသာမဆုံးဖြစ်ကြရတယ်။ ပြောရင်းဆိုရင်း ပီတိ မျက်ရည်တွေ ဝေရင်းက ကြည်နူးချမ်းမြေ့ဖြစ်ကြရတယ်။ ဒါမျိုးပါပဲ…။

မိမိတို့ဟာ လောကကြီးရဲ့ မကောင်းဆိုးရွားသူ၊ ပြစ်မှုတွေ ကျူးလွန်ထားသူ တရားခံတစ်ဦးနဲ့ ဝရမ်းပြေးတစ်ဦးအဖြစ် မဟုတ်ပါဘဲ ခေါင်းမော့ဟန်ကျော့ကာ အဲဒီလူတွေကို ဖော်ထုတ်ဖွင့်ချနေတဲ့ တရားလိုတစ်ဦးလိုသာဘဲ ဖြစ်နေကြရပါလိမ့်မယ်။

သူတို့ဟာ သူတို့ ပြေးပြေး ပျာပျာ ကြောက်ကြောက်ရွံ့ရွံ့ အဲဒါဟာ သူတို့ကိစ္စတွေပဲ ဖြစ်စေရလိမ့်မယ်။

မိမိတို့ ကြုံဖူးကြမှာပါ။ တစ်ဖက်သားအပေါ်မှာ မိမိဘက်က ကတိပျက်ချတ်ချော်သွားတဲ့အခါ ဆိုသူနဲ့ တွေ့ရမှာကို ဘယ်လောက်ဝန်လေးပါသလဲ။

ဒါပေမဲ့ လိပ်ပြာသန့်သန့်နဲ့ တွေ့ဆုံပြောပြလိုက်တော့လဲ ပြီးသွားတာဘဲ မဟုတ်လား…။

ဒီလိုပဲ မိမိကို ရှောင်ကွင်းနေသူတွေ၊ မိမိကို မြင်တော့ ခေါင်းငုံ့နေသူတွေ၊ မိမိနဲ့ ရင်ဆိုင်ရမှာ ကြောက်ရွံ့နေသူတွေ အကြောင်းတွေကို မိမိတို့ သိကြမှာဘဲ ဖြစ်ပါတယ်။

ဒီလူတွေဟာ မိမိအပေါ်မှာ တစ်စုံတစ်ရာ စော်ကားထားသူ၊ ပြစ်မှု ကျူးလွန်ထားသူတွေပဲ ဖြစ်နေတတ်ကြပါတယ်။

သူတို့တွေဟာ နေ ကိုကွယ်ရာကနေပြီး ဘာကြီးလဲ သံကုန်ဟစ်

www.burmeseclassic.com



ပြောနေပြောနေ တကယ့်လက်တွေ့ တွေ့ကြတဲ့အခါ ခေါင်းငုံ့ဦးခိုက် သွားကြရတာပဲ ဖြစ်ပါတယ်။

နိယာမပါ။ အမှန်သမားကို အမှားသမားဟာ ဘယ်လိုများ တကယ် ကြသွားဆက်ဆံနိုင်ပါ့မလဲ…။ (အရှုံးအပေါ်ဆိုရင်တော့ တစ်မျိုးပေါ့)

မှန်ကန်တဲ့ မိမိကို တွေ့တဲ့အခါ သဘာဝထက်လွန်ကဲပြီး မချိသွားဖြဲ ပြနေတတ်ကြတာ အမူအရာပျာယာခတ်လွန်ကဲနေတတ်ကြတာတွေ၊ ဟုတ် ပြုံးဟန်ရွှင်ဟန်ရှိနေတတ်တဲ့ သဘာဝအမူအရာတွေ ပျောက်ပြီး မဲ့ညစ်ဖြစ်သွားတတ်ကြတာမျိုးတွေပဲ ဆိုပါတော့…။

အမှန်တရားကို အမှားမှသားက ဝါးမျိုလို့ မရနိုင်ပါဘူး။ ဒါပါပဲ။ အဖို့ စဉ်းစားပါ။ တွေးခေါ်ပါ။ ကျင့်ကြံရပ်တည်ပါ။ ပြီး… လုပ်ဆောင်ပါ။

'သင်စဉ်းစားတွေးခေါ်တာတွေကို တည့်မတ်မှန်ကန်အောင် လုပ်ပါ။ သင်စဉ်းစား တွေးခေါ်သလိုပဲ၊ သင်ဖြစ်တာပဲ၊ လောကကြီးမှာ အကျိုးရှိမှာ ဂုဏ်သိက္ခာကို မထိခိုက်မှာတွေကိုသာ စဉ်းစားတွေးခေါ်ပါ။

*(ဟင်နရီအိဒ်ချ်ဘတ်လေ)*

ဒါပေမဲ့ လောကမှာ မတော်တဆနဲ့ မှားသွားတဲ့စေတနာ အမှားဆိုတာ တတ်ကြတာ ရှိမှာပါ။ ဒါပေမဲ့ ဒါကို ပြုပြင်လို့ ရပါတယ်။ ခွင့်လွှတ်လို့ ပါတယ်။ ဒါကို ရှက်စရာလဲ မလိုပါဘူး။

ရှက်စရာက တမင်သက်သက် ယုတ်မာတာ၊ ကောက်ကျစ်တာ၊ ပြန်တာဘဲ။ အဲဒီလို လူစားမျိုး မိမိတို့ဆွေမျိုးထဲမှာ တစ်ယောက်ယောက် ခဲ့ရင် တစ်မျိုးလုံး တစ်ဆွေလုံး သိက္ခာကျခေါင်းငုံ့ကြရမှာဘဲ…။

မိမိတို့ လူမျိုးထဲမှာ ဒါမျိုးတစ်ယောက်ပါခဲ့ရင်လဲ တစ်မျိုးသားလုံး သိက္ခာကျခေါင်းငုံ့ကြရမှာဘဲ ဖြစ်ပါတယ်။

ဒါဟာ အကုန်လုံးမှာ၊ စာပေအနုပညာမှာ၊ စာနယ်ဇင်းလောကမှာ ဆက်လို မိမိရည်ညွှန်းခဲ့တာ ဆိုပါတော့…။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ မိမိတို့ထဲမှာ မှန်ကန်တော်မှန်သူတစ်ယောက် ပါခဲ့ရင်ထဲ ဒီလိုပဲ အကုန်လုံးက ခေါင်းထောင်ဦးမော့ကြရမှာပဲ မဟုတ်လား…။

ဂုဏ်ဆိုတာဒါပါပဲ…။ သိကြပါပဲ၊ အမှန်တရားနဲ့ ရပ်တည်ချက်ပဲ မဟုတ်ပါလား…။

အမှန်ကို လုပ်တယ်။ ဖြတ်လမ်းမလိုက်ဘူး။ ရိုးရိုးကျင့် မြင့်မြင့်ကြံ တယ်ဆိုတာ ဖြတ်လမ်းနည်းထက် ပင်ပန်းကောင်းပင်ပန်းမယ်။ ဒါပေမဲ့ မြင့်မြတ်ပါတယ်။ ဆက်လုပ်သွားဖို့ပါ။ မကြောက်ပါနဲ့။ မရှုံ့ပါနဲ့…။ မတွန့်ပါနဲ့…။ ဆက်လက်ရဲရင့်ဖို့ပါ…။

## ခက်သောအလုပ်

ကြိုးပမ်းအားထုတ်မှု ပြုနေသည်ကို အာရုံပြုနေသော စိတ်သည် ကျွန်ုပ်တို့အား တက်ကြွအားရစေသည်။ ခုန်၍ချည်းနေသော နံ့ကောင်သည် ခုန်နေသောကြောင့် တက်ကြွနေသကဲ့သို့ပင်…။ ထို့ကြောင့် အနှောင့်အယှက် အခက်အခဲများစွာဖြင့် ပြည့်နေသော ခက်ခဲသော အလုပ်ကို လုပ်၍ ပြီးစီးသော အခါ လွယ်လွယ်ဖြင့် ပြီးစီးသော အလုပ်ထက် ပို၍ တက်ကြွအားရကြလေသည်။

*(အီဝ်ချ်အယ်လ်မဲန်ကင်း)*

*(အမေရိကန်ပညာရှိကြီး)*

ဘဝတစ်ကွေ့မှာ တွေ့ကြုံရင်ဆိုင်ရတဲ့အခါ ရှောင်ဖယ်ရေးသမား ခေါင်းငုံ့ခံသမား မဖြစ်ဖို့ရာ လေ့လာပါ။ ဆည်းပူးပါ။ ကြိုးစားပါ။ ရန်းကန်ပါ။ လောကဓံကို ရင်ဆိုင်ရဲရင့်တိုးဝင်ပါ။ ဖြတ်လမ်းမလိုက်ပါနဲ့။ မသွေဖယ်ပါနဲ့…။ (ဒါမျိုးတွေကိုရင်ဆိုင်ဖို့) သင်မကြောက်ပါနဲ့…။ သင်ကြောက်ရင် သင့်ကို သူနိုင်လိမ့်မယ်။ သင်မကြောက်ရင် သူ့ကို သင်နိုင်လိမ့်မယ် ဆိုတာပါ ပဲလေ…။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



## ...သူ့ကိုချီးမြှောက် ကိုယ့်ဂုဏ်မြှောက်တယ်

'သင့်မှာ မာနရှိလေသည်။ ဤသို့ မာနရှိခြင်းသည် တော်ရုံတန်ရုံ ...ဘွင် အဆိုးထက် အကောင်းကို ဖြစ်လာနိုင်ပါမည်'

*(ဒေးကာနယ်ဂျီ)စာအုပ် (စာ- ၂၀၁)မှ*

လူဟာ မာနရှိတယ်။ မာနရှိတာ အဆိုးအကောင်းရှိတယ်။ မာနကို ...ယ်လိုအပြုဘက် လုပ်မလဲ...။ မာနဟာ တစ်ခါတလေမှာ တွန်းအား ...စ်ခုပဲ မဟုတ်လား။ မာနရဲ့ အင်ဂုဏ်ကို ချီးကျူးရမယ်။

'ကျွန်ုပ်လူမှန်းသိသည့်နေ့ကစ၍ လွန်ခဲ့သော ရက်များကို ပြန်ကြည့် ...လျှင် ချီးမွမ်းစကားကြောင့် ကျွန်ုပ်၏ နောင်ရေးမှာ တစ်မျိုးတစ်ဖုံ တိုးတက် ...ာင်းမွန်လာသည်ကို ယခုထက်တိုင် မြင်နိုင်ပါသေးတယ်။ သင်သည်လည်း ...ကိုယ်ကို ကျွန်ုပ်ကဲ့သို့ပင် မပြောနိုင်ပေဘူးလား'

*(၄င်းစာ - ၂၃၃)မှ*

အများစုတွေဟာ အကျင့်ပါနေကြတဲ့အတိုင်းဘဲ တစ်ဖက်သားကို ...ကောင်ပြောဆိုတတ်ကြပါတယ်။

ကြိမ်းမောင်းအပြစ်ဆိုတတ်ကြပါတယ်။ ဒီလိုပဲ ကြီးသူက ငယ်သူကို၊ ...နိုင်သူက သူ့ထက်နိမ့်ပါးသူကို၊ ခုလိုပဲ ပြောဆိုတတ်ကြ ပါတယ်။

ဒါဟာ မကောင်းကြောင်းကို ဆိုလိုတာပဲ ဖြစ်ပါတယ်။ ချီးမွမ်း ...သွင်းပြောဆိုကြရပါမယ်။ ဒါပေမဲ့ ဒီလို အပြောကြောင့် ပိုမိုတောက် ...ောင်လာသူတွေလဲ ရှိတတ်ကြပါတယ်။

ဥပမာ အသက်ဆယ်နှစ်ရွယ် လူမမယ်လေးဟာ စက်ရုံတစ်ခုမှာ ...က်မွေးစမ်းကျောင်းမှုအတွက် အလုပ်လုပ်ရတယ်။ ထိုသူငယ်က သီချင်း ...သမားအဖြစ် အသက်မွေးလိုတယ်။ ဒါကို...

'ဟော့.. မင်းသီချင်း မဆိုနိုင်ပါဘူးကွာ..၊ မင်းအသံဟာ ကောင်းတာလဲ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ တရုတ်ကပ်ကြားထဲကလေတိုးဝင်နေတဲ့ အသံလိုဘဲ' ပြော
ဖျက်တယ်။

ဒါပေမဲ့ လူငယ်ရဲ့မိခင်က 'ငါ့သား အားမငယ်နဲ့ ဘယ်သူ ဘာပြေ
ပြော ငါ့သားရဲ့အသံဟာ ကောင်းတယ်။ စိတ်မပျက်နဲ့ကွယ်' ပြောဆိုချီးမွမ်း
တယ်။

ပြီး… ဂီတကျောင်းမှာ သင်ကြားဖို့ ပင်ပန်းခံရှာဖွေလို့ ပို့ခဲ့တယ်

ဒီလို ချီးမွမ်းမြှောက်ပင့်ပြောဆိုခဲ့တာကြောင့် တစ်နေ့မှာ (ကာရု
ဆိုတဲ့) ထိုသူငယ် ထွန်းတောက်လာခဲ့တော့တာယ် မဟုတ်လား။

ဒီလိုပဲ…။

'နှစ်ပေါင်းအတန်ကြာလောက်က လန်ဒန်မြို့ရှိ လူငယ်တစ်ဦးဟာ
စာရေးဆရာ ဖြစ်ချင်သော ဆန္ဒပြင်းပြစွာ ရှိတယ်။ သို့ရာတွင် စာရေးဆ
ဘဝနှင့် ထိုသူတို့ရဲ့ စပ်ကြားတွင် ပင်လယ်ခြားလျက်ရှိတယ်။ ခြားနေပုံ
ပြောပါအုံ။ ထိုသူငယ်သည်စာဆိုလို့ လေးတန်းအထိသာ သင်ကြားဖူးပေ
တယ်။ သူ့ဖခင်ဖြစ်သူမှာလည်း ကြွေးမပေးနိုင်သောကြောင့် ထောင်ကျလျ
ရှိတယ်။ ထိုသူငယ်ကိုယ်တိုင်လည်း ထမင်းကိုပင် နပ်စေ့အောင်မစားရပေ
နောက်ဆုံး၌ အလွန်ကြွက်ထူထပ်ပေါများသော ဂိုထောင်တစ်ခုတွင် ပုလင်
တံဆိပ်ကပ်ရတဲ့ အလုပ်တစ်ခုကို ရရှိတယ်။ ညဘက်တွင် လန်ဒန်မြို့
အခြားတေလေကလေးနှစ်ဦးနှင့်အတူ အလွန် ညစ်ပေနေသော အခန်းထဲမှာ
အိပ်ရတယ်။ သူ့အရေးအသားကို သူကိုယ်တိုင် စိတ်မချသောကြောင့် မည်သူ
ဝိုင်းမလှောင်နိုင်အောင် ညဥ့်နက်သန်းခေါင် လူခြေတိတ်ချိန်တွင် တစ်ယော
တည်း တိတ်တဆိတ်ထပြီး သူ့ဝတ္ထုတွေကို သတင်းစာတိုက်တွေသို့ ပို့ပြီး စာတို
ပုံးထဲသို့ ထည့်လေ့ရှိတယ်။ သူ့ဝတ္ထုတွေဟာ တစ်ခုပြီးတစ်ခု ပယ်ချခြင်းခံခဲ့
လေတယ်။ နောက်ဆုံးမှာ သူ့ရဲ့ဝတ္ထုတစ်ခုကို သတင်းစာတိုက်တစ်ခု
လက်ခံလိုက်တယ်။ အဲဒီဝတ္ထုအတွက် ပိုက်ဆံတပြားမှ မရပါ။ ဒါပေ
အဲဒီဝတ္ထုကို ရွေးချယ်လိုက်တဲ့ အယ်ဒီတာဟာ သူ့ကိုချီးမွမ်းလိုက်တယ်။ သူ့
စွမ်းရည်သတ္တိကို အသိအမှတ်ပြုလိုက်တယ်။ အဲဒီလို အသိအမှတ်ပြုတ

www.burmeseclassic.com

www.burmeseclassic.com



ခံရတာကြောင့် ဝမ်းသာလုံးဆို့နေတာကြောင့် သူ့ပါးပေါ်သို့ မျက်ရည်တွေ စီးကျလျက်နဲ့ ခြေဦးတည့်ရာသို့ အတော်ကြာစွာ လျှောက်သွားနေမိခဲ့တယ်။

သူ့ဝတ္ထုတစ်ပုဒ်ကို ရွေးချယ်လိုက်တာနဲ့ သူ့မှာရှိတဲ့ဂုဏ်ကို ချီးမွမ်းခြင်း သူ့အရည်အချင်းကို အသိအမှတ်ပြုတာတို့ဟာ သူ့ရဲ့နောင်ရေးကို လုံးလုံး လျားလျား ပြောင်းလဲပစ်လိုက်တယ်။ အကယ်လို့သာ ယခုကဲ့သို့ ချီးမွမ်းတာကို မခံခဲ့ရပါက သူ့တစ်သက်လုံး ကြွက်ပေါတဲ့ အလုပ်ရုံတွေထဲမှာ ပုလင်းတံဆိပ် ကပ်တာနဲ့ အချိန်ကုန်ရတော့မှာပဲ ဖြစ်တယ်။ အဲဒီသူငယ်ရဲ့ အကြောင်းကို လည်း သင်ကြားဖူးကောင်းကြားဖူးပေမယ်။ သူ့နာမည်မှာ ကမ္ဘာကျော်စာရေး ဆရာကြီး ချားဒစ်ကင်းပဲ ဖြစ်တယ်လို့ ရေးသားခဲ့ပါတယ်။ ဒီလိုပဲ တစ်ဖက် သားကို သိဒ္ဓိတင်ပြီးတော့ပေးပါ။ အဲဒီလို သိဒ္ဓိတင်ပေးတဲ့အတိုင်း အမှန်ဖြစ် အောင် ထိုသူဟာ အစွမ်းကုန်ကြိုးစား ပေလိမ့်မယ်လို့ ဆိုထားတယ် မဟုတ်လား…။

မိမိတို့ဟာ ပဋိပက္ခကို မလိုလားပါဘူး။ မတတ်နိုင်ကြလို့သာ ဒီလို ပြုမူကြရတာဘဲ မဟုတ်လား…။

ခုလိုပြေလည်မဲ့နည်းရှိရင် ဘာလို့တိုက်ပွဲဝင်မလဲ။ ကျော်လွှား ရှောင်ရှားသွားရမှာဘဲပေါ့…။ အဲဒီနည်းတွေရှိတယ်ဆိုတာ ဟောဒီမှာ…

တစ်ဖက်သားကို မျက်မှန်းမကျိုး စိတ်မဆိုးစေဘဲ စိတ်ပြောင်း လာစေတဲ့ နည်း(၉)နည်းတဲ့။

၁။ ချီးမွမ်းခြင်း ရိုးသားစွာ ချီးကျူးခြင်းတို့နဲ့ စပြီးပြောပါ။

၂။ တစ်ဖက်သားတို့ရဲ့ အပြစ်တွေကို သွယ်ဝိုက်သောနည်းနဲ့ သတိရအောင် လုပ်ပါ။

၃။ တစ်ဖက်သားကို အပြစ်မပြောမီ သင့်ရဲ့အမှားတွေကို ဖော်ပြပါ။

၄။ တိုက်ရိုက် ညွှန်ကြားပေးမည့်အစား လိုရင်းကိစ္စကို ပြီးစီးစေမယ့် မေးခွန်းတွေကိုမေးပါ။

၅။ တစ်ဖက်သားအား သူ့ဂုဏ်ကို သူပြန်ဆယ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၆။ တစ်ဖက်သားရဲ့ တိုးတက်မှု အနည်းအကျဉ်းကို အများကြီး ချီးကျူးပါ။ ထိုသို့ ချီးကျူးတဲ့အခါ ရက်ရက်ရောရော ရှိပါစေ။
၇။ တစ်ဖက်သားကို သိဒ္ဓိတင်ပါ။
၈။ အားပေးစကားကို ပြောကြားပါ။ သင်ပြင်လိုသော တစ်ဖက်သားရဲ့ အမှားဟာ ပြင်လို့ လွယ်ကူတယ်လို့ တစ်ဖက်သားကို သဘောပေါက်အောင် ပြောပါ။ သင်လုပ်စေချင်သော အလုပ်မှာ လုပ်ရန် လွယ်ကူတဲ့အကြောင်းကိုလည်း တစ်ဖက်သား သဘောပေါက်ပါစေ...။
၉။ သင်လုပ်စေလိုသော စာအုပ်ကို တစ်ဖက်သားဟာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ လုပ်ချင်အောင်နိုင်းပါ။

ဆိုတာတွေပါပဲ...။

ကဲ.. တခါတလေမှာ ဘာလို့ မလိုအပ်ပါဘဲ တိုက်ခိုက်၊ ဘာလို့ တိုက်ပွဲဝင်မလဲ..၊ အသာလေး ရှောင်ကွင်းကာ ဖြတ်ကျော်ပေါင်းစည်းလက်တွဲ လုပ်ဆောင်သွားကြဖို့ရာပဲ မဟုတ်ပါလားဗျာ...။

**** **** ****

# ၉။ လူဟာ လူ့အကြောင်းကို စိတ်ဝင်စားရမယ်

ပြောရရင် မတတ်တဲ့ စကားဆိုကြတယ်။ ပေါင်းနေ၍ မသိတာလဲ လူ့စရိုက်ပဲ ဆိုရမလားဘဲ..၊ လူဟာ သိရခက်တယ်။ မလွယ်ဘူး။ ဒါကိုသိဖို့ တချို့က ကြိုးစားရေးသားကြတာ ချီးကျူးစရာ ပါပဲ...။

ကြည့်ပါ။ 'တစ်ဖက်သားတွင် ကိုယ်တိုင်ဒုက္ခအများဆုံး တွေ့ရ၍ တခြားတစ်ဖက်သားတို့ကိုလည်း ဒုက္ခအများဆုံး ပေးသောသူသည် တစ်ဖက်သားတို့၏ ကိစ္စများတွင် စိတ်မဝင်စားသောသူသာလျှင် ဖြစ်၏။ ထိုကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များမှ လူတို့၏ ချက်ယွင်းပျက်ကွက်မှု မှန်သမျှသည် ပေါ်ပေါက်လာကြသည်'

*ဒေးဘာနက်ဂျီ၏ ငှင်းစာ (၁၂၄-၁၂၅)မှ*

အဲဒီလိုပဲ ဒေးကာနက်ဂျီက ရေးခဲ့တယ်။ တချို့က သူ့အဆိုကို ခေါင်းရှုပ်ကြသူ ရှိပါတယ်။ တစ်ခါတလေမှာ လူနဲ့ စာတွေရောထွေးသွားပြီး စရိုက်တွေ ဖုံးလွှမ်းသွားတဲ့အခါ စာအုပ်မှာပါ ရောင်ပြန်ဟပ်မှုကို ခံလိုက်ရတာမျိုးပဲ ဖြစ်ပါလိမ့်မယ်။

တချို့ သူ့အနှစ်သာရမှာ...

'အကြင်သူသည် သူတစ်ပါးကို ချီးမြှောက်တတ်၏။ အဆွေခင်ပွန်းကောင်းပြုတတ်၏။ သူ့ကျေးဇူးကို သိတတ်၏။ ကင်းသော မစ္ဆရိယရှိ၏။ သူတစ်ပါးအကျိုးကို ဆောင်ရွက်တတ်၏။ သူတစ်ပါး၏ အကျိုးကို အထူးဆောင်ရွက်တတ်၏။ သူတစ်ပါး၏ အကျိုးကို အဖန်တလဲလဲ ဆောင်ရွက်တတ်၏။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အခြံအရံရနိုင်၏'

*(ငှင်းစာ-၇)မှ*

အများအကျိုးဆောင် ကိုယ်ကျိုးအောင်လို့ ရည်ညွှန်းရေးသားခဲ့ပါတယ်။

'ပညာဆိုသည်မှာ လူ့တစ်သက်တွင် တွေ့ကြုံရသော အဖြစ်အပျက်အမျိုးမျိုးတို့ကို နိုင်နင်းစွာ ထိန်းသိမ်းစီမံ အုပ်ချုပ်နိုင်သော စွမ်းရည်သတ္တိပင်ဖြစ်သည်'

ဘယ်တော့မှ ရိုးတာသွားမယ့်စကားမျိုး မဟုတ်ပါဘူး။ အားလုံးအတွက် မှန်ကန်နေမှာဘဲ ဖြစ်ပါတယ်။

သူက လူကြိုက်များအောင် နည်း(၆)နည်းကို အကျဉ်းပြန်ထားခဲ့ပြန်ပါတယ်။

၁။ အခြားလူများအပေါ်တွင် အဟုတ်တကယ်စိတ်ဝင်စားပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ပြုံးပါ။

၃။ လောကတွင် သုတိအသာယာဆုံးသော အသံသည် မိမိ၏နာမည်ကို လူတစ်ယောက်က ခေါ်လိုက်သောအခါ ကြားရသော အသံပင်ဖြစ်ကြောင်း သတိပြုပါ။ တစ်ဖက်သား စကားပြောနေစဉ် ဂရုစိုက်၍ နားထောင်ပါ။ တစ်ဖက်သားတို့အား သူတို့၏အကြောင်း ပြောပြရန်အားပေးပါ။

၅။ တစ်ဖက်သား စိတ်ဝင်စားလျက်ရှိသည့် ကိစ္စဘက်မှ နေ၍ ဆွဲပါ။

၆။ တစ်ဖက်သားအား သူ့ကိုယ်သူ အထင်ကြီးလာအောင် လုပ်ပေးပါ။ ဤသို့ လုပ်ရာတွင် စိတ်ရောကိုယ်ပါ လုပ်ပါ…။

*(ငှင်းစာ-၂၁၄/ပတ္တ)*

ဒါဟာလဲ ရိုးရိုးသားသား ဖွင့်သွန်ရေးပြထားတာပဲ ဖြစ်တယ်။

တစ်ခုရှိတာက စာအုပ်မှာပဲဖြစ်ဖြစ် ပညာရပ်တစ်ခုခုမှာပဲဖြစ်ဖြစ် ဆရာကိုင်တပည့်ကိုင်ဆိုတာ ရှိပါတယ်။

ခု… သူ့အခံဆိုတွေဟာ လူ့အဖွဲ့အစည်းမှာ သင်တို့ ကျူပ်တို့ကို နေထိုင်ရပ်တည်ဖြစ်ဖို့ ဆရာက တပည့်ကို ပို့ချနေသလိုမျိုး ပြောဆို ရေးသားထားတာမို့ ပရိယာယ်မကြွယ် မညက်သော (ဒါမှမဟုတ်) ဩဇာမဲ့ကာ ဘဝင်မကျရာက တုန့်ပြန်လာကြတဲ့ စကားစုတွေများကြမှာပါ…။

ဒါမျိုးပဲ ဖြစ်ပါလိမ့်မယ်။

သူ့စာအုပ်မှာ လူ့လောကကို စိတ်ဝင်စားဖို့ လူသားတွေနဲ့ ရောနှော နေထိုင်ဖို့ အလိုက်သိဖို့ ပါးနပ်ဖို့ သတ္တိရှိဖို့ စတာတွေပဲ ပါခဲ့တယ် မဟုတ်လား။

တစ်နေရာမှာဆိုရင်…

'ကျွန်တော် (၈)နှစ်သားအရွယ်လောက်က ကျွန်တော်၏ ဒေါ်လစ်ဗီလင်းကလေး၏အိမ်သို့ သွားရောက်လည်ပတ်နေစဉ် တစ်ညနေတွင် အသက်အရွယ်လေးဆယ်ခန့်ရှိ လူကြီးတစ်ယောက် ပေါက်လာလေသည်။ ထိုလူကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်တော်၏ အဒေါ်နှင့် နှုတ်ခွန်းဆက်သပြီးလျှင် ကျွန်တော့်ကို လှမ်း၍ စကားပြောပါသည်။ ထိုအခါက ကျွန်တော်သည် လှေများတွင် အလွန်ဝါသနာပါလျက်ရှိရာ ထိုလူကြီးသည် လှေအကြောင်းကို ကျွန်တော် အလွန်စိတ်ဝင်စားလာအောင် ပြောပြလျက်ရှိ၏။ သူပြန်သွားသောအခါ သူ့အကြောင်းကို စိတ်အားထက်သန်စွာနှင့် ကျွန်တော်၏ အဒေါ်ထံတွင် ကျွန်တော်သည် စုံစမ်းမေးမြန်းပါသည်။ 'သူဘယ်သူလဲ အဒေါ်...၊ သူလဲ ကျွန်တော့်လိုဘဲ လှေကို သိပ်ဝါသနာပါတာဘဲ' ဟု ပြောရာ 'သူက နယူးယော့ကရှေ့ကြီးကွ မင်းရဲ့ လှေကို ဝါသနာ မပါပါဘူးကွာ' လို့ ကျွန်တော်၏အဒေါ်က ပြန်ပြောပါသည်။

ထိုအခါ 'ဒါဖြင့် ဘာဖြစ်လို့ ရောက်ကတည်းကစပြီး လှေအကြောင်းကိုချည်းပဲ သူလျှောက်ပြောနေရတာလဲ' ဟု ကျွန်တော်က ထပ်၍ မေးရာ 'မင်းက လှေအကြောင်းကို ဝါသနာပါတာကို သူသိတာ ဦးကွ...၊ ဒီတော့ မင်းကြိုက်အောင် မင်းဝါသနာပါတာကို လျှောက်ပြီး ပြောရတာပေါ့...၊ ယဉ်ကျေးတဲ့လူဆိုတာ ဒီလိုပေါ့ကွ' ဟူ၍ ကျွန်တော်၏ အဒေါ်က ပြန်ပြောပါသည်။

'ကျွန်တော်၏ အဒေါ်ပြောသော စကားများကို ကျွန်တော်သည် ဘယ်အခါမျှ မေ့မည်မဟုတ်ပါတဲ့...'

*(ငှင်းစာ-၁၈၈)မှ*

ယဉ်ကျေးတဲ့ လူဆိုတာ ဒီလိုပါတဲ့...။ ဟုတ်တယ်။ ယဉ်ကျေးတဲ့ လူဆိုတာ အလိုက်သိရတယ်။ အားနာရတယ်။ ပါးနပ်ရတယ်။ လျှင်မြန်ရတယ်။ အလိုက်မသိ ကိုယ်တုံးဘုတ်ဆိုင်းကြီးဆိုရင် ဘယ့်နှယ် ဆက်ဆံပြောဆိုလက်တွဲလို့ ဖြစ်ကြမလဲ...။

အလိုက်မသိသူတွေနဲ့ ဆက်ဆံရတဲ့အခါ ဘယ်လောက် စိတ်ပျက်စရာ ကောင်းကြပါသလဲ...။

ကိုယ့်ဖို့ တစ်ခုတည်းသာ သိပြီးသူများအဖို့ ဘာတစ်ခုမှ မသိသူတွေနဲ့ ပတ်သက်ရတဲ့အခါ...

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျ ရှုးချင်စရာပါ လူမှာခံစား ဖျားလောက်ပါတယ်လေ…။

သူ့ဘက်ကိုယ့်ဘက် နှစ်ဘက်မျှဖို့ရာ၊ မသိသူတွေ သိဖို့ရာ၊ သိသူ အတွက် ဆင်ခြင်စရာ၊ လူနဲ့ လူချင်း ဆက်ဆံခြင်းကြားထဲမှာ ပေါင်းကူး ဆက်စပ်ပေးလိုတဲ့ လူ့သဘာဝဖွဲ့ စာစုတွေဟာ ဆင်ခြင်အတုယူတတ်ရင် နှစ်သက်ကြည်နူးစရာ လက်စွဲပြုရာပါပဲ မဟုတ်ပါလားဗျာ…။

**** **** ****

## ၁၀။ တည့်တည့်ကြည့်မြင်ကိုယ့်တွက်ပင်

'သင်သည် တစ်ဖက်သားကို ဆန့်ကျင်ဘက်လုပ်၍ ငြင်းခုံခဲ့လျှင် တစ်ခါတစ်ရံ သင်ပင်လျှင် အနိုင်ရကောင်း ရပေမည်။ သို့ရာတွင် ထိုသို့ အနိုင်ရခြင်းသည် အကျိုးမရှိသော နိုင်ခြင်းသာတည်း..။ အဘယ့်ကြောင့် ဆိုသော် ထိုသို့ အနိုင်ရခြင်းဖြင့် သင်သည် တစ်ဖက်သား၏ ကြည်ညို ခြင်းကို ခံယူရရှိလိမ့်မည် မဟုတ်ပေ'၊

*(ဝှင်းစာ-၂၀)ဒုတ္တ)*

လူတို့ သိကြဖို့ရန် ခုလိုဖွင့်သွန်ရေးချပြခဲ့တယ်။ လူ့အဖွဲ့အစည်းမှာ မိမိတို့ ဒါမျိုးကြုံဘူးဖြစ်ဖူး ပါဝင်ခဲ့ကြဖူးမှာပါ…။

ဒါကို သတိထားဆင်ခြင်ကြဖို့ရာပါပဲ…။ ဘာတစ်ခုမှ မရိုးမသား စကားစု မဟုတ်ပါဘူး။

'လောကဓာတ်ဆရာဆိုတာ စင်စစ်မဝေ့ နည်းသစ်တွေကို လက်တွေ့ ကြံဖို့ မကြိုးစားပါ။ ရှိပြီးသား နည်းဟောင်းတွေကို မပေါ်ပေါ်အောင် ရှာတွာပါပဲ…'

*(ဝှင်းစာ-၃၃)*

'ပြင်းပြင်းထန်ထန် မကြိုးစားရဘဲနှင့် ကျွန်ုပ်တို့၏ စိတ်ထားများသည် ပြုပြင်ပြောင်းလဲသွားသည်ကို ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ တွေ့ရဖူး၏။ သို့ရာတွင် ကျွန်ုပ်တို့ကို တစ်စုံတစ်ယောက်သောသူက မှားသည်ဟု စွပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ ကျွန်ုပ်တို့သည် ဤသို့ပြောဆိုခြင်းကို မနှစ်မြို့သောကြောင့် ကျွန်ုပ်တို့၏ မူလသဘောထားကို မပြောင်းဘဲ ဇွတ်တရွတ် နေတတ်ကြလေသည်'

(၄င်းစာ-၃၇)

လူ့စရိုက် လူ့သဘာဝတွေကို ဖွင့်ဆိုထားတဲ့ စာစုတွေပဲ ဖြစ်ကြပါတယ်။

စိတ်ဝင်စားစရာအတိတွေပါ...။ ကြည့်ပါ..။ အချို့စာစုတွေမှာ 'တိုက်ခြင်းအားဖြင့် သင်သည် ဘယ်အခါမျှ လိုသလောက် ရမည်မဟုတ်။ သို့ရာတွင် လျှော့ပေးခြင်းအားဖြင့် သင်မျှော်လင့်သည်ထက် ပို၍ ရလိမ့်မည်'

(၄င်းစာ-၃၀၊ ၃၁)

ဒါလဲ မိမိတို့အဖို့ရာမှာ သိသိသာသာပဲ ဖြစ်ဖြစ်၊ မသိမသာဘဲ ဖြစ်ဖြစ် ကြုံဖူးဖြစ်ဖူးကြမှာပါ...။

ဘာမှ ငြင်းစရာမရှိပါဘူး။

'သင်သည် ရန်သူပေါ်များစေချင်လျှင် သင်၏ သူငယ်ချင်းများထက် သာအောင်လုပ်ပါ။ သို့ရာတွင် မိတ်ဆွေပေါ်များစေချင်လျှင် သင့်ထက် သင်၏ သူငယ်ချင်းများက သာပါစေ...'

(၄င်းစာ ၁၂၀-၁၂၁)

ဒီစကားစုဟာလဲ ဒက်ထိမှန်လွန်းတဲ့ စကားစုတွေပဲ ဖြစ်ပါတယ်။ ကိုယ့်ထက်သာ မနာလိုတို့ မနိုင်လို့သာ အရှုံးပေးရတာမျိုးတို့ ရှိပါတယ်။

ဘယ်သူမှတော့ အရှုံးပေး အနိုင်ယူတာ လိုကြမှာ မဟုတ်ပါဘူး။

'သူ့နေရာမှာ ငါနေကြည့်ရလျှင် ငါ့စိတ်ထဲမှာ ဘယ်လိုများ ဖြစ်ပါ့မလဲ...။ ဘယ်လိုများ မခံချင်စိတ်တွေ ပေါ်လာပါ့မလဲ...'

(၄င်းစာ ၁၄၁-၁၄၂)

ကိုယ်ချင်းစာဖို့ရာတွေဟာ ပြည့်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ စိတ်ဓာတ်တက်ကြွစရာတွေ…

'အကယ်၍ အပြိုင်အဆိုင်သာ မရှိခဲ့လျှင် သီအိုဒိုရုဇဗဲ့သည် မည်သည့်နည်းနှင့်မျှ အမေရိကန်ပြည်၏ သမ္မတမဖြစ်နိုင်ချေ…'

ရုဇဗဲ့သည် ကျူဗာကျွန်းမှာနေပြီး နယူးရော့ပြန်အလာမှာ နယူးရော့ အုပ်ချုပ်သူအဖြစ် အရွေးခံဖို့ ဝိုင်းတိုက်တွန်းကြတယ်။ တကယ်မှာ သူယှဉ်ပြိုင်ရမဲ့ ခဲစာရင်းမှာ မပါတာ သိလိုက်တော့ ပြန်ထွက်ဖို့ အလုပ်မှာ…

'ဘယ့်နှယ်လဲ အာဇာနည်တစ်ယောက်ဟာ သူရဲဘောနည်းတဲ့ လူတစ်ယောက်ဖြစ်သွားတော့မှာလား' ဟုစ်အော်ပြောတာ ခံလိုက်ရတယ်။ မပြိုင်ချင် ပြိုင်ချင်အောင် ပြောလိုက်တာကြောင့် သူအောင်မြင်ပြီး သမိုင်း ဘစ်ခေတ် ပြောင်းခဲ့ရတယ်။

ဒီလိုပဲ အမေရိကန်ပြည်မှာက ဆင်းဆင်းထောင်ကို အုပ်ချုပ်ဖို့ သွားဖို့ အထက်လူကြီးက ဝန်ထမ်းတစ်ဦးကို ခပ်ပြုံးပြုံး ပြောတယ်။

'ဘယ့်နှယ်လဲ ဆင်းဆင်းထောင်ကိုသွားပြီး အုပ်ချုပ်မလား…၊ အဲဒီထောင်မှာ အရည်အချင်းနဲ့ ပြည့်စုံတဲ့လူတစ်ယောက်လိုနေတယ်'

ဒါကို ချီတုံချတုံဖြစ်နေတာကို တစ်ယောက်က မခံချင်အောင်နဲ့ 'အေးလေ… မင်းသွားရမှာ ကြောက်နေတာကို ငါမကြိမ်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီထောင်ဟာ အင်မတန် ကြမ်းတဲ့ထောင်ကွ…၊ အဲဒီနေရာမှာ မဲ့ဖို့ဟာ လူစွမ်းကောင်းမှသာ ဖြစ်နိုင်မှာဘဲ…'

ဒါနဲ့ မခံချင်စိတ်နဲ့ရော မာနနဲ့ပါ။ သူလက်ခံ တာဝန်ထမ်းခဲ့ပြီး သူဟာ အကျော်ကြားဆုံးထောင်မှူး ဖြစ်ခဲ့တယ်။ ဒီအကြောင်းကို စာတစ်အုပ် ရေးတော့ အစွဲဆုံးစာအုပ်နဲ့ ရုပ်ရှင်တွေ ရိုက်ဖြစ်ခဲ့တယ်။

ဆိုပြီး ဖတ်ခဲ့ရတယ်။ လူ့စိတ်ကို မှိုင်းတိုက်သိမ်းသွင်း ဖျားယောင်း ထားတာ မဟုတ်ပါဘူး။

ကြည့်ပါ။ တစ်နေရာမှာလဲ…

www.burmeseclassic.com

www.burmeseclassic.com



'လခကောင်းရုံနဲ့ အလုပ်တစ်ခုမှာ လူကောင်းတွေ့ရလိမ့်မယ်။ ...ရင်လဲ မြဲလိမ့်မယ်လို့ ကျုပ်ဘယ်အခါတုန်းကမှ မတွေ့ခဲ့ရဘူး။ ...တွေကို ရအောင် ပြီးတော့ မြဲအောင် လုပ်ပေးနိုင်တဲ့အရာဟာ ဒီလူတွေရဲ့ ...ကို ကြွအောင်လုပ်ပေးခြင်းပဲလို့ ကျွန်ုပ်ထင်တယ်'

*(ဌေး၈၁-၁၉၀)မှ*

ဆိုတာမျိုးတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူဟာ သီးခြားနေထိုင်လို့ မရသလို အခြေအရံမရှိလို့လဲ ...ပါ။ ဆင်းရဲပေမယ့်လဲ ချမ်းသာသူနဲ့ ဆက်စပ်ပေါင်းဖော်ရတာရှိမယ်။ ...ချမ်းသာတဲ့အခါလဲ ဆင်းရဲသူတချို့နဲ့ အလုပ်တွဲလုပ်ရတာမျိုးရှိမယ် ဆိုတာပါ။

ဘာပဲဖြစ်ဖြစ် အာဏာပါဝါနဲ့ ခိုင်းတာထက် **စည်းရုံးတဲ့** နည်းဟာ ...ကောင်းဆုံးပါ။ မှန်မှန်ကန်ကန် စည်းရုံးဦးဆောင်ရမှာ 'လူ့ဝန်'တာပါ။ ...ကြောင့်...

သင့်ဘက်ပါအောင် လုပ်ရပ် နည်း(၁၂)နည်းမှာ...

- တစ်ဖက်သားကို မိမိဘက်သို့ ပါအောင် လုပ်ရန်အတွက် အကောင်းဆုံးသော နည်းတစ်ခုမှာ ငြင်းခုံနေတာကို ရှောင်ရှားပါ။
- တစ်ဖက်သားရဲ့ အယူအဆကို အလေးပြုပါ။ လူတစ်ဦးတစ်ယောက်ကို မှားတယ်လို့ ဘယ်အခါမျှ မပြောလေနဲ့။
- တကယ်လို့ သင်ဟာ မှားခဲ့ပါရင် အဲဒီအမှားကို လျင်လျင်မြန်မြန်နဲ့ လေးလေးနက်နက် ဝန်ခံပါ။
- ချိုချိုသာသာနဲ့ လုပ်ငန်းစပါ။
- တစ်ဖက်သား အလျင်အမြန် 'အင်း'လိုက်အောင် ကြိုးစားပါ။
- တစ်ဖက်သားကို သူပြောချင်တာ ဝအောင်ပြောပါစေ။
- တစ်ဖက်သားကို ပေးအပ်တဲ့အကြံဟာ သူ့ရဲ့အကြံသာ ဖြစ်တယ်လို့ အထင်ရောက်နေပါစေ။
- တစ်ဖက်သားဘက်က နေပြီး အရာခပ်သိမ်းကို ဝေဖန်ပိုင်းခြားနိုင်အောင် စိတ်ကောင်းစေတနာကောင်းနဲ့ပဲ ကြိုးစားပါ။

www.burmeseclassic.com

www.burmeseclassic.com



၉။ တစ်ဖက်သားရဲ့ အယူအဆ အလိုဆန္ဒတွေနဲ့ စပ်လျဉ်းပြီး ကိုယ်ချင်း တတ်ပါစေ။

၁၀။ မြင့်မြတ်တဲ့ စိတ်ဓာတ်ကို ထိခိုက်အောင် လုပ်ပေးပါ။

၁၁။ သင့်ရဲ့ အကြံအစည်တွေနဲ့ တစ်ဖက်သားရဲ့ စိတ်အာရုံကို ဆွဲနိုင်အောင် ပြုပြင်ပေးပါ။

၁၂။ သူတို့ရဲ့ မခံချင်တဲ့စိတ်ကို ဆွပေးပါ။

ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒါဟာ အလုပ်လုပ်ရာမှာ သိကြဖို့စေရာအတွက် ရေးထားခဲ့တာပါ နေ့အေးလိမ်နည်းတွေမျိုး မဟုတ်ပါဘူး ဆိုတာပါ…။

ဒီစာဟာ ဒါမျိုးနဲ့ မနှိုင်းအပ်ရာပါဘူး။

စာအုပ်နာမည်စီးလွန်းသွားလို့ တချို့မလိုသူတွေက တစ်မျိုးတစ် တန်ပြန်ပြောဆိုကြတာပဲ ဖြစ်ပါလိမ့်မယ်။

မိမိသိရသလောက် လောကကြီးမှာ လူတွေအများစုဟာ သူများ ယောင်ရင် လိုက်ယောင်ကြတာသာ များပါတယ်။

တကယ် ဂဃဏန သိသူလေ့လာသူဟာ နည်းကြပါတယ်။ မျက်မမြင်ပုဏ္ဏားတွေ ဆက်စမ်းသလိုသာ များကြပါတယ်။

ဒါကြောင့် ဘဝမှာ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ် မယ်ဆိုသလိုပဲ…။

မိမိကိုယ်တိုင် လုပ်ချင်တာကို ဘာမဆို မရမနေမဖြစ်မနေ တကယ်လုပ်ပါ။ လျှောက်လှမ်းပါ။ ဖြတ်သန်းပါ။ ပွားများပါ။ ရယူပါ။

မိမိသည်သာ အားကိုးရာ အစစ်ကေန်ဖြစ်တယ်။ မိမိမှ တစ်ပါး အခြားမရှိပါ။ ကိုယ်လုပ်မှ ကိုယ်ရတယ်သာ ဆိုပါတော့ဗျာ…။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၁။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး

'အချစ်ကိုပြယ်အောင်လုပ်ရန် အစွမ်းဆုံးသော ဆေးသည် နားပူနားဆာ လုပ်ခြင်းပင်ဖြစ်၏။ ဤဆေးကို သုံးလိုက်လျှင် မည်သည့် အချစ်မျိုးမျှ မခံနိုင်။ မြွေဟောက်၏ အဆိပ်သည် သတ္တဝါဟူသရွေ့ကို သတ်ဖြတ် ဖျက်ဆီးနိုင်သလို နားပူနားဆာ လုပ်ခြင်းသည်လည်း အချစ်ဟူသမျှကို သတ်ဖြတ် ဖျက်ဆီးပစ်နိုင်၏။' (၄င်းစာ ၂၇၃)မှ

နားပူနားဆာလုပ်တာ ဘယ်သူ့အတွက်မှ မကောင်းကြပါဘူး။ ရုရှ စာရေးဆရာကြီး တော်လ်စတွိုင်းဇနီး သေဆုံးခါနီးမှာ သူ့သားသမီးတွေကို သူ နားပူနားဆာ လုပ်မိခဲ့တယ်လို့ သူ့ယောက်ျားနဲ့ပတ်သက်ပြီး ဖွင့်ဟဝန်ခံသွားခဲ့ တယ်လို့ ဖတ်ရဖူးပါတယ်။

တကယ်လည်း တော်လ်စတွိုင်းဟာ နားပူနားဆာဒဏ် မခံနိုင်လို့ အိမ်က ထွက်ပြေးရင်း သေဆုံးခဲ့ရတာဘဲ မဟုတ်ပါလား…။

မိမိတို့ လူမှုရေးပတ်ဝန်းကျင်မှာ တစ်ဦးနဲ့တစ်ဦး ဆက်နွယ် ပတ်သက်ပြီး နေကြတာဘဲ ဖြစ်တယ်။

ပြီး… သာသနာဘောင်ဝင် ဘုန်းကြီးမို့လို့လဲပဲ လူသူနဲ့ ကင်းကွာလို့ မရနိုင်ပါဘူး။ တကာတကာမရှိမယ်။ လူသူတို့ရဲ့ တချို့ ရေးနာရေးကိစ္စတွေ ရှိမယ်။ မကင်းကွာကြပါဘူး။

လူမှာလည်း အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာဆိုတာတွေလဲ ရှိတာပဲ တော်လား…။

လင်မယားချင်း တကျက်ကျက်ဖြစ်ရင် သားသမီးတွေ ဒုက္ခရောက် ရပါတယ်။

ဒီလိုဖဲ ရပ်ကွက်တွေမှာ လင်မယားချင်း သတ်ကြပုတ်ကြ တကျက် ကျက်ဖြစ်ရင် မောင်နဲ့နှမ သားနဲ့အမိ အတူထိုင်နေလို့ မရတဲ့အထိ ဆဲဆို လုပ်ပြတာဖြစ်တတ်ကြပါတယ်။ ရှက်စရာ မျက်နှာပူစရာ အော်ဆဲဆန် ဘဲ…။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ဆိုတာ ဒီလိုပါပဲ။ ပန်းတစ်ပင်ပွင့်နေရင် ဝန်းကျင်တစ်ခွင်လုံး မွှေးကြိုင်ပြီး ကျက်သရေရှိနေတယ်။ အားလုံးအတွက် ကောင်းတယ်။

ဒီလိုပဲ ဝန်းကျင်မှာ ကြွက်တစ်ကောင် ပုပ်နေရင် တစ်ရပ်ကွက်လုံး နံစော်နေတယ်။ ကျက်သရေမရှိဘူး။

စကားပုံမှာလဲ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာ ရှိတယ်မဟုတ်လား။

ဒါကြောင့် အများဆုံး မတည့်အတူနေဖြစ်တတ်ကြတဲ့ သူတွေအတွက် 'အကြင်လင်နှင့်မယားတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေနိုင်ဖို့ရာ နည်း(၇)နည်း' မှာတော့…

၁။ နပူနားဆာ မလုပ်နဲ့…။

၂။ အကြင်လင်မယားတို့ဟာ တစ်ဦးကိုတစ်ဦး ငြီးငွေ့အောင် မလုပ်သင့်

၃။ ဆူပူကြိမ်းမောင်းတာမပြုနဲ့။

၄။ စေတနာနဲ့ ချီးကျူးရန် မမေ့နဲ့။

၅။ တစ်ဖက်သားကို ကြင်နာယုယပါ။

၆။ ရိုသေလေးစားပါ။

၇။ အိမ်ထောင်သည်တို့ရဲ့ ရာဂစိတ်ပြေငြိမ်းကြောင်း စာအုပ်ကောင်းများ ဖတ်ပါ…။ ဆိုပြီး ရေးထားခဲ့ပါတယ်။

မှတ်သားစရာပါ။ အဲဒီနောက်နားမှာမှ သီးသန့် ယောကျ်ား မိန်းမ အတွက်ဆိုပြီး ရေးသားထားခဲ့ပါသေးတယ်။ ပထမကတော့ '**ယောကျ်ားသား အတွက်**' က…

၁။ သင်သည် သင်၏မိန်းမနှင့် မညားမီအခါက ဂရုစိုက်ခဲ့သကဲ့သို့ ယခုတိုင် ပန်းကလေးကအစ လက်ဆောင်ကလေးကအစ ပေးလျက် ရှိသေးသလား။ မညားမီက ကဲ့သို့ သင်၏ မိန်းမအပေါ်တွင် ကြင်ကြင် နာနာနှင့် ယုယပိုက်ထွေးခြင်း ရှိပါသေးရဲ့လား။

၂။ အခြားသူများရှေ့တွင် သင့်မိန်းမကို ပြစ်တင်ဆူပူကြိမ်းမောင်းခြင်း မျိုးမှ အထူးဂရုစိုက်ကာ ရှောင်ရှားပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သူသဘောကျသလို သုံးစွဲနိုင်ရန် သင့်မိန်းမကို အိမ်စရိတ်အပြင် ငွေပိုများ ပေးပါရဲ့လား။

သင့်မိန်းမ၏ အလိုဆန္ဒတို့ကို ကောင်းစွာ သိရှိအောင် သင်ကြိုးစား ပါရဲ့လား။ သင့်မိန်းမသည် ပင်ပန်းနွမ်းနယ်လျက်ရှိသောအခါ၌ ၄င်း၊ စိတ်မအီမသာ ဖြစ်နေသည့်အခါ၌၄င်း သင်သည် သင့်မိန်းမကို အကူအညီ ပေးပါရဲ့လား။

သင်သည် သင်ရသော အားလပ်ချိန်ကို တစ်ဝက်ခွဲ၍ သင့်မိန်းမနှင့် အတူတူ ကြည်ဖြူစွာ နေထိုင်ပါရဲ့လား။

သင့်မိန်းမ၏ အချက်အပြုတ်နှင့် အိမ်ထောင်ထိန်းသိမ်းမှုသည် သင့်မိခင် သို့မဟုတ် ကိုယ့်မိန်းမ၏ အချက်အပြုတ် အိမ်ထောင် ထိန်းသိမ်းမှုထက် ညံ့သည်ဟုမပြောဘဲ ပို၍ကောင်းသည်ဟု အလိမ်မာဖက်ကာ ယှဉ်ပြပါရဲ့လား။

သင့်မိန်းမ ဖတ်ကြားသောစာအုပ်များ၊ သင့်မိန်းမ၏ အပေါင်းအပါများ။ မြို့ရွာအရေးနှင့် စပ်လျဉ်း၍ သင့်မိန်းမ၏ ယူဆချက်များအပေါ်တွင် သင်သည် အသေအချာ စိတ်ဝင်စားပါရဲ့လား။

သင်သည် သဝန်ကြောင်သောစကားမျိုးကို မသုံးဘဲနှင့် သင့်မိန်းမအား အခြားယောကျ်ားများနှင့်အတူ စကားပြောဆိုသည်ကို၄င်း မိတ်ဆွေကို ဂရုစိုက်ပြုစုသည်ကို၄င်း ခွင့်ပြုနိုင်ပါရဲ့လား။

အခွင့်အလမ်းများပေါ်တိုင်း သင့်မိန်းမကို ချီးကျူးရန်နှင့် မြှောက်စား ရန်အတွက် သင့်မှာ အသင့်ရှိပါရဲ့လား။

သင့်အင်္ကျီကြယ်သီးပြုတ်နေသည်ကို ပြန်တပ်ပေးခြင်း၊ သင့်ခြေအိတ် ပေါက်သည်ကို ဖာပေးခြင်း၊ သင့်အဝတ်အစားများကို ဖွပ်လျှော် ပေးခြင်း စသော အလုပ်ကလေးများအတွက် သင်သည် သင့်မိန်းမကို ကျေးဇူးတင်စကားများ ပြောကြားပါရဲ့လား။

ဆိုတာတွေပဲ ဖြစ်ပါတယ်။

ပြီးမှ "မိန်းမများအတွက်..."

www.burmeseclassic.com

www.burmeseclassic.com



၁။ သင့်ယောက်ျား၏ အလုပ်တွင် ဝင်မစွက်ဘဲ သီးသန့်နေပါရဲ့လား။ သူ့အပေါင်းအသင်းများကို ဘယ်သူနဲ့ မပေါင်းနဲ့၊ ဘယ်သူဟာ လူရှုပ်ဘဲ၊ အစရှိသည်ဖြင့် အပြစ်ပြောခြင်း၊ သူ့အလုပ် လက်ထောက် ကို ခန့်ထားရာတွင် ဝင်ရောက်ပြောဆိုခြင်း၊ သူသွားလာလည်ပတ်ရာ ဆူပူခြင်းများမှ ကင်းလွတ်ပါရဲ့လား။

၂။ သင့်နေအိမ်နှင့်တကွ သင့်အပေါ်တွင် သင့်ယောက်ျားသည် စိတ်ဝင်စား နေအောင် သင်သည် အစွမ်းကုန် ကြိုးစားပါရဲ့လား။

၃။ ယနေ့ကတော့ ဟိုဟာကြီးကို စားရအုံးတော့မှာဘဲ ဟူ၍ စိတ်ထဲမှာ မတွေးတောနိုင်အောင် စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို သင်ကိုယ်တိုင် စီမံ၍ သင့်ယောက်ျားအား ချက်ပြုတ်ကျွေးမွေး ပါရဲ့လား။

၄။ သင့်ယောက်ျားသည် သူ့အလုပ်အတွက် သင့်ထံမှ အကူအညီ လိုချင် ပါလျှင် အကူအညီပေးနိုင်အောင် သင့်ယောက်ျား၏ အလုပ် အကြောင်းကို သင်သည် လေ့လာပါရဲ့လား။

၅။ စီးပွားပျက်သောအခါ ဘယ်သူတွေ လုပ်လိုက်တာ၊ ဘယ်လို ချမ်းသာသွားတာဘဲ၊ သူ့လုပ်ပုံက အဲဒီလိုဖြစ်ပေါ့ အစရှိသည်ဖြင့် သင့်ယောက်ျားကို ဆူပူခြင်းမလုပ်ဘဲ အေးအတူပူအမျှ ခံနိုင်သော သတ္တိ သင့်မှာရှိပါရဲ့လား။

၆။ သင့်ယောက်ျား၏ မိခင်နှင့်သော်လည်းကောင်း၊ ဆွေမျိုးညာတိ များနှင့်သော်လည်းကောင်း၊ သင့်တင့်ညီညွတ်စွာ ပေါင်းသင်းဆက်ဆံ နိုင်ရန် ကြိုးစားပါရဲ့လား။

၇။ အဝတ်အစား ဝတ်ရာ၌လည်းကောင်း၊ သင့်ယောက်ျား မကြိုက်သော အဆင်နှင့် အဝတ်အစားများကို ရှောင်ရှားပြီးလျှင် သင့်ယောက်ျား ကြိုက်သော အဆင်နှင့် အဝတ်အစားများကို ဝတ်ဆင်ပါရဲ့လား။

၈။ လင်မယားချင်း သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရန်အတွက် အနည်းငယ် သဘောကွဲလွဲချက်များကို သင်သည် လိုက်လျောပါရဲ့လား။

၉။ သင့်ယောက်ျား၏ အားလပ်ချိန်များတွင် အတူနေနိုင်ရန် သင့်ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသော အားကစားများကို သင်ကိုယ်တိုင် သင်ကြားထားပါရဲ့လား။
သင့်ယောက်ျား၏ ပညာပါရမီကို ကူညီဖြည့်သောအားဖြင့် နေ့စဉ်
သတင်းထူးများ စာအုပ်သစ်များ အကြံအစည်သစ်များကို သင်ကိုယ်တိုင်
စုဆောင်းပေးပါရဲ့လား။

ဆိုတာတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒါတွေဟာ ဘယ်ခါမှ ရိုးသွားမှာ မဟုတ်ပါဘူး။ အိမ်ထောင်နေကြမှာ နားလည်နေကြရမှာပါ။ ကမ်းဆင့်ဆင့်ပွားပြုမူလုပ်ဆောင်နေကြရမှာဘဲ မဟုတ်ပါလား။

ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေးဆိုတာ ရှိပါတယ်။ မေးမြန်းဆွေးနွေးခံစားပြုမူ အတူယူ ခရီးဆက်သွားကြဖို့ပါ။ ဘဝခရီးမှာ လန်းရွှင်ကြည်သာမှုနဲ့အတူပါ။ အနာသိမှ ဆေးရှိဆိုကြတယ် မဟုတ်လားဗျာ။ ဆွေးနွေးညှိကြမှလဲ အဖြေမှန် သိကြမယ်လေ...။

**** **** ****

# ၁၂။ မြတ်နိုးပါသည် ဒီမိုကရေစီ

## ဒီမိုကရေစီအတွေး

ဤကမ္ဘာ၌ ပြည်သူတို့၏ လွတ်မြောက်ရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ရင်း အသက်ကို ပေးလှူရခြင်းထက် ပို၍ မြတ်သောအလုပ်နှင့် ပို၍ ကြီးမားသော ဂုဏ်မရှိနိုင်တော့ပြီ။

*(ဗိုလ်ချုပ်အောင်ဆန်း)*

ကမ္ဘာပေါ်၌ များစွာရရှိနိုင်သော စည်းစိမ်ဥစ္စာတို့သည် အနည်းငယ်မျှသော သူတို့ထံတွင် စုပုံနေသမျှ ကာလပတ်လုံး လူတို့၏ စိတ်မှာ စစ်ကိုသာမက ကမ္ဘာပျက်ဖို့ကိုပါ တောင့်တကြပေမည်။

*(မိုးနင်း)*

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားသည် စကားလုံးများမဟုတ်။ တကယ်တမ်း ကျင့်သုံးမှုဖြင့်သာ တည်ရှိ၏။

*(မဟာတ္တမဂန္ဒီ)*

ကျွန်တော်တို့ အမျိုးသား ကျောင်းသားတွေဟာ ကျောင်းစာကို ကုန်းဖတ်နေရုံနဲ့ တာဝန်ကျေပြီလို့ မဆိုနိုင်ဘူး။ ဗမာပြည်ကြီး သူများလက်အောက်ခံကျွန်ဖြစ်တာကို ကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လိုဖန်တီးကယ်တင်ရမယ်ဆိုတာ ခုနေကတည်းက စဉ်းစားဖို့တော်ပြီ။ ဒါတွင်မကသေးဘူး။ အခု ခင်ဗျားတို့ ကျွန်တော်တို့ ရာဇဝင်ဘာသာ သင်နေရတယ်။ ရာဇဝင်ကို တတ်သိနားလည်ရုံနဲ့ မပြီးဘူး။ ရာဇဝင်ကို ဖန်တီးနိုင်တဲ့လူတွေ ဖြစ်ပေါ်အောင် ကိုယ်တိုင် ကြိုးစားဖို့လိုတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

သူ့အထက်တန်းကျောင်းသားဘဝက ပြောခဲ့တဲ့စကားတွေကို ဖတ်ခဲ့ရတာ မှတ်မိနေမိပါတယ်။

ပြီး.. မိမိ ဟိုဟိုဒီဒီမှတ်စုတွေ ထုတ်နေမိပါတယ်။

## <u>ဒီမိုကရေစီအတွေးနဲ့အရေးအတွက်ပါလေ</u>

မိမိ ဒီဆောင်းပါးစုတွေကို ပထမတုန်းက ခုလိုစာအုပ်အဖြစ် စုစည်းထုတ်ဝေဖို့ မရည်ရွယ်ခဲ့ပါဘူး။ အလျဉ်းသင့်ရာ သတင်းစာနဲ့ ဂျာနယ်စာစောင်တစ်ခုခုမှာ ရေးသားဖော်ပြသွားဖို့ပဲ စိတ်ကူးခဲ့ပါတယ်။

ဒါပေမဲ့ ရည်ရွယ်သလို မဖြစ်ခဲ့တာမို့ စာရေးသူတို့ရဲ့ ထုံးစံအတိုင်း ရေးပြီးသား စာမူကို သိမ်းထားရတာ အင်မတန် ခက်ခဲတတ်ပါတယ်။ ပုံနှိပ်ဖြန့်ချီပြီးမှပဲ စာမူဆိုတာ တာဝန်အေးရပါတယ်။ ဒါကြောင့်မို့ မူလအစီအစဉ်ဖျက်ပြီး အဆိုးဆုံးအခြေအနေကို အကောင်းဆုံးဖြစ်အောင် လုပ်တတ်ကြရသူတို့ရဲ့ ထုံးစံအတိုင်းပါပဲ...။

ခုလို စာအုပ်ငယ်စာစုတစ်ခုရဲ့ အင်္ဂါရပ်နဲ့ ညီညွတ်အောင်ပြင်ဆင်ဖြည့်စွက်ပြီး ပြုပြင်ပြီးတော့ ရွေးမိပြီးသားဖြစ်ခဲ့တဲ့ စာငယ်တွေကို ခုလိုထည့်သွင်း တင်ဆက်ဖော်ပြလိုက်ရတာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမက စီစဉ်ထားတာထက် ဆောင်ကျယ်ခဲ့တာမို့ အတွေးတွေကလဲ ကျယ်လို့ နေမိပါတယ်။ စိတ်တွေကလဲ ဟိုရောက်ဒီရောက် နဲ့ပါလေ။ အကြောင်းရာတွေကိုလဲ ဟိုရှာဒီရှာနဲ့ပါပဲ။ ဒီမိုကရေစီဝါဒနဲ့ သက်ဆိုင်တဲ့ ပတ်သက်တဲ့ အဆိုအမိန့်တွေအတွက်ကိုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီမိုကရေစီရဲ့ ဖြစ်စဉ်ကြီးတွေကိုတော့ အများလည်း ရေးပြီး သားမို့ ဒီနေရာ ရေးမနေချင်တော့ပါဘူး။ ဒီမိုကရေစီနဲ့ ပတ်သက်ပြီး မိမိ တွေးထင်ထားသလို ခံစားနားလည်ထား မြင်ထားသလို၊ ဒါမှမဟုတ် စူးစမ်း ဆင်ခြင် လေ့လာထားမိတာကို လိုရင်းတိုရှင်းကို သုံးသပ်ရေးသားတင်ပြ လိုရင်းပဲ ဖြစ်ပါတယ်။

ဒါအတွက် ဆက်စပ်မှုရှိမရှိနဲ့ စာဖတ်သူခံစားရမရ သည်းခံခွင့်လွှတ် ပေးကြဖို့ရာ ကြိုတင်တောင်းပန်ရင်းက ဒီနိဒါန်းကို အောက်ပါစာစုနဲ့ ဆုံးသတ် ဖွင့်လှစ်လိုက်ပါရစေ…။

'ကျွန်ုပ်အဖို့ ဤလောက၌ ကွန်မြူနစ်ဝါဒဆိုသည်ကိုလည်း တွေ့ရပါ။ အရင်းရှင်ဝါဒကိုလည်း မမြင်ရပါ။ ကျွန်ုပ်မြင်သည်ကား ထိုဝါဒ အားလုံးသည် အကြမ်းဖက်သော အဓမ္မဝါဒများမဟုတ်မမှန် လှည့်ပတ် ပြောဆို၍ ဝါဒဖြန့်နေကြသော မုသာဝါဒများသာလျှင် ဖြစ်ပေတော့၏။ ယခုအခါ ကျွန်ုပ်တို့ နေထိုင်သည့် ကမ္ဘာပေါ်တွင် အဓမ္မဝါဒီနှင့် မုသာဝါဒ တို့သာလျှင် တွင်ကျယ်စွာ ထွန်းကားလျက် နေကြလေပြီ'

*(ဆိုလ်ဇင်နစ္စင်)*

သူ့ နိုဘယ်ဆုအတွက် သဝဏ်လွှာမှ ဖြစ်ပါတယ်ခင်ဗျား။ ဒီမိုကရေစီ အတွေးနဲ့ အရေးတွေပါ။ အများစဉ်းစားဝေဖန်ချင့်ချိန်ကြဖို့ပါ…။

## ဒီမိုကရေစီအရေး

တိုင်းသူပြည်သားလူအများဟာ ဥမကွဲသိုက်မပျက် တစ်ညီ တစ်ညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ညတွင် တိုင်းပြည်သို့ အသံလွှင့်ပြောကြားသော မိန့်ခွန်း)မှ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်စကားဟာ မေးသွားပမာ ထက်မြက်နေမြဲပဲ ဖြစ်ခဲ့ပါတယ်။ ယခု ဒီမိုကရေစီအရေးမှာလဲ အားပေးရှေ့ဆောင်နေမြဲ စကားစုတွေပဲ ဖြစ်ပါတယ်။ ယခု ဒီမိုကရေစီလမ်းစဉ်မှာလဲ ရှေ့ဆောင်လမ်းညွှန်နေဆဲ စကားစုတွေပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် ကြားနာမှတ်သားကာ နာခံမှတ်သားသင့်မြဲသာပဲ ဖြစ်ပါတယ်။

ယခုနောက်ပိုင်းမှာ ဆရာတက်တိုးကလည်း ဒီမိုကရေစီနဲ့ ပတ်သက်ပြီး သတင်းစာကြီးတစ်စောင်မှာ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ ပါတယ်။

အဲဒီထဲက ဆရာ့ဆိုလိုချက်ကို စာရေးသူ ထပ်မံထုတ်နှုတ် တင်ပြပါရစေ··။

'ဒီမိုကရေစီသည် ငြိမ်းချမ်းသောနည်းဖြင့် လူ့အခွင့်အရေးများ လူတိုင်း ညီတူညီမျှရရှိသော အခြေအနေကို ညွှန်သည်။ ထိုအခြေအနေမျိုး ပေါ်ထွန်းစေရန် ကြိုးပမ်းမှုတွင် လေးနက်ခိုင်မြဲသော စိတ်ဓာတ်သည် အလွန်ပင် လိုအပ်လှ၏။ ထိုဒီမိုကရေစီ စိတ်ဓာတ်ကို မွေးမြူကြရမည်သာ ဖြစ်၏။ စိတ်ရှည်လက်ရှည် လေ့ကျင့်ရပါလိမ့်မည်။ အမြဲတစေ ကျင့်သုံးရပါလိမ့်မည်။ ဒီမိုကရေစီ ရရှိရေးကြိုးပမ်းမှုသည် ရေရှည်လုပ်ငန်း ဖြစ်သည်။ အစဉ်အဆက် ပြုစုပျိုးထောင်ပြီးလျှင် ထာဝစဉ် ရှင်သန် လန်းဆန်းစေနိုင်မှသာ ဒီမိုကရေစီ အခြေအနေ တည်မြဲလာမည်။ ဒီမိုကရေစီ စိတ်ဓာတ်ကို နှလုံးရည် သတ္တိဖြင့်သာ ဖြစ်ထွန်းစေနိုင်ပါသည်။ လူသည် သတ္တိနှစ်မျိုး ရှိပါသည်။ သတ္တိဆိုသည်မှာ အင်အားပင်ဖြစ်၏။ ထိုနှစ်မျိုးမှာ ကိုယ်ကာယအင်အားနှင့် စိတ်ဓာတ်အင်အားဖြစ်သည်။ ပထမအင်အားမှာ အပေါ်ယံမှာ တည်ရှိသဖြင့် ထင်ပေါ်၏။ ဒုတိယအင်အားမှာမူ အတွင်းခံဖြစ်သဖြင့် လူအများ မြင်နိုင်ခဲ၏။ ထို့ကြောင့် ကာယအင်အားဖြင့် သတ္တိပြသူတို့ကို လူအများက သူရဲကောင်းများဟု ခေါ်ပြီး ချီးကျူးကြသည်။ စိတ်ဓာတ်အင်အား နှလုံးရည်သတ္တိကိုမူ ကြည့်တတ်မှ မြင်နိုင်သည်။ ထည်ထည်ဝါဝါမရှိပေ။ သို့သော် အရည်အသွေးအားဖြင့် စိတ်ဓာတ်အင်အားသည် ပို၍ မြင့်၏။ ပြုစုရသည်မှာလည်း မလွယ်ပေ။

လက်နက်ရှိလျှင် လက်နက်အားကိုးနှင့် အာဏာကို အလွဲသုံးစားကာ

www.burmeseclassic.com

www.burmeseclassic.com



အာဏာရှင်ဖြစ်နိုင်သည်။ ကမ္ဘာ့သမိုင်းစဉ်တွင် ထိုဖြစ်ရပ်သာဓကများ အသုံးအပင်ရှိသည်။ လက်နက်မကိုင်စွဲဘဲ ကိုယ်ကျင့်တရား ကောင်းမွန် ခိုင်မြဲစွာ ဖြင့် မေတ္တာကရုဏာ စသည့် ဗြဟ္မစိုရ်ရတရားတို့ကို လက်နက်အဖြစ် ကျင့်သုံးမှုကို ဖော်ညွှန်းသည့် ဒီမိုကရေစီဝါဒီဖြစ်ဖို့ မလွယ်ပေ'

လို့ ဆိုထားခဲ့ပါတယ်။ ဆရာ့တင်ပြချက်တွေမှာ မှတ်သားစရာ ကောင်းလှပါတယ်။ လုပ်ရပ်တဲ့သတ္တိတွေကိုပါ တဖွဲ့တနွဲ့ ရေးပြလို့ ထားခဲ့ပါတယ်။ လူမှာ စိတ်ဓာတ်အင်အားဟာ အရေးကြီးဆုံးဖြစ်ပုံကို ရေးပြထားခဲ့ပါတယ်။ အားလုံးမှာ မှတ်သားစရာချည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာ့အဆိုကို ကြည်ညိုရင်း က ထပ်ဆင့်ပြီး တခြားအလားတူ စာဆိုသုံးပုဒ်နဲ့ ညွှန်းဆိုလိုက်ပါရစေ။ ဒီကနေ့ ဒီမိုကရေစီရဲ့ ပွဲတင်လှိုင်းခတ်သံအတွက် ဆင့်ပွားမှုလဲ ဖြစ်ပါတယ်။

'မရှုံးအောင် ဆောင်ရွက်ရန် အသေချာဆုံးနည်းမှာ အောင်ရမည်ဟု စိတ်ဆုံးဖြတ်ခြင်းပေတည်း'

*(ရှုပ်ချီဒန်)*

'လူတို့သည် လွတ်လပ်ခြင်း ကွယ်ပျောက်သည့်အခါ ငါ့မင်းငါ့ချင်း ဖြသူတို့သည် နိုင်၍အားမရ၊ တရားလွန်၍ ကျင့်ကြံမြဲဖြစ်ရာ၊ ဖိစီးခြင်းခံရသူများ သည် လူသတ္တဝါတို့၏ စာရိတ္တကို ယုတ်နိမ့်စေခြင်း၏ အကြောင်းအရာ ဖြစ်သဖြင့် မိမိကိုယ်ကို လွတ်မြောက်အောင် လုပ်ရပ်ခြင်းသည် လူသားတို့၏ အဆင့်အတန်းကို မြှင့်ပေးခြင်းပင် ဖြစ်သည်'

*(လွတ်လပ်မှုကျမ်း)မှ*

'ကျော်ကြားမှုတို့ ပစ္စည်းဥစ္စာတို့ကို ကျွန်တော် မလိုချင်ပါဘူး။ ပြည်သူလူထုက ယုံယုံကြည်ကြည် ပေးအပ်လာတဲ့ တာဝန်ကိုယူပြီး ကျွန်တော် ဟာ နိုင်ငံတော်က အမိန့်ပေးတဲ့အတွက် ရှေ့တန်းစစ်မျက်နှာကို ချီတက်ရတဲ့ တပ်မတော်သားပမာ တာဝန်ကိုသာ လိုချင်သူ ဖြစ်ပါတယ်'

*(ဟိုချီမင်း)*

## ရှင်သန်တဲ့လက်နက်သည်ဒီမိုကရေစီ

'ဒီမိုကရေစီအစိုးရစနစ်ဟာ ပြည်သူလူထု အကျိုးစီးပွားအတွက် ပြည်သူလူထုဆန္ဒဖြင့် အုပ်ချုပ်တဲ့ပြည်သူ့အစိုးရပါပဲ...'

*လင်ကွန်း(အမေရိကန်သမ္မတကြီး)*

www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလို အမိပ္ပါယ်ဖွင့်ဆိုခဲ့ပါတယ်။

ပင်မမူလအခြေခံအနေနဲ့ ဒီမိုကရေစီနှစ်မျိုးနှစ်စား ခွဲခြားလို့ရပါတယ်။

(က) လူထုထံက တိုက်ရိုက်ဆင်းသက်လာတဲ့ ဒီမိုကရေစီ။

(ခ) လူထုကိုယ်စားလှယ်တွေက ဆင်းသက်လာတဲ့ ဒီမိုကရေစီပဲ ဖြစ်ပါတယ်။

ဒါကို အထူးရှင်းလင်းနေဖို့ လိုမှာမဟုတ်ပါဘူး။ လူထုဆီက တိုက်ရိုက်ဆင်းသက်လာတဲ့ ဒီမိုကရေစီဆိုတာ လူထုဆီက တိုက်ရိုက်သိရှိခံစားရတဲ့ အာသာဆန္ဒတွေကို ဆိုလိုတာပဲ ဖြစ်ပါတယ်။

လူထုကိုယ်စားလှယ်တွေက ဆင်းသက်လာတဲ့ ဒီမိုကရေစီဆိုတာကတော့လဲ ထို့အတူပဲ ဖြစ်ပါတယ်။

လူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပုဂ္ဂိုလ်တွေဆီက တစ်ဆင့်ပြည်သူလူထုက ထပ်မံကြားနာရတဲ့ ပွဲတင်သံတွေပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ တရားသေသဘော မဟုတ်ပါ။ သူ့မှာ ရှင်သန်သက်ဝင်နေတဲ့ ဒီရေအဟုန်ရှိပါတယ်။ ဒီမိုကရေစီအကြောင်းကို ပြောရရင် ယခုထိ ဒီမိုကရေစီဟာ ဖြစ်စဉ်သုံးရပ်ကို ဖြတ်သန်းလာတယ်လို့ ဆိုရပါမယ်။ ဒါဟာ လေ့လာတွေ့ရှိရတဲ့ထဲကပဲ ဖြစ်ပါတယ်။ ကြည့်ပါ။ အဲဒါကို ခွဲခြားကြည့်လိုက်တဲ့အခါ…

(က) မူလဒီမိုကရေစီစနစ်။

(ခ) ရှေးဟောင်းဒီမိုကရေစီစနစ်နဲ့၊

(ဂ) ခေတ်သစ်ဒီမိုကရေစီစနစ်တို့ပဲ ဖြစ်ပါတယ်။

(က) 'မူလဒီမိုကရေစီစနစ်' ဆိုတာကတော့….

ရှေးအခါက ပစ္စည်းရှင်ပစ္စည်းမဲ့ မခွဲဘူး။ ပညာရှိ ပညာမဲ့လို့ မခွဲဘူး။ ဇာတ်နိမ့်ဇာတ်မြင့် မခွဲဘူး။ အရွယ်ရောက်သူတိုင်း လူ့အခွင့်ကိစ္စတွေတိုင်းမှာ ပါဝင်ဆွေးနွေး လုပ်ဆောင်လို့ရကြတယ်။ ပြီး အများလူထုကြိုက် ခေါင်းဆောင်ကို အများစုက စုရုံးရွေးကောက်တင်မြှောက်ကြရတယ်။ အဲဒီလို ရွေးချယ်ခံခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ပုဂ္ဂိုလ်ဟာ လူထုကိုယ်စား လူထုနဲ့ တိုင်ပင်ဆွေးနွေးပြီး အလုပ်လုပ်ရတယ်။ ဒါပေမဲ့ အဲဒီခေတ်တုန်းက ခေါင်းဆောင်ဖြစ်သူမှာ အာဏာမရှိဘဲ လူထုက ပေးအပ်ထားတဲ့ တာဝန်ပဲ သူ့မှာရှိတယ်။ အဲဒီကနေ တဖြည်းဖြည်း ခေါင်းဆောင်ဝတ္တရားမှာ အာဏာသိမ်းသွင်းပြီး မင်းအဖြစ်သို့ ရောက်ခဲ့ရတယ်လို့ ဆိုပါတယ်။

(ခ) ရှေးခေတ်ဒီမိုကရေစီစနစ် ထွန်းကားခဲ့တဲ့ ဂရိနဲ့ ရောမမြို့တော်တွေမှာ လူနည်းစုကနေ တဖြည်းဖြည်း မြို့နေလူဦးရေ များပြားလာတဲ့အခါ တစ်နေရာတည်းမှာ လူအားလုံး စုဝေးဖို့ ခဲယဉ်းလာတယ်။ ဒါနဲ့ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်တဲ့ အလေ့အထပေါ်လာတယ်။ လူများစုတွေက ယုံကြည်ရတဲ့ကိုယ်စားလှယ်တွေအဖြစ် ရွေးကောက်လို့ အဲဒီကိုယ်စားလှယ်တွေကတစ်ဖန် တွေ့ဆုံဆွေးနွေးကြပြီး လူအများက လိုက်နာဖို့ ဥပဒေတွေကို ပြဋ္ဌာန်းတယ်။ ဒါပေမဲ့ ခုခေတ်ပြည်သူအများ နှစ်သက်တဲ့ ဒီမိုကရေစီစနစ်မျိုးထိတော့ မဟုတ်သေးပါဘူး။

(ဂ) ခေတ်သစ်ဒီမိုကရေစီစနစ်...

ယခု ဒီခေတ်သစ်ဒီမိုကရေစီစနစ်ဟာ တစ်နေ့တစ်ခြား ရှင်သန်ပြောင်းလဲတိုးတက်နေတာကြောင့် အထူးပဲ လိုက်မီဖို့ ခက်ခဲနက်နဲပါတယ်။ ခု... ခေတ်သစ်ဒီမိုကရေစီစနစ်မှာ လူထုကိုယ်စားလှယ်တွေက ဆင်းသက်လာတဲ့ ဒီမိုကရေစီ (ဒါမှမဟုတ်) တစ်ဆင့်ခံ ဒီမိုကရေစီပဲ ဖြစ်ပါတယ်။

ခုနေခါမှာ တိုင်းပြည်နိုင်ငံတွေဟာ နယ်နိမိတ်ကျယ်ဝန်းပြီး နေထိုင်တဲ့လူအားလုံးကတစ်နေရာတည်းမှာ စုဝေးဖြစ်ဖို့ မလွယ်လှပါ။ ဒါကြောင့် ခေတ်သစ် ဒီမိုကရေစီစနစ်ဆိုတာ လူထုရဲ့ ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေပေါ်မှာ မူတည်နေပါတယ်။ ဒါကို လူသားတိုင်းက စနစ်ကျကျ အသုံးချတတ်ကြဖို့ လိုပါတယ်။ ဒီမိုကရေစီဆိုတာ အတော့်ကို ကျယ်ဝန်းပါတယ်။ ကျယ်ဝန်းတာနဲ့အမျှ အသုံးချလုပ်ဆောင်တတ်ကြဖို့ သိပ်ကို လိုပါတယ်။ ပြည့်တင်းရင် မင်းမခံသာဆိုသလိုပါ။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက...

'ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မ လုပ်လာ

www.burmeseclassic.com

www.burmeseclassic.com



လို့ အစိုးရဖြစ်တာ မဟုတ်ဘူး။ တိုင်းပြည်ရဲ့ လူထုထောက်ခံမှုနဲ့ ကျုပ်တို့အစိုးရ ဖြစ်နေတာ၊ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့ သိတဲ့တစ်နေ့မှာ ကျုပ်တို့လဲ မနေဘူး။ တွယ်မနေဘူး။ ထွက်မှာပါပဲ။ ရာဇဝင်မှာ စာတင်အရေးခံ ရမယ့်လူစားမျိုးတွေလား…။ ရာဇဝင်မှာ အဆဲခံ ရမယ့်လူစားမျိုးတွေလား ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်' တဲ့။

ယခု အများပြည်သူတွေ တောင်းဆိုနေကြတဲ့ ဒီမိုကရေစီ လက်နက်နဲ့ပဲ၊ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို ရာဇဝင်မှာ အဆဲခံရမယ့် လူစားမျိုးတွေ အဖြစ်ကို ပစ်ပယ်ပြီး ရာဇဝင်မှာ စာတင်အရေးခံရမယ့် လူစားမျိုးတွေကို မွေးထုတ်ဖော်ကျူးနိုင်ကြဖို့မှာ…

ယခုအားလုံး ပြည်သူတိုင်းရဲ့ လက်ထဲမှာပါ။ အသုံးချကြပါ။ လိမ္မာပါးနပ်လုပ်ဆောင်ပါ။

## ဒီမိုကရေစီဝါဒသာလျှင်အဘယ်ကြောင့်

'ဒီမိုကရေစီဆိုတာ ဘာလဲ…၊ ဒီမိုကရေစီဆိုတာ လူလူချင်း အတန်းအစား အချင်းချင်း လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျုပ်ပြည့် မရှိသေးသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျုပ်ပြည့်တင်း ပြည့်မရသေးဘူး'

*(ဗိုလ်ချုပ်အောင်ဆန်း)*

ဗိုလ်ချုပ်အောင်ဆန်းက အဲဒီလို ပြောဆိုခဲ့ပါတယ်။ ဒီလိုပဲ အချို့ ဒီမိုကရေစီ သဘောတရားစာအုပ်တွေ အချို့မှာလည်း အောက်ပါအတိုင်း ခုလိုပဲ ဆိုထားခဲ့ပါတယ်။

'ဒီမိုကရေစီလို့ ပြောဆိုရာမှာ အစိုးရအသွင်သဏ္ဌာန်တစ်ခုတည်း ကို ဖော်ပြရုံမကဘူး။ သီးခြားလူ့အဖွဲ့အစည်း တစ်ရပ်ကိုပါ ဆိုလိုတာ ဖြစ်တယ်။ အစိုးရအသွင်သဏ္ဌာန်တစ်ခုအနေနဲ့ကတော့ နိုင်ငံသားတွေကို ကိုယ်စားပြုတဲ့ အစိုးရကို ဆိုလိုပါတယ်။ ဒါ့အပြင် နိုင်ငံသားတွေရဲ့အပေါ် အစိုးရရဲ့ အာဏာသက်ရောက်မှုအပေါ်မှာ ချုပ်ချယ်ကန့်သတ် ထားတဲ့ အစိုးရကို ဆိုလိုတာဖြစ်တယ်။ တိုင်းသူပြည်သားတွေဟာ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရအဖွဲ့မှာ တိုက်ရိုက်ပဲဖြစ်ဖြစ်၊ ကိုယ်စားလှယ်တွေက ရွေးချယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်လို့ပဲဖြစ်ဖြစ် ဝင်ရောက်ချယ်လှယ်တဲ့ စနစ်ကို ယေဘုယျပြောရတာပဲ ဖြစ်တယ်'လို့ ဆိုပါတယ်။

ဦးသန့် ရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်မှာလည်း ဒီမိုကရေစီ အကျိုးနဲ့ ပတ်သက်ပြီး ဒီလိုရေးထားခဲ့ပါတယ်။

(က) ဒီမိုကရေစီစနစ်၏အကျိုးများ

၁။ တိုင်းသူပြည်သားများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များသည် တိုင်းသူပြည်သား မဲဆန္ဒရှင်များအား ငဲ့ရမည် ဖြစ်သဖြင့် ၄င်းတို့သည် အများအကျိုးအတွက်ကိုသာ ဆောင်ရွက်ရပေမည်။

၂။ တိုင်းသူပြည်သားတို့သည် ပြဋ္ဌာန်းမည့် ဥပဒေအရပ်ရပ်တို့ကို ချယ်လှယ်နိုင်ပေမည်။

၃။ တိုင်းသူပြည်သားတို့သည် မိမိတို့အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ခွင့် ရကြမည်။

၄။ တိုင်းသူပြည်သားတို့သည် နိုင်ငံရေးတွင် ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်နိုင်ကြသဖြင့် နိုင်ငံရေးအသိဉာဏ် ကျယ်ဝန်းလာမည်။ မျိုးချစ်စိတ်ထက်သန်လာမည်။

၅။ တိုင်းသူပြည်သားတိုင်း နိုင်ငံရေးတွင် တန်းတူအခွင့်အရေး ရကြသည်။

၆။ တိုင်းသူပြည်သား မဲဆန္ဒရှင်များနှင့် ဥပဒေပြုကိုယ်စားလှယ်များ တိုက်ရိုက်ဆက်သွယ်နေရသဖြင့် နိုင်ငံတွင်း ပုန်ကန်မှုများ ပေါ်ပေါက်ဖို့ ခဲယဉ်းမည်'လို့ ဆိုထားပါတယ်။

ဒါကြောင့် ဒီမိုကရေစီစနစ် အောင်မြင်ဖို့အတွက် ပထမဦးဆုံး လိုအပ်ချက်မှာ လုပ်သားပြည်သူတွေရဲ့ အသိပညာ နိုးကြားမှုနဲ့ နိုင်ငံရေး အခြေခံပဲ ဖြစ်တယ်။

ဒါကို ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။ တကယ်လို့ လုပ်သားပြည်သူတွေက နိုင်ငံရေးကိစ္စတွေမှာ စိတ်ဝင်စားမှု မရှိဘဲ၊ နိုင်ငံမှာ တကယ့်ရင်ဆိုင်နေရတဲ့ ပြဿနာကို နားမလည်ပါက ဒီမိုကရေစီဆိုတာ ဘာတစ်ခုမှ အသုံးမကျသလိုသာ ဖြစ်နေမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကိုယ်မလိုက်နိုင်တဲ့အခါမှာ လူထုတွေဘက်က ဒါကြောင့် ဒီမိုကရေစီ အစိုးရတွေဟာ ရှေ့နောက်မညီညွတ်နိုင်လို့လဲ ဆိုခဲ့ကြတယ်။

ပြီး… ယာယီစီမံကိန်းတွေနဲ့ အချိန်ကုန်တတ်တယ်လို့လဲ ဆိုခဲ့ကြပါတယ်။ ပြီးတော့ အုပ်ချုပ်ရေးမှာ မသန့်ရှင်းလို့လဲ အပြစ်တင်ခံကြရတယ်။ ဒါကြောင့် ဒီမိုကရေစီ အစစ်အမှန် တည်ဆောက်ရေးအတွက် မိမိတို့ ပြည်သူလူထုတွေဘက်ကလဲ ကျယ်ပြန့်နိုးကြားတဲ့ အမြင်တွေနဲ့ အမြဲတမ်း အဆင်သင့်ဖြစ်နေကြရမယ်။

'ပျင်းရိလေးတွဲ့တာတို့၊ အများနဲ့ ဖာသိဖာသာ နေတာတို့ဟာ တကယ့် ဒီမိုကရေစီရဲ့ ရန်သူတွေပဲ ဖြစ်တယ်။ ပြည်သူတွေဟာ မိမိတို့ရဲ့ အခွင့်အရေးကို အပြည့်အဝ ခံစားလိုကြတယ်ဆိုရင် အမြဲတမ်းပဲ နိုင်ငံရေး နိုးကြားမှုနဲ့ အဆင်သင့် တက်တက်ကြွကြွ ဖြစ်လို့နေကြရမယ်။ ဖြစ်လိုရာ ဖြစ်စေတော့လို့ လျစ်လျူရှုထားပါက ပြည်သူပိုင်ဆိုင်တဲ့ အာဏာဟာ အခွင့်အလမ်းကို အလွဲသုံးစားလုပ်ဖို့ စောင့်ဆိုင်းနေတဲ့ အခွင့်အရေးသမားတွေ လက်ထဲ ရောက်သွားမယ်'လို့ အသိပေးပြောဆိုခဲ့ကြတယ်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းကလဲ ဒီမိုကရေစီနဲ့ ပတ်သက်ပြီး

'ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုး အရသာ၊ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုး မလုပ်နိုင်ရင် ကျွန်တော်တို့ ဗမာပြည်က လူတွေဟာလဲ နစ်နာမယ်။ ကျွန်တော်တို့ တိုင်းပြည်ကိုလဲ ကမ္ဘာက ကြည့်နေလို့ မရတဲ့တစ်နေ့ ဂျပန်နဲ့ ဂျာမနီပိုင်းပြီး အနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိချပ်ကြရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းကို အားပေးတယ်'လို့ ဒီမိုကရေစီနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက အဲဒီလို အသိပေးပြောဆိုခဲ့တယ်ဆိုတာပါပဲ…။

## ဒီမိုကရေစီအသိနဲ့ ဒီမိုကရေစီသတိ

ဒီမိုကရေစီကို လိုလားတောင်းဆိုနေကြသူတွေအဖို့ ဒီမိုကရေစီအတွက် ဆောင်ရွက်လုပ်ကိုင်ကြရမယ့် တာဝန်တွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာ…

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေရဲ့ တာဝန်ဝတ္တရားတွေအနက် သင့်လျော်တဲ့ စည်းရုံး ခေါင်းဆောင်မှုတွေ လိုအပ်ပါတယ်။ စည်းရုံးမှုဆိုတာကတော့ ပါတီအဖွဲ့ ည်း လုပ်ငန်းဆိုင်ရာ အစည်းအရုံးနဲ့ သမဂ္ဂတို့ရဲ့ တာဝန်တွေပါပဲ။ ဆောင် ဖြစ်သူတွေကလဲ အများကို တာဝန်သိမှုရှိလာအောင် တိုက်တွန်း ဆော်ရမယ်ဆိုပါတယ်။

ခေါင်းဆောင်အနေနဲ့လဲ မိမိတာဝန်ကို သိရှိရှိသေရမယ် ဆိုပါတယ်။ ချုပ်အောင်ဆန်းကလဲ ၁၉၄၅ ခု၊ ဩဂုတ်လအတွင်းက မိန့်ခွန်းတစ်ခုမှာ...

'အလုပ်သမား၊ လယ်သမားများရဲ့ အနည်းဆုံးအခွင့်အရေးများကို ရက စောင့်ရှောက်ပေးခြင်း၊ လူနည်းစုတိုင်းရင်းသားများ၏ အနည်းဆုံး အရေးများကို အစိုးရက စောင့်ရှောက်ပေးခြင်း၊ တိုင်းပြည်တွင် တိုင်းရင်းသား တိုင်း ကိုယ့်ဘာသာကိုယ့်စလေ့ ကိုယ့်ယဉ်ကျေးမှုအတိုင်း ဆောင်ရွက် ခွင့်၊ အိုမာစာ အထိအခိုက် လျော်ကြေးရန်ပုံငွေ အစရှိသည်တို့ကို အစိုးရက ပြီး အိုမင်း၍ လည်းကောင်း၊ နာမျာ၍ လည်းကောင်း၊ အလုပ်လုပ်ချင် လည်း အလုပ်မလုပ်နိုင်၍သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း ရွမ်းနိုင်သူများသည် အစိုးရ၏ အထောက်အပံ့ကို ရရှိခွင့် ဒီမိုကရေစီ ခွင့်အရေးမျိုးတွေလဲ ရှိရမယ်။

အထက်ပါအချက်တွေဟာ ဒီမိုကရေစီဝါဒတွေရဲ့ အခြေခံတွေပဲလို့ သတယ်။ ဒီလိုအခြေခံတရားတွေကို ရည်ရွယ်ရင်းရှိတဲ့အဖွဲ့အစည်းဟာလဲ ရားတွေနှင့်ညီတဲ့ အများဆန္ဒအရ ရွေးကောက်ခြင်း၊ ဆုံးဖြတ်ခြင်း ဆောင်ရွက်လုပ်ကိုင်ခြင်း စတဲ့ နည်းစနစ်မျိုးသာ သုံးရပေလိမ့်မယ်' လို့ ချုပ်အောင်ဆန်းက ဆိုထားခဲ့ပါတယ်။

ဒီမိုကရေစီမှာ ပြည်သူ့အခန်းကဏ္ဍက ပေါ်လွင်လှပါတယ်။ ည်သူ့ဆန္ဒ တင်ပြပိုင်ခွင့်လဲ ရှိပါတယ်။ ပြည်သူ့ဆန္ဒ တင်ပြတယ်ဆိုတာ ည်သူလူထုအနေနဲ့ တရားဥပဒေနဲ့ စပ်လျဉ်းပြီး စတင်တင်ပြတာပဲ တယ်။ အဲဒီပြည်သူ့ဆန္ဒ တင်ပြတဲ့စနစ်မှာ ပြည်သူ့ဆန္ဒ ကောက်ခံတဲ့ စနစ်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ဆန္ဒ ကောက်ခံရာမှာ ဥပဒေရေးရာနဲ့ ပတ်သက် အထက်က အောက်သို့ ချပြတာဖြစ်ပြီး ပြည်သူ့ဆန္ဒ တင်ပြတာကတော့ အောက်က အထက်သို့ တင်ပြတာပဲ ဖြစ်ပါတယ်။

ဟုိင်.သူပြည်သားတွေအနေနဲ့ ဥပဒေပြုစုဖို့ (ဒါမှမဟုတ်) ဒီမို က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ဖို့ လိုအပ်နေပြီ ထင်မြင်လာ သတ်မှတ်ဦးရေ ပြည့်အောင်စုပြီး ဥပဒေပြုလုပ်ဖို့ ဒါမှမဟုတ် ပြင်ဆင် အစိုးရကို တင်ပြနိုင်တယ်။ အစိုးရအနေနဲ့လဲ အရေးယူဆောင်ရွက်ပေးရပါတ

ဒါကြောင့် ပြည်သူလူထုဟာ ဥပဒေပြုစုပြင်ဆင်ရေးမှာ ကိုယ်တို ပါဝင် ဆောင်ရွက်ခွင့်ရှိတယ်လို့ ယူဆကြပါတယ်။

ပြဿနာတစ်ခုမှာ အမှားနဲ့အမှန်ရှိသလိုပဲ လူတစ်ယောက် ဘဝမှာ အဆိုးနဲ့အကောင်း အကျိုးနဲ့အကြောင်း ရှိကြပါတယ်။

ဒီလိုဘဲ ဒီမိုကရေစီဝါဒမှာလဲ အားနည်းချက်ရှိတာတွေ ထောက် ထားကြတာလဲ ရှိပါတယ်။

အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီခေတ်မှာ အများစုလူထုမှာ ပညာရေးအားနည်းကြ အတွက် အမှားအမှန် ခွဲခြားမသိနိုင်တော့ဘဲ ခေါင်းဆောင်ရဲ့ ဆွဲဆောင်ရာ သို့ လိုက်ပါနေတတ်ခဲ့ကြတယ်။ ဒါပေမဲ့ ခုအခါ လူထုရဲ့ အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြတဲ့အတွက် ဆန္ဒမဲနဲ့ ရွေးရာမှာ မိမိတို့ရဲ့ ဆန္ဒအစစ်အမှ အတိုင်းပဲ ရွေးချယ်ကြတော့တယ်။ ပြည်သူတွေဟာ နိုင်ငံရေး အသိကြွယ်သ သလောက် ကြွယ်ဝလာခဲ့ကြပြီလဲ ဖြစ်ပါတယ်။

ဒါကြောင့်လဲ နိုင်ငံတွေအတွက် နိုင်ငံရေးဆောင်ပုဒ်တစ်ခုမှာ…

'နိုင်ငံတစ်ခုဟာ သူနဲ့သင့်တော်တဲ့ ခေါင်းဆောင်ကိုပဲ ရတ ဆိုကြတယ်'

ဒါဟာ ပြည်သူကို မည့်ဖို့နဲ့ ပြည်သူကို ခေါင်းဆောင်ရွေး မည့် ဖို့ တပ်လှန့်ခဲ့တစ်ခုပဲ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ ကိုယ်နဲ့ ဆက်စပ်သက်ဆိုင်နေတယ်။ ခေါင်းရှောင်လို့ မရဘူးလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကလဲ ဒီမိုကရေစီစနစ်နဲ့ ခေါင်းဆောင်ရွေးချယ်မှု အနှစ်သာရသဘောကို ဟောဒီလို တစ်ဖန် ပြောကြားခဲ့ပြန်ပါတယ်။

'ကျွန်တော်တို့အမြင်အရဆိုရင် တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ သူတစ်ဦးတည်းက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲနှင့် အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါ့သဘော လုပ်တဲ့ ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်'လို့ ဆိုထားခဲ့ပါတယ်။ နောက်ပြီးတော့···

'တိုင်းသူပြည်သား ဆန္ဒအရမဟုတ်ဘဲ တိုင်းသူပြည်သားတွေနှင့် လှမ်းကွာပြီး မင်းစိတ်ပေါက်တဲ့အရာရှိတွေ ချယ်လှယ်တဲ့ စနစ်ဆိုးတစ်မျိုး ရှိနေရင် အများပြည်သူတို့ ဆန္ဒနှင့် လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူမျိုးများတွေ ပေါ်လာနိုင်တယ်။ ဒီဝါဒတွေ ပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာ မရနိုင်တော့ဘူး'လို့ ဗိုလ်ချုပ်အောင်ဆန်းက ဆိုထားခဲ့ပါတယ်။ (အမှန်ပါ) ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမြော်အမြင်ကြီးမားတဲ့စကားတွေပဲ ဖြစ်ပါတယ်။

မိမိတို့တွေ ဆင်ခြင်နှလုံးသွင်းကြဖို့နဲ့ ဒီကနေ့မှာ အားလုံး သူတွေဟာ ဒီမိုကရေစီအသိနဲ့ ဒီမိုကရေစီသတိ မပြတ်ရှိကြ လုပ်ဆောင်နိုးကြားအားထုတ် လုံ့လစိုက်နေကြဖို့ အထူးလိုအပ်တယ်ဆိုတာပါ···။

'ပြည်သူအတွက် ပြည်သူက ဖန်တီး၍
ပြည်သူ့အကျိုးဆောင်မှ ပြည်သူ့အစိုးရ'

*(ဒန်နီယလစ္စာ)*
*အမေရိကန်ပြည်ထောင်စုမှ*
*ဝတ်လုံတော်ရနှင့် နိုင်ငံရေးသုခမိန်*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၃။ ဗိုလ်ချုပ်အောင်ဆန်းစာစုများ

အစိုးရဆိုတဲ့ အာဏာဟာ အင်မတန်အဖိုးတန် အသုံးဝင်တယ်။ အဲဒီအာဏာကိုလဲ ပစ္စည်းအင်အားကောင်းတဲ့ လူတွေအချင်းချင်း လုကြတယ်။ ရရင်လဲ လက်မလွှတ်ချင်ဘူး။ တိုင်းသူပြည်သားတွေ ဆိုတာကတော့ အဲဒီထဲမှာပဲ တုတ်လုပ်ပြီး အရိုက်ခံရတဲ့မဲ့အခါကျမှ ပါရတာဘဲ…။ ဒီလို အာဏာလုကြတဲ့အခါ ဒီမိုကရေစီဆိုပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဏာလို့ ကြွေးကြော်ဟစ်အော်ပြီး ညာတဲ့စနစ်တွေပဲ ရှိတယ်။

*(ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းစာ-၁၉၅၂မှ*

## ဒီမိုကရေစီဆိုတာဘာလဲ

အဲဒီလိုစနစ်မျိုးနဲ့ သမ္မတအစိုးရမျိုးမှသာ ကျုပ်တို့တိုင်းသူပြည်သားတွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာပဲ…။ ဒီမိုကရေစီတိုင်း ဒီမိုကရေစီဟာ မဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလဲ အများကြီးဘဲ…။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ…။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

*(၄င်းစာ-၂၉၅)မှ*

## ပြည်ထောင်စုနိုင်ငံထူထောင်ကြစို့

ဒီတော့ လူမျိုးရေးပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော်စုံစုံလင်လင် ပြောပြပြီးတဲ့နောက် ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား…။ လူမျိုးကြီး တစ်မျိုးတည်းဘဲ ဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလားဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင် အရဆိုရင်တော့ အထက်ကဆိုခဲ့တဲ့ လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့် အရေးမျိုးတွေကို စည်းကမ်း သတ်မှတ်ပေးပြီးတော့

www.burmeseclassic.com



(Unitary State) လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့ ဖြစ်ဘူး။ ပြည်ထောင်စု သဘောမျိုးဘဲ ဖြစ်ရမှာဘဲ…။

*(၄င်းစာ-၁၀၉)မှ*

## တော်လှန်ရေးဆိုတာဘာလဲ

ဘာလဲ‥ တော်လှန်ရေး‥ အကြမ်းအတမ်း လုပ်တာကို တော်လှန်ရေး လား မဟုတ်ဘူး။ အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား မဟုတ်ဘူး။ ချင်တိုင်း လုပ်လို့ရသလား မဟုတ်ဘူး။ ဘာရည်ရွယ်ချက်နဲ့လဲ ဘယ်လိုလဲ လဲ--လဲ‥လဲ‥။ အဲဒီလို 'လဲ' တွေ အမျိုးမျိုးနဲ့ ကျွန်တော်တို့ စဉ်းစားကြစို့…

*(၄င်းစာ-၁၁၂)မှ*

## တော်လှန်ရေးဆိုတာ

တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံက ပြီး ဖန်တီးရာမှာ ဘယ်လိုဘဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက် ခြင်းဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွှဲမရှောင်သာဖို့လဲ လိုတယ်။ ဖြစ်ပျက် ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေအချက်အလက်တွေနဲ့ အခြားတစ်လမ်း ခြားတဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနှင့်တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ စိစုမှိတ်ပြီး အကန်းရမ်းလိုရမ်းလို့ မဖြစ်ဘူး။

*(၄င်းစာ-၁၁၂)*

## အစွန်းမထောင်ပါနဲ့

ကျွန်တော်တို့ကို မကြိုက်ဘူးဆိုရင် ထုံးစံအတိုင်း မကြိုက်တဲ့ အကြောင်း ကို သေသေချာချာ ပြောကြပါ။ ကျုပ်တို့ ဗွက်သွားရုံဘဲ‥။ ဟိုဖက်က အစွန်းထောင် ဒီဘက်က အစွန်းထောင်အောင်တော့ မလုပ်ကြပါနဲ့…။

*(၄င်းစာ-၁၂၀)*

ကျွန်တော်ကတော့ ယုံကြည်တဲ့အတိုင်းလုပ်မှာဘဲ‥။ ထိန်းလို့ ရရင်ရ ချင် ကျွန်တော်ရဲ့ခေါင်းဆောင်မှု ရှုံးတာဘဲ…။ ကျွန်တော့်လို လူမျိုးဟာ နိုင်ငံရေးသမားတော့ ဖြစ်မှာမဟုတ်ဘူး။ နိုင်ငံရေးသမားဆိုတာက ဝမ်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်စိတ်ဆိုးပေတဲ့ ဖုံးထားနိုင်ရမယ်။ ကျွန်တော်တို့က စိတ်ဆိုးရင် ဆိုးတဲ့အလိုက် ဖုံးလို့မရဘူး။

*(၄၄င်းစာ-၁၂၂)*

နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်တော်တို့ စားမှုသောက်မှု နေမှုထိုင်မှု သွားမှုလာမှု အစုစုသည် နိုင်ငံရေးပင်ဖြစ်သည်။ သို့ဖြစ်ရကား နိုင်ငံရေးသည် လူမှုရေးမျှသာဖြစ်၏။

ကိုးကွယ်သည့် ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင်ယုံကြည်မှု ဖြစ်၏။ နိုင်ငံရေးမှာကား လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာလျှင်ဖြစ်၏။ သိပ္ပံအတတ်အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက်ရပေလိမ့်မည်။

အခွင့်အရေးများတွင် လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်း ပါဝင်လေ၏။ ဤအခွင့်အရေးကိုပေးရာ၌ပင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့် ကိုးကွယ်သည့် ဘာသာရေးနှစ်ဌာနစပ်ကြားတွင် စည်းတားရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးနှင့် ဘာသာရေးကို ရောစပ်ပါမူ ဘာသာရေး၏ သဘောတရားကို ဆန့်ကျင်ရာ ရောက်ပေ၏။ အကြောင်းမူကား ဘာသာရေးသည် နောင်တမလွန် ဘဝများ၏ (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေသည်။

*(၄င်းရွှေတိဂုံအလယ်ပစ္စယံမိန့်ခွန်း)မှ*

ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည်လွတ်လပ်ရေးရအောင် လုပ်ရမယ့် တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။

*(၄င်းစာ-၁၉၄)မှ*

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရတဲ့အချိန်ထိတော့ ကျုပ်နိုင်ငံရေး လုပ်ရအုံးမှာဘဲ။ ...လပ်ရေးရပြီးလို့ ပါတီတိုက်ပွဲတွေ ဖြစ်တဲ့အချိန်မှာ ကျုပ်က မပါချင်ဘူး။ ...ယ်နေမယ်။ သူများတွေ လုပ်တာ ထိုင်ကြည့်ပြီး စာအုပ်ရေးမယ်။ ...လုပ်နေတဲ့အချိန်အတွင်းမှာတော့ ကျုပ်ရဲ့ ယုံကြည်ချက်အတိုင်း အနိုင်မခံ ...ပေးဘဲ နောက်ဆုံးအထိ လုပ်မှာဘဲ။

*(ငှင်းစာ-၉၁၈)မှ*

ငြိမ်းချမ်းရေးကို အဖျက်ဆီးဆုံးဝါဒဟာ ဖက်ဆစ်ဝါဒဖြစ်လို့ ဒီဝါဒ ...မှာ ဘယ်နေရာမှာဖြစ်ဖြစ် ရှိနေရင် စစ်ဖြစ်အုံးမှာမို့လို့ ဒီဝါဒ ...ာက်အောင် လုပ်ဖို့လိုတယ်။ ဒီတွင်လားဆိုရင် မဟုတ်သေးဘူး။ ဒီဝါဒမျိုး ... သူတိုင်းပြည်မှာလဲ တိုင်းသူပြည်သားတွေကို ချုပ်ချယ်တယ်။ ကမ္ဘာမှာလဲ ...တန်ရိုင်းစိုင်းသေးနုပ်တဲ့ လူမျိုးရေးဝါဒကို လက်ကိုင်ထားပြီး ပိုပြီး ...ချယ်ဖို့ ရည်ရွယ်ချက်ရှိတယ်။ ကမ္ဘာမှာ ကမ္ဘာ့လွတ်လပ်ရေးကို ထိခိုက် ...။ ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ရင် ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ဘဲ ဖြစ်သွား ...။ ကမ္ဘာ့လွတ်လပ်ရေးမရှိရင် ဗမာ့လွတ်လပ်ရေးဟာလဲ မရှိနိုင်ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံ ခေါင်းဆောင် ...ည်းအဝေးမှာ မြွက်ကြားတဲ့မိန့်ခွန်းမှကောက်နုတ်ချက်)

တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးထဲက ခေါင်းဆောင် ...မဟုတ်ဘဲနှင့် အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒ ...တ်ဘဲ ငါ့ဆန္ဒ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲ အဖွဲ့ရဲ့ ...ယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်း ...င်များ အစည်းအဝေးမှာ မြွက်ကြားတဲ့ မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဖက်ဆစ်ဝါဒဆိုတာ အကြမ်းပတမ်းကို လက်ကိုင်ထားပြီး ဖိနှိပ် ...ခြားလူမျိုးတွေတိုက်၊ ငါတို့လောက်မမြတ်ဆိုပြီး အခြားလူမျိုးတွေအပေါ်

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးဖို့ အမြဲလုပ်ပြီး စစ်တို့ကို အမြဲလိုလားနေတဲ့ အဆိုးဝါးဆုံး ဓနရှင် နယ်ချဲ့ဝါဒလို့ ကျူပ်နားလည်တာဘဲ...။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၅ ခု၊ နိုဝင်ဘာလ (၁၈)ရက်နေ့ ရွှေတိဂုံစေတီအလယ် ပစ္စယံမှာ ကျင်းပတဲ့ ပြည်သူ့အစည်းအဝေးကြီးမှာ မိန့်ကြားတဲ့ မိန့်ခွန်းမှကောက်နုတ်ချက်)

**နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော-- စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာဖြစ်ပေ၏။**

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့၊ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းမှ ကောက်နုတ်ချက်)

အတိုချုပ်ဆိုရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ လူ့လောကတွင် ကြုံနေကြရသော ကိစ္စပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆိုရသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှု သောက်မှု၊ နေမှုထိုင်မှု၊ သွားမှုလာမှု၊ အစုစုသည် နိုင်ငံရေးပင်ဖြစ်သည်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံ သဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

အရင်းရှင်ဝါဒဆိုသည်မှာ ငွေပင်ငွေရင်း အမြောက်အမြား စိုက်ထုတ် နိုင်သောသူတို့သည် ကမ္ဘာပေါ်တွင် ကြီးနိုင်ငယ်ညှင်းလုပ်လိုသည့် ယုတ်မာ ညစ်ဆိုး အသားစားဘီလူး သဘောမျိုးနှင့် နယ်ချဲ့၍ နှိပ်စက်ကလူ ရန်မူသော တစ်ကိုယ်ကောင်း အယူဝါဒရှိသူများ၏ ဝါဒဖြစ်ပေသည်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံ သဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင်ဝါဒီသမားတို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု တမျိုးနှင့်တမျိုး တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တုပယှဉ်ပြိုင်သောကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပ ပဉ္စတရားသုံးပါးတွင်တွင်ကြီး နယ်ချဲ့လေတော့၏။ နောက်ဆုံး၌ အရင်းရှင်နှင့် အလုပ်သမား နယ်ချဲ့နိုင်ငံများ၏ လက်အောက်ခံနိုင်ငံများ၊ အရင်းရှင်အချင်းချင်း၊ နယ်ချဲ့သမားအချင်းချင်း ရန်သူခပင်း တိုးပွား၍ ကမ္ဘာ့တစ်ခုလုံး ကိုးယိုးကားယား ကမောက်ကမ ဖြစ်လာလေတော့၏။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

အရင်းရှင်ဝါဒ ကမ္ဘာပေါ်၌ ပြန့်နှံ့နေသ၍ ကာလပတ်လုံး တစ်နည်းအားဖြင့်ဆိုသော် ဤအရင်းရှင်ဝါဒ ပပျောက်ပြီးလျှင် ဗြဟ္မစိုရ်တရားကို အခြေပြုကာ 'ဆိုရှယ်လစ်ဇင်'ခေါ် လူအများကောင်းစားရေးဝါဒ လူထုကောင်းစားရေးဝါဒ မပြန့်ပွား မစည်ကားသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့ကမ္ဘာမြေတွင် အထွေထွေသော ကပ်ကြီးများ ဆိုက်လျက်ပင် ရှိကြပေလိမ့်ဦးမည်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားရ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်ကိုးကွယ်သည့်ဘာသာ စတာတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဘက် ပူးပေါင်းလျက် နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏။

*(ဗိုလ်ချုပ်အောင်ဆန်း)*

www.burmeseclassic.com



(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

**နိုင်ငံရေးတို့မည်သည် ပြီးဆုံးခြင်းရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သံသရာ၌ လည်နေရပေ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်အတိုင်း အကြောင်းနှင့်အကျိုး၊ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားလှသောခရီးကို တသွားတည်း သွားနေရပေပြီ။ ဤကဲ့သို့အကြောင်းတရား အကျိုးတရား အမျိုးအစားကို လိုက်ဖြစ်၍ ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။**

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

အမျိုးသားရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို၊ လူမျိုးဘာသာ၊ ယောကျ်ားမိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို လုပ်ငန်းများတွင် သောင်းသောင်းဖျဖျ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့တဲ့ ဖဆပလအဖွဲ့ချုပ်ရဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

• ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တတိုင်းပြည်လုံး လူတမျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတမျိုးလုံးရဲ့ အကျိုး။ အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်။ ဒါတွေကို ရအောင် အဲဒီလို တူညီတဲ့အကျိုး၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်။ ပါးစပ်ကပြောရုံနဲ့ မပြီးသေးဘူး။ ပါးစပ်က ညီညွတ်ပါတယ်လို့ ပြောလို့မဖြစ်ဘူး။ အလုပ်မှာလဲ တွေ့ရမယ်။ ရည်ရွယ်ချက်မှာလဲတွေ့ရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၂၃-၁-၄၆ ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံ သဘင်ကြီးမှာ တင်သွင်းတဲ့ အဆိုကောက်နှုတ်ချက်)မှ

နိုင်ငံရေးဆိုတာက တစ်ခါတစ်ရံမှ အစည်းအဝေး လုပ်ပြီးတော့ စင်မြင့်ပေါ်က ပြောတဲ့လူကပြော၊ နားထောင်တဲ့လူက နားထောင်တဲ့ ကိစ္စမျိုး မဟုတ်ဘူး။ အမြဲတမ်းအားဖြင့် တတိုင်းပြည်လုံးမှာရှိတဲ့ တိုင်းသူပြည်သား တွေဟာ မိမိတို့ရဲ့ ဆိုင်ရာဆိုင်ရာ အကျိုးတွေကို ဆိုင်သလို ဖွဲ့စည်းပြီးတော့ကာ မိမိတို့ပြဿနာတွေကို လုပ်ပြီးတော့ကာ ဖြေရှင်းရန်အတွက် အမြဲတမ်း လုပ်နေတဲ့ကိစ္စ၊ ဒီတော့ကာ အားလုံးလူတွေရဲ့ အကျိုးကိစ္စ၊ လူတွေရဲ့နိုင်ငံရေး၊ ဒီတော့ အဲဒီလိုဖြစ်အောင် လုပ်နိုင်ဖို့ဆိုတော့ ဆိုင်ရာဆိုင်ရာအဖွဲ့တွေက ကြည့်ပြီး ထိန်းထားမှသာ လူတွေလဲ အမြဲတမ်း နိုင်ငံရေးမှာ စိတ်ပါဝင်စား ပြီးတော့ တတိုင်းတပြည့်လုံးအပေါ်မှာရှိတဲ့ လူတွေဟာ နိုင်ငံရေးသမား ဖြစ်လာအောင် နိုင်ငံရေးစိတ်ဝင်စားလာအောင် ဒီလိုအဖွဲ့တွေရှိရမယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၂၃-၁-၄၆ ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံ သဘင်ကြီးမှာ တင်သွင်းတဲ့ အဆိုကောက်နှုတ်ချက်)မှ

တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင်ငံကတော့ လွတ်လပ်တယ်။ လူမျိုးကတော့ မလွတ်လပ်ဘူး။ ပြောချင်တာမပြောရဘူး။ တရားသဖြင့် သူထင်မြင်တာမပြောရ၊ ဆိုချင်တာမဆိုရ၊ ရေးချင်တာမရေးရ၊ လုပ်ချင်တာ မလုပ်ရ၊ အဲဒါမျိုးဟာ ဂျပန်ခေတ်တုန်းက ခံခဲ့ရတယ်။ အဲဒီ လွတ်လပ်ရေး မျိုးဟာ ပါးစပ်မိတ်၊ ကြောက်လန့်ပြီးတော့ အမြဲနေရတဲ့ လွတ်လပ်ရေး ဖြစ်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

www.burmeseclassic.com

www.burmeseclassic.com



(၂၃-၁-၄၆ ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံ သဘင်ကြီးမှာ တင်သွင်းတဲ့ အဆိုကောက်နုတ်ချက်)မှ

လူဆိုတာ ဖန်တီးနိုင်တဲ့ သတ္တိရှိတယ်။ ခွန်အားရှိတယ်။ ဘာပဲ ဖြစ်ဖြစ် ကမ္ဘာ့လောကကြီးမှာ ဖြစ်နေတဲ့ သဘာဝတရားတွေ၊ လူက နောက်ဆုံးမှာ လွှမ်းမိုးရမယ်။ တောင်ကြီးပေမယ့်လို့ ဖဝါးအောက် ရောက်တယ်။ အဲဒီလိုဘဲ ဘယ်လောက်ကျယ်ပြန့်တဲ့ သမုဒ္ဒရာကြီးတွေကိုတောင်မှ လူ့ရဲ့ဉာဏ်နဲ့ ဖန်တီးလိုက်တဲ့ သင်္ဘောတွေ၊ ရေငုပ်သင်္ဘောတွေ၊ လေယာဉ်ပျံတွေနဲ့ ကူးပြီးသွားလာနိုင်အောင် လူတွေက ဖန်တီးလာခဲ့တယ်။

ဘာသာတရားအရ ပြောမယ်ဆိုရင် လူကမှ ဘုရားဖြစ်နိုင်တယ်။ ဒီတော့ကာ လူမှာ ဖန်တီးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်။ ရာဇဝင်ကို ဘယ်သူက ဖန်တီးသလဲ။ လူကမှ ဖန်တီးတယ်မဟုတ်လား။ လူက ဖန်တီးတယ်ဆိုတာ အကြောင်းမဲ့ အရမ်းဖန်တီး ဒါကိုပြောတာ မဟုတ်ဘူး။ အဲဒီလို အတင်းပြောင်း လို့ မရဘူး။ ကျွန်တော်တို့က ဘာနားလည်ရမလဲ၊ ဖြစ်ပေါ်လာတဲ့ လောကရဲ့ အကြောင်းတွေ၊ ရာဇဝင်သဘောတရားတွေကို နားလည်ပြီးတော့ အလုပ်လုပ်ရမယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၂၃-၁-၄၆ ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံ သဘင်ကြီးမှာ တင်သွင်းတဲ့ အဆိုကောက်နုတ်ချက်)မှ

လူငယ်တွေဟာ တိုင်းပြည်နဲ့ လူမျိုးတွေအတွက် ဘယ်လောက် လုပ်တယ်ဆိုတာလဲ လူအများအပြား သိကြတာဘဲ...။ လူကြီးတွေ ဆိုတာလဲ ဒီတိုင်းပြည်မှာ အတော်ပဲ မရှိကြတော့ဘူး။ လူငယ်တွေရဲ့ခေတ် ရောက်လာပါ ပြီ။ ဒီလို မိမိတို့ခေတ် ရောက်လာတဲ့အခါ မိမိတို့ဟာ ရှေးကနိုင်ငံရေးသမား တွေ မှားသလို မမှားကြတော့ဘဲ နည်းသစ်၊ အလုပ်သစ်၊ စိတ်သစ်၊ နိုင်ငံရေး သစ်ကို လုပ်ဖို့ အထူးသတိပြုစေလိုပါတယ်။ တစ်ဦးနှင့်တစ်ဦးလဲ အယုံအကြည် အရမ်းမကင်းကြပါနှင့်။ တစ်ဦးနှင့်တစ်ဦးလဲ ဝေဖန်လွန်းအားမကြီးပါနှင့်၊ သိပ်လော်ကြီးရင် စစ်ကျွံသလိုဖြစ်မယ်ဆိုတာကို သတိပြုပါ။ စစ်အပ်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



သာမာန်စစ်သားရဲ့ ခြေလှမ်းနှင့် နှိုင်းချိန်ပြီး စစ်ချီရသလို တစ်နိုင်ငံလုံး တမျိုးသားလုံး လွတ်လပ်ရေးပန်းတိုင်ကို တပ်လုံးချီတဲ့အခါ ခြေလှမ်းညီညီ ညာညာနှင့် တပ်ချင်းပြတ်ပြီး တပ်မကျန်ရလေအောင် ရန်သူက အမှည့်ချွေ ချွေပြီး မတိုက်နိုင်အောင် ရာဇဝင်မှာ စစ်ကျွဲသလို မကျွဲရအောင် မှန်မှန်ကြီး ခရီးသွားဖို့ အရေးကြီးပါတယ်။ အဲဒီလို ခြေလှမ်း မှန်မှန်နဲ့ တစ်နိုင်ငံလုံး တမျိုးသားလုံးရဲ့ လွတ်လပ်ရေးကို ရှေ့ရှုပြီး ညီညွတ် ရေးကို ဆောင်ရွက်တဲ့ အခါ လူငယ်တစ်ဦးက ခြေလှမ်းမှန်မှန် လှမ်းကြရန် အရေးကြီးပါတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၂၃-၁-၄၆ ရက်နေ့မှာ ဖဆပလ ပြည်လုံးကျွတ်ညီလာခံ သဘင်ကြီးမှာ တင်သွင်းတဲ့ အဆိုကောက်နုတ်ချက်)မှ

တကယ်တိုးတက်တဲ့ ဝါဒနဲ့ တိုင်းသူပြည်သားတွေ သက်ထဲ အာဏာ ရရင် လယ်သမားတွေအတွက် လယ်လုပ်တဲ့နေရာမှာ အသီးအနှံ အထွက်များ အောင် လယ်ယာစိုက်ပျိုးရေးစနစ် အမျိုးမျိုးလုပ် စက်တွေနဲ့ လယ်ထွန်တဲ့ နည်းတွေထွင်ပြီး ရုရှပြည်မှာလို လုပ်နိုင်မယ်။ အဲဒီအခါမှာ အထွက်များမယ်။ အဲဒါမျိုးလုပ်တဲ့ လူတွေဟာ ဝင်ငွေနေရာတိုင်း မြင့်လာမယ်။ အခုတော့ အင်မတန် နိမ့်ကျနေသေးတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ ဧပြီလ၊ ၂၆ ရက်နေ့ မေဒေးရှေ့ပြေးမိန့်ခွန်း ကောက်နုတ်ချက်)မှ

အလုပ်သမား လယ်သမားတွေဟာ တကယ့် တကယ် တိုင်းပြည် လွတ်လပ်ရေး လုပ်တဲ့နေရာမှာ အရေးပါ အရာရောက်ပြီး တကယ်လုပ်စရာ ရှိရင် တကယ်လုပ်မဲ့ လူစားမျိုးဖြစ်တယ်။ မြို့မှာနေတဲ့ အလုပ်သမား တွေနဲ့ တောနေ လူထုတွေ ပူးပေါင်းပြီး တစ်ကမ္ဘာလုံး ခေတ်ပြောင်းအောင် လုပ်နိုင်တဲ့နေ့မှာ တကယ်တိုးတက်တဲ့ ဝါဒနဲ့ အစိုးရတွေဖြစ်လာမယ်။ ဒီလိုဖြစ်နိုင်အောင် ကြိုးစားရမယ်။ လူထုကိုယ်စားလှယ်အစစ်ဖြစ်တဲ့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ ပေါ်ပေါက်လာပြီး ကမ္ဘာ့တစ်ခုလုံးမှာရှိရင် စစ်ဆိုတာလဲရှိမှာ မဟုတ်ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ ဧပြီလ၊ ၂၆ ရက်နေ့ မေဒေးရှေ့ပြေးမိန့်ခွန်း ကောက်နုတ်ချက်)မှ

ကမ္ဘာ့အလုပ်သမားများကသာ သွေးစည်းညီညွတ်ပြီး အရင်းရှင်ကြီးတွေက စစ်တိုက် စစ်မဖြစ်ရအောင် အလုပ်သမားတွေရဲ့ အင်အားညီညီ ညွတ်ညွတ်နဲ့ တောင့်ထားလိုက်နိုင်တယ်။ အလုပ်သမား အားလုံး ကမ္ဘာတဝှမ်းလုံးမှာ ညီညွတ်သွားမှလဲပဲ ကမ္ဘာ့ကြီးတစ်ခုလုံးရဲ့ တကယ့်ငြိမ်းချမ်းရေးအစစ်ကို ရနိုင်မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ ဧပြီလ၊ ၂၆ ရက်နေ့ မေဒေးရှေ့ပြေးမိန့်ခွန်း ကောက်နုတ်ချက်)မှ

**တိုင်းပြည်အခြေအနေကိုသာ ကြည့်ပြီး ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ရမဲ့ အချိန်မှာ ခွက်စောင်းခုတ်ဝါဒတွေ ပေါ်လာတာ တွေ့ရတယ်။ ဒီဟာက တိုင်းပြည်အားနည်းအောင် လုပ်တဲ့နည်းဖြစ်တဲ့အတွက် တစ်နည်း နည်းနဲ့ ကာကွယ်ရမယ်။ ပရိယာယ်အသေးစိတ်ကို အသုံးပြုပြီး ဗဟိုဌာနက လတ်တလော ပြောင်းလဲသင့်က ပြောင်းလဲရလိမ့်မယ်။ ခေါင်းဆောင်တွေဟာ လူတိုင်းကောင်းလိမ့်မယ်လို့ မဆိုနိုင်ဘူး။ အဲဒါကိုပဲ တဆိတ်ရှိ ဝေဖန်ရတာနဲ့ အပြစ်ပြောရတာနဲ့ အချိန်ကုန်နေတာဘဲ။ အရေး ကြီးတာက ဒါဟာ ကိုယ်က တကွက်စားပြီး တစ်ဖက်လူက နှစ်ကွက်စားမည်ကို သတိပြုရမယ်။**

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ ဇွန်လ (၇)ရက်နေ့မှာ ကန်တော်မင်ပန်းခြံမှာ လူထု ဆန္ဒပြကန့်ကွက်ပွဲ အစည်းအဝေးကြီးမှာ ပြောကြားတဲ့ မိန့်ခွန်း ကောက်နုတ်ချက်)မှ

ငါတို့သည် တိုက်ပွဲများ၌ ပါဝင်ခဲ့တယ်။ ရှေ့တွင်လည်း 'ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ရန် ဖြစ်တယ်။ ပါတီတစ်ခု နာမည်ရဖို့ ငါတို့ အားမပေး။ ယခုလည်း အားမပေး နောင်ကိုလည်း အားမပေး။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့မှာ ပြည်သူ့ရဲဘော်တပ်များကို မြွက်ကြားချက်မှ ကောက်နုတ်ချက်)

လူတစ်ဦးတစ်ယောက်ဟာ အခြားလူ တစ်ဦးတစ်ယောက်အပေါ် နှိပ်စက်ကလူပြုတယ်။ သွေးစုတ်ချယ်လှယ်တယ်။ တရားမျှတမှုကို ချက်ကွယ်ပြုတယ်ဆိုရင် ဒါမှမဟုတ် နိုင်ငံတစ်ခုပေါ် ဖိနှိပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ တရားမျှတမှုအဝဝကို ချိုးဖောက်ခြင်းပြုမယ်ဆိုရင် ထိုလူ၊ သို့မဟုတ်နိုင်ငံသာ ထိုမတရားမှုအတွက်အပြစ်ဒဏ်ခတ်မှုကို မုချမလွဲ ခံရစမြဲဘဲ ဖြစ်ပါတယ်။

ဒီလူတစ်ဦးကတစ်ဦးပေါ်မှာဖြစ်စေ၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခု အပေါ်မှာဖြစ်စေ ဖိနှိပ်ချယ်လှယ်မှုတွေ ခေါင်းပုံဖြတ်မှုတွေ ပြုလုပ်ခဲ့ကြလို့လည်း ဒီကမ္ဘာကြီးမှာ ဒုက္ခတွေပင်လယ် ဝေခဲ့တာဟာ အကြိမ်ကြိမ် ရှိပါပြီ။ တရားမဲ့ခြင်း၊ ဖိနှိပ်ချယ်လှယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ ဆက်လက် တည်ရှိနေသ၍ တုံ့ပြန်လက်စားချေမှုဟာ ကမ္ဘာပေါ်မှာ မကြာခဏ ပေါ်ပေါက်နေဦးမှာဘဲ…။ ဒီအချက်ဟာဆိုရင် ကမ္ဘာ့ရေးရာ အဖြစ်အပျက် အတွေ့အကြုံများထဲမှ ပေါ်ထွက်လာတဲ့ လောကပါလတရားလို့ ကျွန်ုပ်တို့ အနေနဲ့ မှတ်သားခံယူပါတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၆ ခု၊ ဒီဇင်ဘာလ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့မှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

လူအချင်းချင်း ဖိနှိပ်မှု၊ သွေးစုတ်ချယ်လှယ်မှု၊ လူမဆန်မှု စတဲ့ အဖြစ်မျိုးကို တည်မြဲစေမဲ့ ဖက်ဆစ်စနစ်ဆိုးဟာ မည်သို့သောအသွင်မျိုးနှဲ့ပဲ ရှိသည်ဖြစ်စေ၊ ကမ္ဘာ့မြေပြင်ပေါ်က အမြစ်ပါမကျန် ပျောက်ပျက်သွားအောင် တော်လှန်တိုက်ဖျက်ကြဖို့ အလေးအနက် အခိုင်အမာ ပြုကြပါစို့။

*(ဗိုလ်ချုပ်အောင်ဆန်း)*

www.burmeseclassic.com

www.burmeseclassic.com



(၁၉၄၆ ခု၊ ဒီဇင်ဘာလ မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့မှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

လွတ်လပ်ရေးဆိုတာ တောင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ မိုးပေါ်က အလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လဲ သိတာဘဲ…။

အကယ်၍ ကျုပ်တို့လွတ်လပ်ရေးကို အေးအေးဆေးဆေးနှင့် ရရင်လဲ ကောင်းတာဘဲ မဟုတ်လား…၊ အေးအေးဆေးဆေးနှင့် ရမယ်ဆိုရင် ဘယ်သူမလိုချင်ဘဲ ရှိပါ့မလဲ…၊ မလိုချင်ဘူးဆိုတဲ့သူဟာ အရူးဘဲ။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့ည (၇)နာရီ မိနစ်(၄၀)မှာ အသံလွှင့် ဟောပြောချက် ကောက်နုတ်ချက်)မှ

တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုတာမဟုတ်ဘူး။ လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ်သွားကနဲ ပေါ်ပေါက်လာတာကို ဆိုတာဘဲ။ တစ်ချက်တစ်ချက် ဘျမှ သွားကနဲ သွားကနဲ အရေအတွက်ကနေပြီး အရည်အချင်းပြောင်းလဲ မှုကြီးတွေ ဖြစ်တာကို တော်လှန်ရေးလို့ ဆိုတာဘဲ။ ဆူတာ၊ ပူတာ၊ သောင်းကျန်းတာ၊ တိုက်တာ၊ ခိုက်တာတွေဆိုတာ မလုပ်မဖြစ် လုပ်ရ တာမျိုးဘဲ။ ဘာဘဲဖြစ်ဖြစ် စတိုက်ခိုက်ချင်တယ်ဆိုတာ အဓိပ္ပါယ် မရှိဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့ည (၇)နာရီ မိနစ်(၄၀)မှာ အသံလွှင့် ဟောပြောချက် ကောက်နုတ်ချက်)မှ

ကျုပ်တို့လွတ်လပ်ရေးဟာ တိုင်းပြုပြည်ပြု လွှတ်တော်တွေရောက်လို့ ကျုပ်တို့လွတ်လပ်တဲ့ ဖွဲ့စည်းပုံကို တည်ထောင်ပြီး အင်္ဂလိပ်အစိုးရရဲ့ အပြီးအပိုင် စကားဆိုစရာဆိုလို့ ပြီးစီးမှ ကျုပ်တို့လွတ်လပ်ရေးရပြီ ဆိုရမှာဘဲ။ အဲဒီလိုကျမှ လွတ်လပ်ရေးစစ်ကြီး ပြီးပြီလို့ ဆိုရမှာဘဲ။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ည(၇)နာရီ (၃၀)မိနစ်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အသံလွှင့်ရုံက တစ်ဆင့် တိုင်းပြည်သို့ ပြောကြားတဲ့ ဘိလပ်ပြန် ...ခွန်း ကောက်နှုတ်ချက်)မှ

ကျုပ်တို့အားရှိမှ အခွင့်အရေးရမယ်၊ အားပိုရှိလေလေ၊ အခွင့်အရေးပိုရလေလေပဲ...။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ည(၇)နာရီ (၃၀)မိနစ် အချိန်တွင် အသံလွှင့်ရုံမှ တစ်ဆင့် တိုင်းပြည်သို့ ပြောကြားသော ဘိလပ်ပြန် ...ခွန်းမှ ကောက်နှုတ်ချက်)

လွတ်လပ်ရေးဟာ ပေးလို့ရတဲ့ကိစ္စမျိုးမဟုတ်။ ယူတတ်မှ ယူနိုင်တဲ့ ...င်အားရှိမှ တကယ်ရမှာဘဲ။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ည(၇)နာရီ (၃၀)မိနစ် အချိန်မှာ အသံလွှင့်ရုံက တစ်ဆင့် တိုင်းပြည်သို့ ပြောကြားတဲ့ ဘိလပ်ပြန် ...ခွန်း ကောက်နှုတ်ချက်)မှ

ခေါင်းဆောင်လုပ်တဲ့သူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ အသက်စွန့်သင့်တဲ့ နေရာမယ် စွန့်ရဲရမယ်။ ...ိုသာယ် သုံးသင့်တဲ့နေရာမယ် သုံးရမယ်။ အချိန်အခါ လိုက်ပြီး လုပ်ရမယ်။ ...များယောင်လို့ ယောင်ရတယ်။ အကောင်းအဆိုး မြောက်မှန်း မသိဆိုရင် ခေါင်းဆောင် မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို မယုံတဲ့လူဟာ ဘယ်သောအခါမှ ...ခြားလူကို မယုံဘူး။ ကိုယ့်တိုင်းသူ ပြည်သားကိုလဲ မယုံဘူး။ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကို ကျွန်တော် ယုံတယ်။ ခင်ဗျားတို့ကိုလဲ ယုံကြည်တယ်။ ...ာ့လွတ်လပ်ရေးလဲ ယုံကြည်တယ်။ ဘယ်ကိစ္စမဆို မှားတယ်မှန်တယ်ဆိုတာ ...ာဝင်က ဆုံးဖြတ်လိမ့်မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ရန်ကုန်မြို့ မြို့တော် ...ီစပယ်အဖွဲ့ဝင် လူကြီးများမှ မြို့မိမြို့ဖတွေရဲ့ ဂုဏ်ပြုညစာပွဲမှာ

www.burmeseclassic.com



ပြောကြားတဲ့ ဘီလပ်ပြန် မိန့်ခွန်းကောက်နုတ်ချက်)မှ

ကမ္ဘာ့ပေါ်တွင် မည်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံ အုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာများကို ကြည်သာဖျူငှာစွာ ပေးဆောင်ခြင်းသည်ပင် လွတ်လပ်သော လူမျိုးအဖြစ်ကို ထင်ရှားစေသော မှတ်ကျောက်ဖြစ်ပေသည်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မတ်လ ၂၁ ရက်နေ့၊ မိုးရွာမြို့မှာ ဟောပြောချက် ကောက်နုတ်ချက်)မှ

မည်သည့်တိုင်းပြည်မဆို တိုင်းသူပြည်သားတို့က တိုင်းချစ် ပြည်ချစ် မျိုးချစ်ပုဂ္ဂိုလ်ပီပီ ဤအခြေခံ ပြည်သူ့ဝတ္တရားဖြစ်သော အကောက်အခွန် ပေးဆောင်ရေးတာဝန်ကို ထမ်းရွက်ခြင်းစိတ်မရှိလျှင် တိုင်းပြည်သည် လွတ်လပ်ရေးမရနိုင်၊ တည်တံ့သော ဘဏ္ဍာရေးတည်းဟူသော ခိုင်လုံသည့် အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲလည်း မည်သည့်လွတ်လပ်ရေးမျှ ရနိုင်မည် မဟုတ်ပေ။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မတ်လ ၂၁ ရက်နေ့၊ မိုးရွာမြို့မှာ ဟောပြောချက် ကောက်နုတ်ချက်)မှ

တော်လှန်ရေးဆိုတာ အဓိပ္ပါယ် ဘာလဲ။ များသောအားဖြင့် ယူဆနေတာက သွေးထွက်သံယိုဖြစ်တဲ့ တော်လှန်ရေးကိုသာ တော်လှန်ရေးလို့ ယူဆနေကြတယ်။ ဒါဟာ လုံးဝမမှန်ဘူး။ တော်လှန်ရေးဟာ သွေးထွက်သံယိုမရှိတဲ့ တော်လှန်ရေး သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေးရယ်ဆို နှစ်မျိုးရှိတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မတ်လ ၂၈ ရက်နေ့ နံနက် အာလံမြို့မှာ ကျင်းပတဲ့ တော်လှန်ရေးနေ့ အခမ်းအနားမှ မြွက်ကြားတဲ့ မိန့်ခွန်း ကောက်နုတ်ချက်)မှ

www.burmeseclassic.com

www.burmeseclassic.com



ကော်လှန်ရေးသဘောအားဖြင့် ကြည့်လျှင် တော်လှန်ရေး သဘောတရားများ အသေးစိတ်သဘောက အစိုင်အခဲသဘောသို့ ပြောင်းလဲ ပေါက်ကွဲလာတာ အမျိုးမျိုးတွေ့ရတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မတ်လ ၂၈ ရက်နေ့ နံနက် အောင်လံမြို့မှာ ကျင်းပတဲ့ တော်လှန်ရေးနေ့ အခမ်းအနားမှာ မြွက်ကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

**လွတ်လပ်ရေးအဓိပ္ပါယ်လဲ နားလည်ဖို့လိုတယ်။ လွတ်လပ်ရေးကို တောင်းယူလို့ မရ၊ တိုက်ယူမှ ရတယ်ဆိုတာ သဘောတူတယ်။ ဒါပေမဲ့ လွတ်လပ်အောင် လုပ်နည်းလိုတယ်။ လွတ်လပ်ရေးဆိုတာ ညီညီညွတ်ညွတ်နဲ့ အင်အားရှိမှရနိုင်တယ်။**

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဧပြီလ ၂ရက်နေ့မှာ ရခိုင်ပြည် မြေပုံမြို့၊ အလံမီ ကုန်းမြူနစ် ဆရာတော် ဦးစိန္တာ ကြီးမှူးကျင်းပတဲ့ လူထုအစည်းအဝေးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

**လူထုရဲ့ခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုရဲ့အကျိုးကို တကယ်တန်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းရလိမ့်မယ်။ ပြတ်ပြတ်သားသား လုပ်ရဲကြရ လိမ့်မယ်။ ချိုတုံ့ချဉ်တုံ့ အဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်။ နိုင်ငံရေး ဆောင်ရွက်တယ်ဆိုတာ ကြောက်လွဲရဲမင်းဖြစ် ဆိုတဲ့အတိုင်း ရဲနိုင်မှဖြစ်မယ်။**

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဧပြီလ ၅ ရက်နေ့ ညနေ ၆ နာရီ ၃၃ မိနစ်အချိန်မှာ အသံလွှင့်ဌာနမှ ပြောကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

အစိုးရဆိုတာ လူဘဲ..၊ လူတွေဖြစ်နေတော့ မကျေနပ်ချက်တွေတော့ ရှိမှာဘဲ..၊ အစိုးရအရာရှိဘက်ကနေ မကြည့်ဘဲနဲ့ ပြည်သူဘက်ကနေ ကြည့်မယ်ဆိုလျှင် အများကြီး ပြောစရာတွေ ရှိတာဘဲ...။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဧပြီလမှာ နတ်မောက်မြို့ ဒီပင်္ကရာကျောင်းဝိုင်းအတွင်း ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နှုတ်ချက်)မှ

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီတိုင်း ဒီမိုကရေစီ မဟုတ်ဘူး။ ဒီမိုကရေစီ ခေတ်စား လာတဲ့အခါမှ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလဲ အများကြီးဘဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ..၊ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်ရေးတန်းတူကျပ်ပြည့်မရှိ သမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ (၁၉)ရက် ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ မိန့်ခွန်းကောက်နုတ်ချက်)မှ

အခု ဒီမိုကရေစီခေါ်နေတဲ့ တိုင်းပြည်အများဟာ တကယ့် ဒီမိုကရေစီ မဟုတ်သေးဘူး။ ငါးမူး၊ သုံးမတ်၊ တပဲလောက်ဘဲ ဒီမိုကရေစီတွေ ဖြစ်ကြ သေးတယ်။ အဲဒီ ဒီမိုကရေစီတွေဟာ အရင်းစစ်လိုက်တော့ အရင်းရှင်ခေါ်တဲ့ ပစ္စည်း၊ အရင်းရှင်တွေ စီးပွားချယ်လှယ်တဲ့ စနစ်အခြေခံတဲ့ ဒီမိုကရေစီ ဖြစ်တယ်။ တစ်နည်းအားဖြင့် အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီဆိုတဲ့ ဘမ်းပြုပြီးထားတဲ့ အုပ်ချုပ်ရေးပဲ။ တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူ ရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ လှမ်းတက်နိုင်တယ်။

(က) အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်း လုပ်ငန်းတွေကို အစိုးရ သိမ်းရ မယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံမျိုး ထားရမယ်။

(ခ) အလုပ်သမားတွေရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး စားဝတ်နေရေး၊ အိုနာအရေး အစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

(ဂ) လယ်လုပ်တဲ့ လူတွေရဲ့လက်ထဲ လယ်ရောက်အောင် စီစဉ်နိုင်ရမယ်။ လယ်အမြောက်အများကို တသီးပုဂ္ဂလ ပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

(ဃ) လူမျိုးအသီးသီးဟာလဲ သူတို့ရထိုက်တဲ့ အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(င) တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

(စ) လူမျိုးဘာသာ လိင်မရွေး တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါရမယ်။

(ဆ) တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်။ အခု ချိန်ဘဝမှာလို ရှေးကလဲ ရဲတပ်ဖွဲ့ အစရှိတဲ့ အခုပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့ အဖွဲ့မျိုးတွေကို တသီးတခြား တည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

(ဇ) တိုင်းပြည်ဥပဒေတရားရုံး စနစ်ဟာလဲ ပြည်သူတွေရဲ့အကျိုး ရှေးရှုမဲ့ ပြည်သူ့တရားရုံး စနစ်မျိုးဖြစ်ရမယ်။

အဲဒီလို အချက်တွေပါမှသာလျှင် တကယ့်ဒီမိုကရေစီအခြေခံတွေ ပေါ်ပေါက်ရောက်မယ်။ ဒါမှသာလျှင် သူ့အချိန်အခါ ရောက်တဲ့အခါ ဒီမိုကရေစီ ဆိုတဲ့ အဆောက်အအုံကြီးကို မားမားမတ်မတ် တည်ဆောက်နိုင်မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်းကောက်နှုတ်ချက်)မှ

နိုင်ငံရေးဆိုတာ စီးပွားရေးအခြေခံ သဘောတရားတွေကို ခေါင်းချုပ် ချုပ်ဆောင်တဲ့အတိုင်း ဒီလိုစီးပွားရေးအခြေခံတဲ့ အရင်းရှင် ဒီမိုကရေစီ နိုင်ငံရေးဟာ အရင်းရှင်သက်သက် ဒီမိုကရေစီလို အရင်းရှင်တွေရဲ့ အာဏာရှင် စနစ်ကို မထားဘဲ ပဒေသရာဇ်စနစ်ကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်သူတွေရဲ့ အခွင့်အရေးကို ဆောင်ရွက်မဲ့ ပြည်သူ လူတန်းစားပေါင်းစုံ အာဏာရှင် စနစ်ပုံသဏ္ဌာန်ဆောင်ထားတဲ့ ဒီမိုကရေစီသစ် နိုင်ငံရေးဖြစ်ရမယ်။ အခု အနောက်နိုင်ငံတွေမှာ ကျုပ်တို့ ကြားသိတွေ့မြင်ရတဲ့ ဒီမိုကရေစီဆိုတာတွေဟာ အောက်ဂါကီ (Oligarchy)ခေါ်တဲ့ အရင်းရှင်ဖြစ်ဖြစ်၊ အရင်းရှင်လို လူတန်းစားတွေ အခြားတစ် လူတစ်စုက ကြီးကိုင်ထားတဲ့ အာဏာရှင်လုပ်နေတဲ့ စနစ်တွေဖြစ်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်းကောက်နှုတ်ချက်)မှ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လိုချင်တာကတော့ လူအများဆုံး အကောင်းဆုံး ချမ်းသာ သုခရအောင် အဲဒီလူကို အများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင်လုပ် ဒီမိုကရေစီဆိုတာတော့ ခုလို အရင်းရှင်အလုပ်သမား၊ လယ်ရှင် အစရှိ လူတန်းစား ရှိနေသမျှ ကာလပတ်လုံး မဖြစ်နိုင်သေးဘူး။ လယ်ရှင် အကျိုးရှိတိုင်း လယ်သမား အကျိုးမရှိနိုင်ဘူး။ အလုပ်ရှင် အကျိုးရှိတိုင် အလုပ်သမား အကျိုးမရှိနိုင်ဘူး။ သူတို့အချင်းချင်း အကျိုးတွေဟာ တစ်ခါ တစ်ခါ ချေစပ်လို့ မရနိုင်ဘဲ တစ်ဦးအကျိုးရှိရင် တစ်ဦးထိတယ်ဆိုတဲ့ အခြေ ဖြစ်လာတဲ့အခါ အစိုးရဟာ တဖက်ဖက်က ပင်းမှ ဖြစ်နိုင်မယ်။ အဲဒီတော့ ဒီမိုကရေစီသစ်ဆိုတာ အစိုးရက လူအများစုဖြစ်တဲ့ လူဆင်းရဲ တွေဘက်က ထုံးစံတော့ ပင်းမယ်ဆိုတဲ့ သဘောဘဲ...။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင် ညီလာခံ မိန့်ခွန်းကောက်နုတ်ချက်)မှ

ဒီမိုကရေစီသစ်အရ လုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးဟာ ဘယ် ဖြစ်မလဲဆိုရင် တိုင်းသူပြည်သား အများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ် နိုင်အောင် သူတို့က ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီ ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရ အာဏာကို ကိုင်ထားရမယ် သူတို့ ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင် ညီလာခံ မိန့်ခွန်းကောက်နုတ်ချက်)မှ

ဖက်ဆစ်စနစ်ဆိုတာ ဘာလဲ။ ကြမ်းသင့်လို့ ကြမ်းတာကို ဖက်ဆစ်လို့ ခေါ်တာ မဟုတ်ဘူး။ ကိုယ်နှင့် စိတ်မသင့်တာလုပ်သမျှကို ဖက်ဆစ်စနစ်လို့ ခေါ်တာမဟုတ်ဘူး။ ငွေပင်ငွေရင်းရှင်ကြီးတွေက လက်ကိုင်တုတ်လုပ်ထားတဲ့ တပည့်တွေနဲ့ တိုင်းသူပြည်သား လူအများကို အကြမ်းပတမ်း ဖိနှိပ်ပြီး အင်မတန် ကျဉ်းမြောင်းမှားယွင်းတဲ့ လူမျိုးရေးတရား လက်ကိုင်ထားတဲ့ ဝါဒဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံစ်ဝါဒဘဲ။ အဲဒီတော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတရားတွေနှင့် ဆက်သက်ပြီး ကျုပ်တို့ဟာ ဖက်ဆစ်အားပေးတရားတွေ မပေါ်အောင် တိုင်းပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေလုပ်ကတည်းက စီမံထားရလိမ့်မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်းကောက်နုတ်ချက်)မှ

တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ခေတ်တီးရာမှာ ဘယ်လိုဘဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွဲမရှောင်သာဖို့လိုတယ်။ ဖြစ်ပျက် ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက်အလက်တွေနဲ့ အခြားတလမ်း ဖြစ်တဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ ချက်စိစုံမှိတ်ပြီး အကာန်းလိုရမ်းလို့ မဖြစ်ဘူး။ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှု ဖျက်ဆီးရုံအလုပ်ကိုလဲ လက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အခြေခံရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စားလူထုကြီးလွတ်လပ်မှု ဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွဲ့ဖွဲ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည် နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံ မိန့်ခွန်းကောက်နုတ်ချက်)မှ

ယခုခေတ်မှာ ပြန်လည်ထူထောင်ရေးလုပ်လုပ်၊ တိုင်းပြည် ကာကွယ်ရေးလုပ်လုပ် ကျွန်တော်တို့ဟာ သူ့ဆိုင်ရာအဖွဲ့ သူ့ဆိုင်ရာ လူတွေ လောက်နှင့် လုပ်လို့ မပြီးနိုင်ဘူး။ အဓိပ္ပါယ်က မီးသတ်ကိစ္စကို မီးသတ် အဖွဲ့ထဲရှိတဲ့ လူတွေနှင့် လုံလောက်အောင် ကာကွယ်နိုင်တဲ့ခေတ် မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာလဲ အစိုးရဘက်က လူတွေနှင့် မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာဘဲဖြစ်ဖြစ် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာဘဲဖြစ်ဖြစ် ကာကွယ်ရေးလုပ်ငန်းမှာဘဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနှင့် ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဖွန်လဆန်း ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးမှာ မိန့်ကြားချက် ကောက်နုတ်ချက်)မှ

လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပါယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ ရတဲ့အခါမှာလဲ နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လဲပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီးမှာ ကျင်းပတဲ့ ပြည်သူ့အစည်းအဝေးကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

တန်းတူညီတူ မဖြစ်သမျှကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမဲ့ ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူမြင်ရတဲ့အခါ မျက်နှာချိုသွေးရနဲ့ ဖာသယ်လိုနိုင်ငံမျိုးဖြစ်နေမှာဘဲဆိုတာ ခင်ဗျားတို့ကို အတိအလင်း နားလည်ထားစေချင်တယ်။ အားမှမရှိသေးတော့ အဲဒီလိုဘဲ ဖြစ်နေမှာဘဲ...။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသည်သဘောမျိုး နိုင်ငံမျိုး မဖြစ်ဘဲနေမှာ....။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(၁၉၄၇ ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့ မြို့တော့ခန်းမကြီးမှာ ကျင်းပတဲ့ ပြည်သူ့အစည်းဝေးကြီးမှာ ပြောကြားတဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

www.burmeseclassic.com

www.burmeseclassic.com



အင်အားမရှိသော နိုင်ငံသည် နိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ မရောက်နိုင်။ နိုင်ငံဟူသော အမည်ခံရုံသာရှိမည်။ ဩဇာခံနိုင်ငံမည်သည်မှာ အကောင်းနှင့်အဆိုး အဆိုးကများသည်။ နိုင်ငံရေးအားဖြင့်၄င်း၊ စီးပွားရေးအားဖြင့်၄င်း၊ ဘယ်ဘက်ကဖြစ်ဖြစ်၊ ကာကွယ်ရေးခိုင်လုံဖို့မှာ အရေးကြီးသည်။ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုလက်မှု၊ ပညာရေး စသည်တို့ ဘယ်လောက်ပဲ ကောင်းကောင်း ကာကွယ်ရေးအင်အားမရှိတဲ့ နိုင်ငံဟာ အင်အားရှိတဲ့ နိုင်ငံများ၏ လုပ်သမျှကို ခံရမှာဘဲ။ အင်အားမရှိရင် တခြားနိုင်ငံများ၏ ကျူးကျော်စော်ကားခြင်း ခံရမည်။ စစ်သော်လည်း အတိုက်ခံရမည်။ အင်အားကိုပြ၍ အခြိမ်းအခြောက်ရင်လဲ ခံရမည်။ ကာကွယ်ရေးနှင့် ပြည့်စုံအောင် ကျကျနနလုပ်နိုင်မှ လွတ်လပ်ရေး အဓိပ္ပါယ်ရှိသည်။ သို့မဟုတ်ပါက လွတ်လပ်ရေးဆိုတာ အဓိပ္ပါယ်မရှိဘူး။ **(ဗိုလ်ချုပ်အောင်ဆန်း)**

(၁၉၄၇ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့ မေမြို့ဗိုလ်သင်တန်းကျောင်းမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းကောက်နုတ်ချက်)မှ

**အချင်းချင်း သဘောကွဲလွဲမှု ဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာဘဲ။ ဒါပေမဲ့ သူတပါးနိုင်ငံက ကိုယ့်နိုင်ငံ လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုး ဖြစ်တာဘဲ။** **(ဗိုလ်ချုပ်အောင်ဆန်း)**

(၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပင်လုံစော်ဘွားများ ထမင်းစားပွဲမှာ မြွက်ကြားချက် ကောက်နုတ်ချက်)မှ

အများအားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော် ဟိုဆဲသည်ဆဲ ဆိုလျှင် နိုင်ငံရေးဟု ထင်၏။ ဤအရာမျိုးကား နိုင်ငံရေးမဟုတ် လူပြိန်းကြိုက် အပေါစား အလုပ်မျိုးဖြစ်၏။

*(ဗိုလ်ချုပ်အောင်ဆန်း)*

(သူတို့ခေတ် သူတို့အပြော၊ သူတို့အတွေးအခေါ် စာအုပ် ကောက်နုတ်ချက်များ)မှ

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၄။ သခင်ကိုယ်တော်မှိုင်းစာစုများ

မြို့မှာနေလို့ ဘာမှမသိကြတာ နယ်တွေမှာ တော်တော့ကို ဆင်းရဲနေကြတယ်။ အင်း… လူတွေကသာ မညီကြသေးတာ…၊ ဆင်းရဲကြတာကတော့ ညီကုန်ပြီ။ ဗမာ(မြန်မာ)ရာဇဝင်မှာ အခုလို ခေတ်မျိုးတော့ ကြုံမကြုံဘူးပေါင်ကွာ…။

*(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)*

(သူတို့ခေတ် သူတို့အပြော သူတို့အတွေးအခေါ် စာအုပ်မှ ကောက်နုတ်ချက်)

ခေတ်သမယ အားလျော်စွာဆိုရင် ကျုပ်တို့တတွေဟာ လောင်းရိပ်မိနေကြတယ်။ တခြားမကြည့်နဲ့ တက္ကသိုလ်ပညာဟာ လူရာမဝင်နိုင်ဘူး။ ခိုင်းစားဖို့ သင်ပေးတာဘဲ။

*(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)*

(သူတို့ခေတ် သူတို့အပြော သူတို့အတွေးအခေါ် စာအုပ်မှ ကောက်နုတ်ချက်)

ရပ်ကြီးသားများမှာ လူညာများဖြစ်ကြောင်း၊ တကယ်အလုပ်လုပ်နေကြသူများမှာ တောနယ်မှ ဆင်းရဲသားများသာဖြစ်ကြောင်း၊ ရပ်ကြီးရွာကြီးမှ ခေါင်းဆောင်ဆိုသူတို့မှာ ညာလိုင်း၍ စားသောက်နေကြကြောင်း၊ ယခုကဲ့သို့ ဆင်းရဲမွဲတေနေကြသည့် ဆင်းရဲသားများကို မြင်ရသည့်အခါ ထိုခေါင်းဆောင်များအား ပါးသာရိုက်ချင်တော့ကြောင်း။

*(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)*

(သူတို့ခေတ် သူတို့အပြော သူတို့အတွေးအခေါ် စာအုပ်မှ ကောက်နုတ်ချက်)

ဒီတစ်ခါ ရွေးကောက်ပွဲပြုလုပ်ရင် နွားကိုဘဲရွေးပြီး တင်မြှောက်ကြ။ နွားဆိုတော့ ကောက်ရိုးကလေး မြက်ကလေးလောက်နဲ့ ကိစ္စပြီးတယ်။ သူတို့လို

www.burmeseclassic.com

www.burmeseclassic.com



ဒေသစာရီ လှည့်လည်စရိတ်၊ အညောင်းအညာပြေ လေညှင်းခံစရိတ်မရှိဘူး။ တင်းကုတ်ထဲ ချည်ထားလိုက်ရင် ပြီးတာဘဲ။

*(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)*

(သူတို့ခေတ် သူတို့အပြော သူတို့အတွေးအခေါ် စာအုပ်မှ ကောက်နုတ်ချက်)

ဩော်.. အနိစ္စ ဘုရားဘုရားနှင့် တဆိတ်ကမှ မအားရအောင် ဘုရားတရားကလေးမှာ စိတ်မညှိုးမူ၍ ဩ အိပ်လည်းရှိခိုး နိုးလည်း ကော်ရော်ပူဇော် ကန်တော့ရာက ဘာဝနာသမထသခင် နေ့စဉ် တက်တက်ပြီး အမယ်မင်း မမွစက္ကနှင့် မဇဂ္ဂအဖွင့် ပရိတ်ကြီးတို့ရဲ့ အပြင် ဩော် မနက်နှင့် ညမပျက်ရပါဘူး။ လက်ကစိပ်ပတီး..။

*ဗိုလ်မှူးရသခင်ချစ်မောင်ရေး(ကမ္ဘာလှည့်သခင်ကိုယ်တော်မှိုင်း)မှ*

ဆရာ့တစ်သက်မှာ စာအုပ်စာတမ်းရေးလို့ စာမူရယ်လို့လဲ တပြား တချပ်မှ တစ်သက်လုံး မရခဲ့စဘူးပါဘူး။ ဆရာ့စေတနာက ပိုက်ဆံရဖို့ ရေးခဲ့တာလဲ မဟုတ်ပါဘူး။ လူအများ ဖတ်စေချင်တဲ့ စေတနာ သက်သက်ပါပဲ။

*ဒေါင်းဋီကာသစ်တာတီယအကြိမ်မိုက်မှ*

*(လူထုဒေါ်အမာအားပြောစကား)မှ*

ပဏ္ဍာတော်အယူအခွန်တိုးစေဖို့ မြန်မာပေါ် ဇမ္ဗူတာခွန်ကျိုး ပြန်သနဲ့ ကျွန်မျိုးမကြည်ဖြစ်ရတဲ့ သည်ခေတ်စရာကြုံခဲ့သမို့ တဒါရုံ စိတ္တက္ခဏက လေးတောင်မှ တအာရုံစိတ်လက်ချ မအေးသော်လည်း ညီတုန်းသမယ အခါများက ကမ္ဘာကြားခဲ့တဲ့ ဗမာ့ ဗမာသားတွေရဲ့ တို့ဗမာမြေ တို့ဗမာ အမွေပေမို့ အနိုင်မယူပေစကောင်း အိုကွယ် တို့ဗမာပြေမှာဖြင့် တို့သာနေမယ်လို့ မဆိုင်သူတွေ မောင်း..

ရွှေပြည်တော် မကိုဋ်များတွင်မှ သိုက်တန်းတစ်ခါ ကြုံခဲ့သမို့ ရာဇဂုဏ်တံခွန် မလှစ်နိုင်ဘဲ ကျွန်ခေတ် လူရာမဝင်ချင်သနဲ့..

www.burmeseclassic.com

www.burmeseclassic.com



ဩော်.. မြန်မာပြည်တစ်ဝှမ်းတွင်ဖြင့် သာယာဝတီစခန်းဆီက 'အာဇာနည်အစွမ်းတွေ ဟို ကျွန်ခေတ် လူရာမဝင်ချင်သနဲ့ အရင်ယမန်က ဗလိုပလ္လင်ပျံမှာ သမ္မတ တီမ်းအောင်လို့တဲ့' ဗိုလ်ဝင်ခံကာ မြန်မာ့ကိန်းတွေနှင့် မြစိမ်းတောင်ညိုညိုက ချောင်ခိုကာ အောင်ဗဟိုရှမ်းလိမ့်မတဲ့.. ထွန်းလှဲ့ခေါင် မရမေပေနော်ကွယ်..၊ အစွန်းမန္တဲ့ အညွန်းတဲ့နေကြ (ဩော်) လွှမ်းဘွဲ့ အောင်မြေ...။

*(ငွေနန်းမြို့ဦးဘွဲ့)မှ*

တချို့ကမူ ဘီအေကိုအောင်အောင်လုပ်၊ မြို့အုပ်အဖြစ်နဲ့ ခေတ်ကြွားပြီး လာဘ်စားရလျှင် ကောင်းမည်ဟူ၍ငှင်း တချို့သော လူတစ်စုကလည်း ကြက်ဥကို အစိမ်းလိုက် အခွံဖောက်ရအောင် ဝန်ထောက် လုပ်စားရကောင်းမည်ဟူ၍ငှင်း အချို့က တိုင်းပြည်ကောင်းအောင်ဆိုပြီး ခေါင်းဆောင်လုပ်စားရကောင်းမည်ဟူ၍ငှင်း၊ တချို့က ဒိုင်အာကီဘက်ကဖြစ်ဖြစ် ဟုမ်းမရူးဘက်ကဖြစ်ဖြစ် ခေတ်ကြိုက်လိုက်ပြီး နိုင်ငံကျော် တရားဟောဆရာ လုပ်စားရလျှင် ကောင်းမည်ဟူ၍ ငှင်း...။

*(ဆောင်းပါးပေါင်းချုပ်မင်္ဂလာနီဒါန်း)မှ*

ဩော်.. အနီအတွက်ကယ်ကြောင့် ဆီထည့်သည့်ခွက်လိုပေါ့..၊ ပီတီပွက်ပွက်ပြီး ပြည်ကြီးဘက်မှာ အဲတော်ပေါ့မဲ့ပြင် ဘော်ကြော့ဘက်မှာ တစ်သက်လည် ချစ်မကွာ ချစ်မကွာနှင့် မေတ္တာရောက်လေတော့ တစ်ချက်တည်း ပြစ်ပြစ်ခါခါ သစ္စာဖောက်မယ်လို့ သခင်အထင်မရောက်ကြစေနှင့်..၊ မကြောက်မညှာ မှန်ရာလုပ်သူမို့ အနုတ်စုတ်ဂုတ်စုတ် အမြောက်စိန်ဖောက်ချိန်လို့ ခွဲသလိုပေါ့...။ တစ်သုတ်နောက်တစ်ကြိမ် ပေါက်ဆန်ပွဲမှာလဲ ဩော်.. အသင်းတို့ အပင်းတို့ သတင်းတို့နဲ့ အဆက်မကွာအောင်ဗိုလ်မင်းတို့ဘက်မှာသာ ကျမဲ့နွဲ့မဲ့ပြင်...။

*(အိုးဝေမွှေ့ဝင်း)မှ*

www.burmeseclassic.com



အားမတူ… အနှမမျှသော်လဲ
မဟာရားမှ မခံကြပုံကို…
ပြဒါးမှ ရှာနိပျံလို့ကြွသလိုပ…

*(ဂင္ဂုန်ပျံဒီပနီငြီကာ)မှ*

နိုင်ငံရေးလုပ်တာဟာ နိဗ္ဗာန်လိုချင်လို့ လုပ်တာမဟုတ်ဘူးကွ…၊ နိဗ္ဗာန်လိုချင်ရင် နိဗ္ဗာန်ရအောင် ကျင့်ရမယ်။ ကြောင်သူတော်လုပ်ပြီး ယိုတော့ တြွက်ချေး ဒါမျိုးမကောင်းဘူး၊ နိုင်ငံရေးသမားကြီးတွေကတော့ကွာ ခေါင်းဆောင်ဆိုပြီးတော့ ဖောက်ပြန်ကုန်ကြတာဘဲ အကောင်းကို မရှိတော့ဘူး။ အားမကိုးလောက်ဘူးလို့ ဆိုပါတော့ကွာ…။ မင်းတို့ လူငယ်တွေဘဲ ရှိတော့တယ်။ လူငယ်တွေထဲကလဲ မင်းတို့သတ္တိရှိမှဖြစ်မယ်။ နိုင်ငံရေးလုပ်တာဟာ ဥပုသ်စောင့်တာ မဟုတ်ဘူးကွ…။ သို့ပေမယ့် ငါရဲတယ် သတ္တိရှိတယ်ဆိုပြီး ရေထဲဆင်းချတာမျိုးလဲ မဟုတ်သေးဘူးကွ။ လောကမှာ လူဆိုတာ အသင်းအပင်းနဲ့နေတဲ့ အကောင်မျိုးဘဲ အသင်းအပင်းနဲ့ ကင်းကွာနေရင်လဲ တစ်ယောက်ထဲသတ္တိကောင်းရင် အချိုးအနှီး ဖြစ်မှာပေါ့…။

*ပြည်သူ့စာဆိုသခင်ကိုယ်တော်မှိုင်း*
*(သခင်ဖေသိန်းရေးစာအုပ်)မှ*

ရွှေပြည်တော်မကိုင်ငွေမန်းတွင်မှ သိုက်တန်းတစ်ခါ ကြုံခဲ့သမို့ ရာဇဂုဏ်တံခွန်မလှစ်နိုင်တဲ့ ကျွန်ခေတ်လူရာမဝင်ချင်သနဲ့…။

*(သခင်ကိုယ်တော်မှိုင်းစာ သခင်ကိုယ်တော်မှိုင်းဘာဝ)မှ*

ဝသုန်မြေပေါ်တခွင် ပန္နက်အမှတ်ထားကြတဲ့ ဒဂုံဆံတော်ရှင်ပင် ငှက်မြတ်နားဆီသို့၊ ဘဝဂ်ရပ်အဖျားဆီက ဝတ်တာပါး မပေါ့ရှာ၊ စက်ပြာသာဒ် ရထားရယ်နှင့်၊ အထက်နတ်သိကြားသော်မှ ဝပ်တွားကန်တော့လာ…။

မိုးကြိုးခတဲ့ နိမိတ်ကိုဖြင့် အမျိုးမျိုး ဆရာ့မှာ ထိတ်ပေမဲ့ အဓိတ်ကိုအစဉ်အခါက ပဟိုရ်ပလ္လင်ရတနာ အင်းဝ သဝေအထိုးတွင်မှ ငြိမ်ငြိမ်စရာ…င်းခပြသူခိုးလိုပေါ့၊ ကိုယ်ထင်ရာ အတင်းအဓမ္မစိုးလေတဲ့၊ ထိုးကွင်းခကြောင် …ဟန်ပန်နှင့်ကြွားနေကြ၊ မိုးညှင်းတန်ဆောင် သိုဟန်ဘွား…တော့ ဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



မရှိမသေချင်သံနဲ့၊ တရားကို အပိုတွေ ထင်တဲ့ပြင်၊ သံဃာတော် အရှင်မြတ်တွေကိုမှ၊ အတွင်သတ်ကာ တမင် မအပ်မရာပြုသလိုဖြင့်၊ ခု လက်ထက်တော်မှာ အင်္ဂလိပ်စိုးချိန်မို့၊ ညှိုးလျှော့ဘွယ် ဆရာမမြင်ဘုလို့၊ ရာဇဝင်အတိတ်ရှေ့က သဘောတွေနှင့် မကြာခင် အဖိတ်နေ့ညမှာ ဟောရက်ကနှင့်၊ တောရစ် မကြည်လင်ဖို့၊ ထေရ်အရှင် ကျုပ်တို့ဆရာတပါးပေပေါ့၊ ဘုရားရှင် သာသနာတော်က၊ သမ္မာတော် ဓာတိတအားရယ်နှင့်၊ မြန်မာပေါ်မှာ ငါအရှိသားပေမို့၊ ယိုရှားကာ မနေစေဘုလို့၊ အပြေပြေကမ္ဘာလှည့်လည်ပြီး၊ အခြေအနေကို မကြာမကြာကြည့်တဲ့ပြင်၊ ဒကာတပည့်တွေကို ကောင်းစေချင်တဲ့ စိတ်ကယ်နှင့်၊ ကောင်းဟိတ်တဝေဝေလှူဘို့တဲ့၊ ဒေါင်းရိပ်မြေဇမ္ဗူမဖြင့်၊ ပြေသူကို ဘွေမယူတဲ့ ခေတ်တွင်မှ၊ အသစ်ပြင်ရန်သဘောတွေနှင့်၊ လောက ပြေမြန်မာမှာနော်ကွယ်၊ ဟောပြပေရှာ…။

ထေရ်တဆူ ဥတ္တမတပါးရယ်ကြောင့်၊ ပြည်သူတွေ ဒုက္ခပွားပြန်ပေါ့၊ ဗုဒ္ဓဘုရားနှင့် ဓမ္မရာဇ်သာသနာမှာ အပြစ်မရှာစေဖို့ ဆရာ့အမိဋ္ဌာန်တရား၊ မနှစ်မနာလေသမို့ ဒဲမတာနိဗ္ဗာန်တံခါး။

သွေးမထူးချင်၊ တွေးဦးလျှင် တမြင်မြင်ပါ့၊ ကျေးဇူးရှင် ရဟန်းတော်တပါးကိုမှ အကြမ်းခေါ်ယူ ဖမ်းတော်မူလို့ သွားပေါ့တဲ့၊ ပြည်သားပြည်သူ ရှင်လူတကာတို့၊ အသွင်တူဘာသာမှာ သာသနာကလည်း တဘက်ဟာမို့၊ အခက်တခါ ကြုံကြပေါ့၊ ရာဇဂုဏ် မင်းမာန်တင်းချိန်မို့၊ စွဲချက်ဥပဒေကို ခွဲဖျက်ထုချေလို့ ငြင်းရမှဲ၊ တိုင်းရင်းနေ ဒကာ ဒကာမတို့မှာဖြင့်၊ ဗျာပါမကြည် မရှင် ပူပင်ဒုက္ခများပေလိမ့်၊ သည်တခွင် မနုဿတွေကိုဖြင့် ကျုပ်က အလွန် သနားတယ်လို့၊ နှုတ်က တညွန်ညွန်နှင့် ကြားတော်မူတတ်ပေသမို့၊ ပြည်ခွင် ဥတ္တမ နာယကအမွန် တပါးပေပေါ့၊ (ဘေဒါရီရယ်) ထေရ်ရှင် ဥတ္တမ သာသနတံခွန် ဘုရား…။

*(ဆရာတော်ဦးဥတ္တမဘွဲ့)*

*မစ္စတာမောင်မှိုင်းအမည်နဲ့(မျောက်ဒိုင်္ကာ)မှ*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၅။ ဦးဥတ္တမစာစုများ

ငါ့ညီမင်း အခုလူဖြစ်လာသည်မှာ မင်းကိုယ်ကျိုးတစ်ခုအတွက် ဖြစ်သလား..။ သို့မဟုတ် အများအကျိုးစီးပွားအတွက် ဖြစ်သလား ဆိုသည်ကို ကောင်းစွာဝေဖန်ပြီးလျှင် မင်း၏ ယခုဖြစ်နေသော လူ့ဘဝကို ကောင်းကောင်းကြီး အသုံးချနိုင်ပါရဲ့လား။

*(ဦးဥတ္တမ သူ့ညီကျော်ထွန်းအောင်ထံပေးစာ)မှ*

ဂျပန်သည် ရုရှလူမျိုးတို့ကို စစ်ပြိုင်တိုက်လျက် အဘယ်ကြောင့် နိုင်သနည်းဟု အံ့သြခြင်းဖြစ်ပြီးလျှင် ယခုအခါ ငါတို့သည် သူတကာထက် အစစအရာရာတွင် အောက်ကျနောက်ကျနေသည့်အတွက် ငါတို့ဘာသာ ဘုရားသည်လည်း ဘယ်သောအခါမှ ကြီးပွားမည်မဟုတ်။ ငါတို့နိုင်ငံ ငါတို့မြန်မာလူမျိုးကြီးပွားမှသာလျှင် ငါတို့ ကိုးကွယ်သော ရှင်တော် ဘုရား၏ သာသနာတော်သည်လည်း ကြီးပွားကျော်စော၍ ကမ္ဘာတွင် ပေါ်လွင် ထွန်းတောက်လိမ့်မည်ဟု ထင်၏။

*(ဦးဥတ္တမ ဂျပန်ပြန်အကြောင်းစာအုပ်)မှ*

လူ့စိတ်ရှိတယ်ဆိုတာ ဒီလိုလေ လူဟာလူ့အခွင့်အရေး ဘာလဲဆိုတာ နားလည်လာကြတယ်။ ကိုယ့်အခွင့်အရေးကို ကိုယ်သိပြီး မရရအောင် ကြိုးစားတတ်ရင် ဒါဟာ လူစိတ်ရှိတယ်လို့ ဦးပဥ္စင်း ဆိုလိုတာပဲ...။

*(ဆရာတော်ဦးဥတ္တမစာအုပ်စာ-၄၃)မှ*

ဗမာ့ခေတ်ဦးဘခင်ရေ...

'မိန်းမတွေဟာ မင်းကတော်စိုးကတော်ဖြစ်ဖို့လောက်ကိုသာ မှန်းပြီး ထော်ပြိုင်နေကြတယ်။ ဒီလိုမိန်းမတွေ စည်းမစောင့်ကြလို့ ဗမာဟာ ထွန်းသက်ရှည်နေတာ..၊ ဘုန်းကြီးတွေကတော့ ဆွမ်းခံရင် ဗမာအိမ်မှာ ခံတယ်။ ဝယ်တော့ရိုးတိုက်မှာ သွားဝယ်တယ်။ ငါ မအူပင်မှာ ထောင်ကျတာဟာ ဓါ့ဆိုတဲ့ စကားကလေးတစ်လုံးပါမသွားလို့ ထောင်ကျတာပဲ ငါကပြော

www.burmeseclassic.com



တယ်။ ဗမာတွေဟာ အရေးပိုင်ဆိုရင် သိပ်ကြောက်၊ ဝန်ထောက်မြို့အုပ်လဲ ကြောက်နေကြတာဘဲ၊ ဘာတစ်ခုမှ မဟုတ်တာ မမှန်တာ လုပ်နေလို့ ပြန်မပြောဝံ့ကြဘူးနော်။ ခွေးလောက်မှ မလိမ်မာဘူး။ မင်းတို့ အိမ်မှာ မွေးထားတဲ့ ခွေးဝင်စားဘဲဖြစ်ဖြစ်၊ အရေးပိုင်ခွေးနဲ့ တွေ့ရင် ခံတော့ ကိုက်အုံးမှာဘဲလို့ ငါက ပြောတယ်။ ဒါကို အရေးပိုင်က သူ့ကို ခွေးလို့ ပြောရမလားဆိုပြီး တရားစွဲတာဘဲ··၊ အရေးပိုင်၏ ခွေးလို့ ပြောရမဲ့ဟာ ငါက အရေးပိုင်ခွေးလို့ ပြောလိုက်မိတာကို···

(ငြင်းစာ-၄၀)မှ

သူတစ်ပါး၏ ရှုံးပါးမှုနှင့် အရှက်တစ်ခုခုကို မူတည်လျက် မိမိအဖို့ အမြတ်ကို မရှာဖွေနှင့်···။ သို့မှသာ စင်ကြယ်မှုသည် ဖြစ်မည်။

(ငြင်းစာ-၄၉)မှ

အမျိုးသားတို့သည် သူရသတ္တိ နည်းပါးကြမူကား ခွန်အားဗလနှင့် ပြည့်ဝသော သူတို့နှင့် ပူးပေါင်းဆောင်ရွက်သော်လည်း မှချပျက်စီးရလိမ့်မည်။ သူရသတ္တိနည်းသော အမျိုးသားတို့သည် ဗျူရိုကရက်တို့၏ ဩဇာခံ အာဏာသားများဖြစ်ကြရပေလိမ့်မည်။ ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့ မူလ ရည်ရွယ်ရင်း အကြံကို စွန့်ပစ်၍ တိုင်းပြည်ရေးရာ၌ ပေလာယျက်ံ ဖြစ်နေ ပေလိမ့်မည်။

(ငြင်းစာ-၅၇)မှ

လောကဓာတ်ပညာတွင် စိတ်ညို့သော အတတ်ဖြင့် လိုရာကို အကြိမ်ပေါင်းများစွာ ကြားနာနေရသောအခါ မိမိတို့အတိတ်အရေးကို မေ့လျော့ လျက် သွားပါကြောင်း၊ မြန်မာလူမျိုးတို့အား မသင့်လျော် မလျှောက်ပတ် သေးဟု အထင်ခံရပြီး ပညာဗဟုသုတ မရှိဟု ဆိုကြလေပြီ။ ဘုန်းတော်ကြီးများ ဩဇာကိုသာ အရာရာမှာ ခံယူသည်ဟု ကဲ့ရဲ့ကြလေပြီ။ ရိုင်းစိုင်းသည်ဟု ပြောကြလေပြီ။ စိတ်ညို့သော ပညာအမျိုးဖြင့် ၄င်းတို့ ဆိုသမျှသည် အမှန်သာဖြစ်သည်ဟု ထင်မှတ်စပြုလာပါကြောင်း···။

(ငြင်းစာ-၆၄)မှ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဗမာတွေဟာ အရေးပိုင်ဆိုရင် သိပ်ကြောက်၊ ဝန်ထောက်မြို့အုပ်လဲ ကြောက်နေကြတာဘဲ၊ ဘာတစ်ခုမှ မဟုတ်တာ မမှန်တာ လုပ်နေလို့ ပြန်မပြောဝံ့ကြဘူးနော်။ ခွေးလောက်မှ မလိမ်မာဘူး။ မင်းတို့ အိမ်မှာ မွေးထားတဲ့ ခွေးဝင်စားဘဲဖြစ်ဖြစ်၊ အရေးပိုင်ခွေးနဲ့ တွေ့ရင် ခံတော့ ကိုက်အုံးမှာဘဲလို့ ငါက ပြောတယ်။ ဒါကို အရေးပိုင်က သူ့ကို ခွေးလို့ ပြောရမလားဆိုပြီး တရားစွဲတာဘဲ··၊ အရေးပိုင်၏ ခွေးလို့ ပြောရမဲ့ဟာ ငါက အရေးပိုင်ခွေးလို့ ပြောလိုက်မိတာကို···

(၄င်းစာ-၄၀)မှ

သူတစ်ပါး၏ ရှုံးပါးမှုနှင့် အရှက်တစ်ခုခုကို မှုတည်လျက် မိမိအဖို့ အမြတ်ကို မရှာဖွေနှင့်···။ သို့မှသာ စင်ကြယ်မှုသည် ဖြစ်မည်။

(၄င်းစာ-၄၉)မှ

အမျိုးသားတို့သည် သူရသတ္တိ နည်းပါးကြမူကား ခွန်အားဗလနှင့် ပြည့်ဝသော သူတို့နှင့် ပူးပေါင်းဆောင်ရွက်သော်လည်း မုချပျက်စီးရလိမ့်မည်။ သူရသတ္တိနည်းသော အမျိုးသားတို့သည် ဇျူရိုကရက်တို့၏ ဩဇာခံ အာဏာသားများဖြစ်ကြရပေလိမ့်မည်။ ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့ မူလ ရည်ရွယ်ရင်း အကြံကို စွန့်ပစ်၍ တိုင်းပြည်ရေးရာ၌ ပေလာယျကာ ဖြစ်နေပေလိမ့်မည်။

(၄င်းစာ-၅၇)မှ

လောကဓာတ်ပညာတွင် စိတ်ညို့သော အတတ်ဖြင့် လိုရာကို အကြိမ်ပေါင်းများစွာ ကြားနာနေရသောအခါ မိမိတို့အတိတ်အရေးကို မေ့လျော့လျက် သွားပါကြောင်း၊ မြန်မာလူမျိုးတို့အား မသင့်လျော် မလျော်ကပ်တ်သေးဟု အထင်ခံရပြီး ပညာဗဟုသုတ မရှိဟု ဆိုကြလေပြီ။ ဘုန်းတော်ကြီးများ ဩဇာကိုသာ အရာရာမှာ ခံယူသည်ဟု ကဲ့ရဲ့ကြလေပြီ။ ရိုင်းစိုင်းသည်ဟု ပြောကြလေပြီ။ စိတ်ညို့သော ပညာအမျိုးဖြင့် ၄င်းတို့ ဆိုသမျှသည် အမှန်သာဖြစ်သည်ဟု ထင်မှတ်စပြုလာပါကြောင်း···။

(၄င်းစာ-၆၄)မှ

www.burmeseclassic.com

www.burmeseclassic.com



ဦးပခွင်း ဆောင်ရွက်သည်ကို နှစ်သက်ကြသည်ကား ဦးပခွင်းတွင် တစ်စုံတစ်ရာ အဖိုးတန်ရှိ၍ မဟုတ်ပါဘဲ မြန်မာတို့က စုံမက်လျက် ရှိသည်ကို ပေါ်ပါကြောင်း၊ မြန်မာတို့ နိုးကြားခြင်းသည် လောကကြီး၏ ပယောဂအခြေ အသွင် အကြောင်းရင်းခံ၍ ထိုသို့ နိုးကြားရာမှ ဦးပခွင်းက တစ်နည်းတစ်ဖုံ ထွက်ရာ ကျရောက်နေပါလျှင် ဦးပခွင်းမှာ ကျေနပ်လှပြီဖြစ်ပါကြောင်း…။

*(၎င်းစာ-၆၇)မှ*

မြန်မာတို့သည် သီလကို စောင့်ထိန်းရန် အမျိုးကို ချစ်ခင်ကြလျက် အလုပ်အကိုင်ကို အားထုတ်သော လူမျိုးဖြစ်စေပြီးလျှင် ကိုယ်တိုင် လေ့လာ သင်ကြားကာ အခြားလူတစ်ဦး သို့မဟုတ် လူတစ်မျိုးကို အားမကိုးသော လူမျိုးဖြစ်စေရမည်။ ပျက်တတ်သောသဘောကို မြန်မာတို့ဘက်မှ နှုတ်ပယ်ပစ် ရမည်။ အမျိုးသား ပညာရေးကို အားပေးကြ၍ မွန်မြတ်သော မြန်မာတို့နှင့် ပေါင်းကာ ကိုယ်ထူးကိုယ်ချွန်ဖြစ်စေရမည်။ မြန်မာတို့သည် အရာရာ၌ တိုးတက်သော လူမျိုးဖြစ်စေရမည်။ အချင်းချင်း ယုံကြည်အားထားစေနိုင်ရန် ဖြောင့်မတ်စွာ အားထုတ်ကြရမည်။ မြန်မာတို့သည် စွမ်းရည်သတ္တိနှင့် အတတ်ပညာရှိကြောင်း ပြသကြရမည်။ ဤမျှလောက် ကျင့်ဆောင်နိုင်ကြောင်း ပြသသောအခါ ကမ္ဘာပေါ်တွင် မည်သည့်မျှ မြန်မာတို့ကို ဖိနှိပ်ထားနိုင်တော့မည် မဟုတ်ပေ။

*(၎င်းစာ-၆၉)မှ*

မြန်မာတို့ အလိုရှိကြသည်ကား ၎င်းတို့တွင် ရှိနေသော သြဇာကို အသုံးချ၍ အဓမ္မလောဘတို့နည်းပါးစေပြီးလျှင် တရားသဖြင့်သာ နေကြစေလို ကြောင်း ၎င်းတို့သည် မြန်မာပြည်၌ ညီအစ်ကိုသူငယ်ချင်း ဂုဏ်ရည် တူကဲ့သို့ နေကြလျက် သစ္စာသမာဓိနှင့် တရားသဖြင့် အမှန်ကို လိုက်နေ ကြပါလျှင် ၎င်းတို့ကို လက်ခံနိုင်ကြပါသည်။

*(၎င်းစာ-၇၀)မှ*

အနာဂတ် ဆောင်ရွက်ရာတွင် ဦးပခွင်းအား ယုံကြည်ကြသည်ကို ဖောက်မပြန် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်လိမ့်မယ်တဲ့ ဦးပခွင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို စိတ်ချပိုင်းဖြတ်ထားမိပါ၍ ဗုဒ္ဓမြတ်စွာဘုရား၏ သားတော်ရဟန်း ဖြစ်သော ဦးပဉ္စင်းအဖို့မှာ ခပ်သိမ်းသော လူအမျိုးမျိုးတို့သည် တစ်ထပ်တည်း တစ်ပြေးတည်း အတူတူချည်းပင် ဖြစ်ပါကြောင်း…။

*(ငှင်းစာ-၄၈)မှ*

**ဥရောပတိုက်သားများသည် ဦးပဉ္စင်းတို့လို လူမျိုးတို့ကို ညစ်ညမ်းစွာ အရက်အကြောက်မရှိဘဲလျက် နှိပ်စက်အနိုင်အထက် အတင်းအဓမ္မ ပြုလုပ် ကြခြင်းသည်လည်းကောင်း၊ ဤအရာများ အားလုံးကို ဦးပဉ္စင်းက သိသဖြင့် ဤမကောင်းသော သတင်းကို ကြားရကတည်းက စိတ်ဒုက္ခများစွာတို့ကို ခံစားရ၍ ဦးပဉ္စင်းတို့ တိုင်းပြည်ကို လွတ်လပ်ရေးရလေအောင် ကောင်းကောင်းကြိုး ဆုပူဇော်ပေးရပေတော့မည်ဖြစ်၏။**

*(ငှင်းစာ-၄၃)မှ*

'လွတ်လပ်သော ဒီမိုကရေစီနိုင်ငံတို့၌ အစိုးရလုပ်ပုံ မကောင်းလျှင် မကောင်းဟု ဝေဖန်ခွင့်ရှိသော်လည်း ငါတို့ကတော့ အစိုးရ လုပ်တာ မကောင်းလျှင် ခေါင်းငုံ့ခံရမလား…၊ မခံဘူး မခံကြနဲ့…'

*(ငှင်းစာ-၄၄)မှ*

ကိုင်းပြည်ကို ချစ်သည်ဆိုရာ၌ နိုင်ငံကို မခွဲရက်မခွာရက်ဘဲ တိုင်းတစ်ပါးနိုင်ငံခြားသို့ မသွားမလာဘဲ၊ မိမိနိုင်ငံ၌ အမြဲနေသောသူကို တိုင်းပြည်ချစ်သည်ဟုမခေါ်၊ ကျွန်သဘောကဲ့သို့ဖြစ်နေသော တိုင်းသူ ပြည်သားတို့ကို ကျွန်ဘဝမှ လွတ်မြောက်အောင် ဆက်လက်၍ ကြိုးစားသော သူများကိုသာ တိုင်းပြည်ကိုချစ်သောသူဟု ခေါ်သည်။

*(ဦးဥတ္တမ)*

*(ဗျာမနီပြည်ဘာလင်မြို့)*

*၁၉၈၈ ခုနှစ်၊ စက်တင်ဘာလထုတ်*

*ငွေတာရီမဂ္ဂဇင်း မှ*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



## ၁၆။ တည့်မတ်ဖွေလှန်အဖြေမှန်

ရှေ့ရေးမျှော်သူတွေဟာ လူငယ်အရေးမတွေးလို့ မဖြစ်ပါဘူး။ လောကနီတိမှာလည်း သားသမီးကို ပညာမသင်ပေးရင် တစ်နေ့ မိဘများရဲ့ ရန်သူဖြစ်တယ်ကြောင်းကို ပြဆိုတာ ဖတ်ရဖူးပါတယ်။

ဒီလိုပဲ လူငယ်ကို တန်ဖိုးမထားတဲ့ တိုင်းပြည်ရဲ့ အနာဂတ် ကံကြမ္မာဟာလည်း မကောင်းနိုင်ပါဘူး။

ဒါနဲ့ပတ်သက်ပြီး ပြောခဲ့ဆိုခဲ့ကြတဲ့ထဲက ယခင်အနှစ်နှစ်ဆယ်ခန့် အသက်(၉၉) (၁၀၀) ရှိပြီဖြစ်တဲ့ စစ်ကိုင်းတောင်ရိုးက ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီးရဲ့ ဆုံးမစာ (ယုဝေါဝါဒဆုံးမစာ၏စာပိုဒ်) အချို့ကို သတိရလို့ နေမိပါတယ်။

❖ ခပ်သိမ်းများလှ ရှိနေတွင်
ပညာဓဝ ခနဘုရင်..
ယှူ၍မခန်း သုံးမခန်းပင်..
တန်ဖိုးမှတ် မပြတ်အပ်သည်ပင် (အခန်း ၁)

❖ တိုင်းပြည်စိုးမိုး သတိုးရာဇာ
သူ့နိုင်ငံသား ဝပ်တွားသည့်သာ..
ပညာလက်ရှိ ကဝိဆရာ..
လူခပ်သိမ်း တိမ်းညွတ်ပူဇော်ရာ (အခန်း ၄)

❖ မှန်ကန်စကား ပြောကြားကြပါ..
လှည့်စားကောက်ကျစ်.. မဖြစ်စေရာ.
မုသားပြောထုတ်.. သူယုတ်မှတ်ပါ..
အမှန်ပြောမြတ်သောသူတော်သာ.. (အခန်း ၆)

❖ ရောဂါကင်းရှင်း စောင့်ခြင်းသီလာ..
ပညာရှိတို့ ဆုံးမလိုက်နာ..

www.burmeseclassic.com

www.burmeseclassic.com



သုတရှာဘိ ဒုဗ္ဗရိဠာ··
မပျင်းရိ မှတ်သိအင်ခြောက်ဖြာ (အခန်း ၈)
❖ ကိစ္စဟူက လုံးဝဉသုံ
ကိုယ်ဉ္စိုင်ထကြွ·· ပြုမှပြည့်စုံ··
သူများအားကိုး·· ကိုယ်ကျိုးယုတ်ပုံ···
ဉာဏ်ဖြင့်ကြည့် များ၏ ဤလူ့ဘုံ (အခန်း ၁၀)
❖ ထကြွသိမ်းဆည်း·· သုံးစွဲချွေတာ··
မိတ်ဆွေကောင်းနှင့်·· ပေါင်းသင်းကြပါ··
အင်္ဂါလေးပါး ပြည့်ပြားသူမှာ··
ဤဘဝ မုချချမ်းသာရာ··· (အခန်း ၁၂)
ဆိုတာတွေပဲ ဖြစ်ပါတယ်။

မေတ္တာကရုဏာ ရှေ့ထားပြီး မှတ်သားနာယူကြဖို့ရာ ရေးသား မိန့်မှာထားခဲ့တာပဲ ဖြစ်ပါတယ်။

အဓိကကတော့ လူငယ်ဆိုတာ အပေါင်းအသင်းအဓိကပါပဲ···။ အပေါင်းအသင်းဆိုတာ မကောင်းဘူးလို့ချည်း ပြောလို့မရပါဘူး။ လူဆိုတာ လူလူချင်း ရှိင်းပင်းပေါင်းဖော်လက်တွဲပြီး အမှီသဟဲပြုနေကြရတာဘဲ မဟုတ်ပါလား။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အသိဉာဏ် တစ်ဖက်စွန်းရောက်တဲ့ လူတချို့ဟာ သူတို့သားသမီးကို တစ်ဖက်ရဲ့သားသမီး တွေက ဖျက်ဆီးတယ်။ ဒါကြောင့် သူတို့သားသမီးတွေမှာ ပျက်စီးရတယ် ဘာညာဆိုပြီး တရားမဲ့လက်ညှိုးထိုးတတ်ကြတာ ရှိပါတယ်။

ဒါမျိုးလဲ များကြပါတယ်။ အမှန်က သူတို့က ချစ်ဟန်ဆောင်တာ များကြပါတယ်။ ကိုယ်သွားချင်ရာသွား နေရာမှာနေမယ်။ ဖြစ်လာတဲ့အခါ ဒီလိုတစ်ဖက်သားကို ပြစ်တင်လွှဲချဖို့ ကြိုးစားကြတာပဲ များကြပါတယ်။

တကယ် မိဘနဲ့ သားသမီး လက်ပွန်းတတီး နေထိုင်မှု၊ ဆွေးနွေး ပြောဆိုတိုင်ပင်မှု မရှိတဲ့အခါ ဒုပ်နဲ့ထွင်းရမယ့်ဟာကို ပေါက်ဆိန်နဲ့ ပေါက်ရတဲ့ အဖြစ်တွေ ဖြစ်ကုန်တတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပြဿနာအများစုဆိုတာ တကယ်ဝန်ခံကြမယ် ဖွင့်လင်းကြမယ်ဆိုရင် ဘယ်သူမပြု မိမိမှုတွေသာ များကြတာပါ။

ဒါပေမဲ့ အပေါ်စီးက ရယူထားသူက အောက်ခြေကို ဖိဟောက်ပြီး သူ့အပြစ်သူဖုံးကွယ်ဖို့ ကြိုးစားကြတယ်။ ဒီလိုပဲ ကြီးသူနဲ့ ငယ်သူမှာလဲ ကြီးသူက ငယ်သူကို ပြစ်တင်မောင်းမဲပြီး သူ့အပြစ်သူရှောင်ဖို့ ကြိုးစားတတ်ကြပါတယ်။

အားရှိအာပတ်မလာဆိုတဲ့ စကားလဲရှိတယ် မဟုတ်လား၊ ဆိုခဲ့သလို ကိုယ်က အကောင်းထင်နေတဲ့ ကိုယ့်သားသမီးကြောင့် တစ်ဖက်သားသားသမီး နစ်နာနေတာတွေ အနစ်နာခံနေရတာတွေကိုမှ ကျေးဇူးတင်ဖော်မရဘဲ အပြစ်ပါ အတင်ခံမျက်မှန်းပါ ကျိုးခံရတာတွေမျိုးဟာ တကယ့်ကို မနှစ်မြို့စရာတွေပါ။ ဒါမျိုးတွေ အများကြီးပါ။ ဒါကြောင့် လူဟာ ကိုယ့်အပြစ် ကိုယ်ခံ ကိုယ့်တာဝန် ကိုယ်ကျေပွန်မကျေပွန် ပြီး‥ ကိုယ့်အမှားအမှန် ကိုယ်ဝန်ခံ၊ ဝန်မခံရင်လဲ မိမိတို့ကိုယ်ကို မိမိတို့ ဝေဖန်ဆန်းစစ်ပြီး အလိုက်တသိ ဖြုပြင်ကြရင် လောကမှာ မီးခိုးကြွက်ရှောက် ပြဿနာတွေဟာ မဆိုင်ရာ ဒါဝင်လာရမှုတွေဟာ ဒီလောက်ထိ မရှိနိုင်ကြပါဘူး ဆိုတာပါပဲ…။

လူငယ်တွေအတွက်မှာလဲ မိတ်ကောင်းမကောင်း ဆင်ခြင်ရပေါင်းကြပါ။ မိတ်မကောင်းနဲ့ ပေါင်းပေါ်တဲ့ အပြစ်ခြောက်ပါးဆိုတာလဲ ရှိပါတယ်။

အဲဒါကို ဖော်ပြလိုက်ပါရစေ…။

၁။ အလောင်းအစား ကစားကြူးသူတို့နဲ့ ပေါင်းဖက်တာ‥။

၂။ မိန်းမကြူးသူ အစားကြူးသူတွေနဲ့ ပေါင်းဖက်တာ…။

၃။ အသောက်ကြူးသူ အစားကြူးသူတို့နဲ့ ပေါင်းဖက်တာ…။

၄။ ရှေ့တုနောက်တု စတာတွေ ပြုလုပ်ပြီး လိမ်လည်လှည့်ရှိတဲ့ သူတွေနဲ့ ပေါင်းဖော်တာ…။

၅။ စဉ်းလဲလှည့်ပတ် ရှိတဲ့သူ လူကောက်လူညစ်တွေနဲ့ ပေါင်းဖော်တာ…။

၆။ မားပြ၊ သူခိုး၊ လူဆိုး၊ လူသွမ်း၊ လူသရမ်းတို့နဲ့ ပေါင်းဖော်တာ…။

စတာတွေပဲ ဖြစ်ပါတယ်။

*ဦးခင်မောင်ဝင်း (ဗုဒ္ဓ၏လူမှုရေးတရားတော်များစာအုပ်၊ စာ-၁၅၅)မှ*

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေပဲ ဖြစ်ကြပါတယ်။

အားလုံးဆင်ခြင်သတိရှိကြဖို့ရာပါပဲ..။ လူငယ်လည်း လူငယ် အလျောက် အပေါင်းအဖော်တွေကို ဆင်ခြင်ကြည့်ရှု ပေါင်းဖော်ရမှာ ဖြစ်သလို လူငယ့်မိဘဆွေမျိုးညီအစ်ကိုသားချင်းတွေကလဲ ပြဿနာရဲ့အရှိကို ပကတိ အတိုင်း ကြည့်မြင်သုံးသပ်ကာ အဖြေရှာကိုင်တွယ်သွားကြဖို့ရာပါပဲ...။

ဒီလိုမှမဟုတ်ရင်တော့ ဖြစ်စဉ်အတိုင်း၊ ရေးရိုးစဉ်လာအတိုင်း၊ အနာက တလွဲ ဆေးကတခြားဖြစ်ကာ ဝေဒနာ မသက်သာဖြစ်နေရမှာပါပဲ ဖြစ်ပါတယ်။

ဆိုလိုတာက သားသမီးယုံ စုံလုံးမကန်းကြဖို့..၊ ကိုယ့်ဖက်ကိုယ် ယက်ကာ လိပ်မျိုးပမာ မဖြစ်ကြဖို့ရာပါဘဲ။ တရားမျှတ ဘဝအခြေ ပြေအေးစေရာ ရှာဖွေကြံ့ခိုင်အောင်နိုင်ကြစေရေးသာပဲ ဖြစ်ပါတယ်လေ...။

**** **** ****

## ၁၇။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ

'လူတစ်ယောက်ဟာ သူ့ဘဝကို နေရကျိုးနပ်တာလို့ အလိုလို မြင်တွေ့ရတာ မဟုတ်ဘူး။ သူ့ဘဝကို နေရကျိုးနပ်အောင် လုပ်ယူရတာသာ ဖြစ်တယ်'

*(ဟာဝဓ်ဂျေးဘာရောင်း)*

ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ မှတ်ထင်ရမယ်ဆိုတာ အများနားလည်ထားတဲ့ စကားစုတွေပဲဖြစ်တယ်။ ကံကြွေးချစနစ်ရဲ့ ကံကြွေးချ ဝါဒကို ခံယူပြီး လောကခံကို ငုတ်တုတ်လည်စင်းခံ အရှုံးပေးဖို့ ပြောရတာ မဟုတ်ပါဘူး။ ဒါ.. လုံးဝမဟုတ်ပါဘူး။ ဒီလိုထင်ရင် မှားကြပါလိမ့်မယ်။

ဆိုလိုရင်းဟာ ဖြစ်လာသမျှ အကြောင်းတရားကို ဝါးမျိုချေချွတ် ပြီး အကောင်းအဖြစ် ပြုပြင်အနိုင်ယူကျော်လွှားဖို့ ကျော်ဖြတ်သွားဖို့သာပဲ ဖြစ်ပါတယ်။

ဒီလိုမှမဟုတ်ရင် လူဟာ လောကမှာ ခိုနားနေထိုင်လို့ကို ဖြစ်တည်နိုင် ရကြမှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နေထိုင်လို့ကို ဖြစ်ကြမှာ မဟုတ်ပါဘူး။ စကားပုံတစ်ခု ဘယ် မဟုတ်လား။ 'ကြံကြောက်လှည်းအောက်မှာ မခိုသာ' ဆိုသလိုပဲ က်လေ ဝေးလေ ပြေးလေဆိုသလိုပဲ ပြေးရင်းပြေးလို့ မဆုံးနိုင်တော့ဘူး။ က်ရင်လဲ လိုက်လို့ မဆုံးနိုင်ပါဘူး။

ဒါကြောင့် ဘဝအခက်အခဲကို ရင်ဆိုင်ဖြေရှင်းမှဘဲ ဖြစ်ကြမယ်။ ဒါကြောင့် ရင်ဆိုင်ပါ။ ရဲရင့်ပါ။ အာခံပါ။ တော်လှန်တိုက်ခိုက်ပါဆိုတာပါပဲ··။

ဒါဟာ အစွန်းရောက် တစ်ဖက်သတ်စကား မဟုတ်ပါဘူး။ မြှောက်ပင့်သွေးထိုးပေးတဲ့ စကားစုလည်း မဟုတ်ပါဘူး။ လောကရဲ့ သစ္စာအမှန်ကို အံသွန်ချပြတာပဲ ဖြစ်ပါတယ်။

ကြည့်ပါ။ သဘာဝတွေ သဘာဝလောကကြီးဟာ သူ့ဖြစ်စဉ် ဝတ္တရားရှိတဲ့အတိုင်း ဖြစ်ပျက်ပြုပြင်နေတာဘဲ ဖြစ်ပါတယ်။

နေပူချင်ပူမယ်။ မိုးရွာချင်ရွာမယ်။ နှင်းကျချင် ကျမယ်။ ဘာဖြစ်လဲ။ ဒါဟာ သူ့သဘာဝပဲ ဖြစ်ပါတယ်။

ဒါကိုပဲ မိမိတို့က နှင်းကျနေလို့၊ နေပူလို့၊ မိုးရွာလို့လို့ ဆင်ခြေန်ရှောင်တိမ်းနေရင် ဘာလုပ်လို့ ရတော့မှာလဲ···။

ဒါကြောင့် မိမိတို့လူသားတွေဟာ ထီး၊ ဖိနပ်၊ အနွေးထည်နဲ့ အဝတ်စားအထူအပါးတွေ ဝတ်စားပြီး နေထိုင်ပြုမူသွားလာနေကြရတာဘဲ ဟုတ်ပါလား···။

ဒါဟာ သဘာဝပါ။ ဖြစ်စဉ်ပါ။ ဒီလိုပဲ ဘဝခရီးမှာလဲ လူသားတာဟာ အရယ်အမောတွေ အငိုအရှိုက်တွေတို့ဟာ တွေ့ရတာလဲ မဆန်းတာဘဲ။ -- အလှောင်အပြောင် အဟားအတိုက်လဲ ခံရတတ်တယ် ဆိုတာဟာလဲ ဘာဝပဲ။ အပြိုင်အဆိုင် ရင်ဆိုင်လုံးသတ်ကြရတယ်ဆိုတာလဲ သဘာဝပဲ။ များအနာ ထိခိုက်ဒဏ်ရာရရှိတတ်ကြတယ်ဆိုတာလဲ သဘာဝပဲ စ်ပါတယ်၊

ဒါဟာ ဖြစ်စဉ်ပါ။ ဖြစ်ရပ်မှန်ပါပဲ··။ ဒါတွေနဲ့ ပတ်သက်ပြီး ရာထင်လင်း ဘာသာပြန်တဲ့ (ပေါလီယာနာ) ဝတ္ထုတစ်ပုဒ်မှာလဲ ဖတ်ခဲ့ ပါတယ်။ ဒါကို လောကအတွက် အားမာန်ခိုင်ခဲ့မှု စိတ်ဓာတ်တည့်မတ် ာ်လှန်မှု ပေတံနဲ့ ကြည့်ရင် မမှန်ဘူးထင်ရပေမဲ့ သူ့အဆင့်နဲ့သူ သူ့တိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတာနဲ့သူ နေသာရပ်တည်နိုင်ဖို့ နှစ်သိမ့်အားပေး ရှေ့ပြည်အေးတနား လုပ်ဆောင်သွားခဲ့မှုတွေပဲ ဖြစ်ကြပါတယ်။

မကောင်းဘူးလားဆိုတော့ သိပ်ကိုကောင်းပါတယ်။ ကောင်းလွန်း အကောင်းလွန်သွားစေတဲ့အထိပဲ ဖြစ်ခဲ့ရပါတယ်။

ဒီလို လွန်ကဲမှုဆိုတာ မှိုင်းတစ်ခုပါပဲ...။ စွဲလမ်းရင်း တွေဝေယစ် သွားနိုင်တဲ့အထိပါပဲ...။

ဒါကြောင့် တချို့ ဦးတည်ချက်အားနည်းပြီး ဖျော်ဖြေမှုရ မြောက်လွန်းတဲ့ အနုပညာတွေဟာ ဆန့်ကျင်ဘက် အကျိုးသက်ရောက် ကို ဖြစ်စေတတ်ကြတာပါပဲ...။

မိမိကြားဖူးတဲ့ အရပ်ဒေသတစ်ခုမှာ (ရိုမီယိုနဲ့ ဂျူးလိယက်) ရုပ်ရှင်ပြအပြီးမှာ စုံတွဲတွေ သတ်သေကြမှုတွေ များခဲ့တယ်။ သူ့သဘာ အရ ဖော်စပ်အသုံးပြုခဲ့ကြတဲ့ ကြမ်းပိုးသတ်ဆေးတွေ ဈေးတက်ပြီး သက်ဆိုင် က ဝယ်ယူရောင်းချခွင့်ကို တားမြစ်ပိတ်ပင်ခံခဲ့ရတဲ့အထိ ကြားခဲ့ရပါတယ် ဆိုတာပါ...။

ဒါက အကြောင်းအမျိုးမျိုး ရှိပါတယ်။ အဓိကကတော့ အသိဉာဏ် နည်းပါးမှုကြောင့်ပါပဲ...။

အနုပညာသည်က ပေးအပ်ချက်ပေါ်မှာ ခံယူတုံ့ပြန်မှုက တစ်မျိုး အဓိပ္ပါယ် သက်ရောက်(တစ်လွဲဆံပင်) ကောင်းမိတာကြောင့်ပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒါဟာ သံတ္တိရှိတာ မဟုတ်ပါဘူး။ သတ္တိနည်းတာ ပျော့ညံ့တာ၊ အသုံးမကျကြတာဘဲ ဖြစ်ပါတယ်။

ရင်မဆိုင်ရဲ ရှောင်လွှဲသွေဖယ်ဖို့ ကြိုးစားစိတ်ကူးယဉ်ကြတာတွေဘ ဖြစ်ကြပါတယ်။

ဒါကိုပဲ မသိစိတ်နဲ့ တစ်ဖက်လှည့်ကာ သတ္တိရှိသူပမာ မှတ်ထင် လှည့်စားရှောင်ရှား ထင်မှတ်ဖို့ရာ ဖုံးကွယ်ဖို့ ကြိုးစားတာလဲ ဖြစ်ပါတယ်။

လူဟာ စိတ္တဇဆန်တတ်ကြပါတယ်။ သိရခက်တတ်မှုတွေပါ အဲဒီထဲမှာ သိစိတ်မသိစိတ်ဆိုတာလဲ ရှိကြပါတယ်။

ဒါဟာ အခရာပါပဲ...။

ဒီရဲ့ဆန္ဒစေရာ ပြုမှုမိတတ်ကြတာမျိုးတွေမှာ ဖြစ်တတ်ကြရပါတယ် ကြီးငယ်ရွယ်လတ်မရွေးဘဲ ဆိုပါတော့လေ...။

www.burmeseclassic.com

www.burmeseclassic.com



ခု… မိမိရေးလိုရင်းဟာ ဘာလဲဆိုတော့ ဘဝကို ရင်ဆိုင်အနိုင်ယူရေးပဲ ဖြစ်ပါတယ်။

ဆိုခဲ့တဲ့အတိုင်း နေပူနေတာကို ဆင်ခြေပေး ရှောင်လွှဲမနေဘဲ ခုခံကာကွယ် ရင်ဆိုင်အနိုင်ယူသွားကြစေရေးပဲ ဖြစ်ပါတယ်။

အလုပ်မရှိ အလုပ်ရှာ၊ အလုပ်လုပ်စရာမရှိဆိုပေမယ့် လူ့ဝမ်းက မနေဘူး။ ဒါကြောင့် မရရအောင် ရှာရမယ်။ ဘဝကို ရန်းကန် တန်ဖိုးထားလို့လအားစိုက်ထုတ်ကြပါ။ ဖြစ်လာသမျှအကြောင်းကို ဖွံ့ဖွံ့စားစား ရင်ဆိုင်ဖြေရှင်းပါ။ ပြီး… ချိုးခြံချွေတာ အနစ်နာခံ ပေးဆပ်လုပ်ဆောင်ပါ။ ပေးဆပ်ခြင်းလောက် မြတ်တာ မရှိပါ။ ပြီးတော့ ကိုယ်ကျိုးချည်း မကြည့်ပါနဲ့။ အကောင်းဆုံးလုပ်ပါ။ အကောင်းဆုံးသဘောထားပါ။ စေတနာမှန်ပါစေ၊ ဒီအပေါ်မှာ ပြောချင်ရာ ပြောပါစေ…။ ဖြစ်သမျှအကြောင်း အကောင်းချည်း မှတ်ထင်ဆုံးဖြတ် အနိုင်ယူလိုက်ပါ။

ကိုယ်မှန်ပါစေ…၊ ဒီအပေါ်မှာ တုံ့ပြန်ချက်ကို မကြောက်ပါနဲ့…၊ မလန့်ပါနဲ့…၊ လူမှာ ထင်ထားတာတွေထက် အရေးကြုံတဲ့အခါ အသုံးချဖို့ရာ ခွန်အားတွေ၊ သတ္တိတွေ ရှိနေတတ်ကြပါတယ်။ ဥပမာ ကြောက်လန့်တဲ့အခါ ကြံ့စည်းရိုးအမြင့်ကြီးကို ဘယ်လိုခုန်ကျော်ခဲ့တယ် မသိဘူး ဆိုတာမျိုးတွေ၊ အလေးအပင်ကြီးကို ဇောနဲ့ ဘယ်လိုလုပ် မခဲ့နိုင်တယ်ဆိုတာ မသိနိုင်တာမျိုးတွေထိပါပဲ…။ ဒါမျိုး သိထား၊ ဒါမျိုးသွေး မွေးမြူလုပ်သွားကြဖို့ပါ။ လူဟာ တကယ့်စွမ်းအားရှင်အစစ်ပါနော်…။

'လူတွေဟာ သူတို့ရှိတဲ့ တန်ခိုးသတ္တိနည်းနည်းကိုသာ သူတို့ထုတ်သုံးလေ့ ရှိတယ်။ တကယ် အရေးကြုံလာလို့ သုံးသင့်တယ် ထင်ရင်တော့ ရှိတာတွေ ထုတ်သုံးပါလိမ့်မယ်'

*(ဝီလီယမ်ဂျိမ်းစ်)*

အရေးကြုံ သက်လုံကောင်းကြပါ။ အရှုပ်ကို ဖြေရှင်းအနိုင်ယူလိုက်ကြပါ…။

ဖြစ်သမျှအကြောင်း အကောင်း၊ အကောင်းဆုံးအသုံးချ အနိုင်ယူပြနိုင်ကြဖို့ပါလေ…။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၈။ ဆူဆူညံညံတွန်းအားသံ

အော်သံ...

'စူးစူးဝါးဝါး အသံသည် မြို့ပြဘဝ၏ ဖွားဘက်တော် ဖြစ်လေသည်။ တတိတိမြည်လာသော မော်တော်ကား ဟွန်းသံ..၊ ထို့နောက် ရပ်သွားသံ၊ မော်တော်ကားသည်ပင် တစ်စုံတစ်ခုဖြစ် ဝင်တိုက်မိ၍လော' သို့တည်းမဟုတ် မောင်းသူကပင် မတော်တဆ ဟွန်းကို နှိပ်မိ၍လော စသည့် မေးခွန်းများသည် ကောင်းကင်တွင် စွန်ငှက်ဝဲသလို ကြားရသူတိုင်း၏ ဦးခေါင်းထဲတွင် ဝဲပျံကျန်ရစ်ခဲ့သည်။

လူတို့၏ စူးစူးဝါးဝါး အော်သံမှာမူ ကားစက်ဖြင့် လုပ်ခြင်းလည်း မဟုတ်..၊ အော်တိုမက်တစ် ခလုတ်နှိပ်ခြင်းကြောင့်လည်း မဟုတ်သဖြင့် ထိုမေးခွန်းများသည် ပို၍ ဆန်းကြယ်ရှုပ်ထွေးနေတတ်သည်။

'အော်သံကြားလိုက်တယ် မဟုတ်လား မောင် ဘာဖြစ်တာလဲ မသိဘူးနော်၊ ကြောက်လို့အော်လိုက်တဲ့အသံလား ဝမ်းသာလို့အော်တဲ့ အသံလား၊ ပျော်လို့အော်တဲ့ အသံလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်က ကျယ်ကျယ်လောင်လောင် ရယ်လိုက်တဲ့ အသံလား..၊ ဒါမှမဟုတ် လူသတ်နေလို့ အော်နေတာလား..၊ ဒီလိုဆို ကျွန်မတို့ ဘာလုပ်ရမလဲဟင်..၊ ဘယ်ကအော်တဲ့ အသံလဲဟင်..၊ မောင်မသိဘူးလားဟု မေးမိလိုက်တယ်။

***ထက်အောင်(စာ-၁၉၁)[မြန်မာပြန်ရသစာတမ်းများမှ***

မြို့ပြရဲ့ ဆူညံနေတဲ့အသံတွေကို ဖော်ကျူးထားတာပဲ ဖြစ်ပါတယ်။ တကယ်တော့လည်း မြို့ပြဆိုတာ အသံတွေညံစီလွန်းတယ် မဟုတ်လား။ တောလက်မှာက ဒီလိုမဟုတ်ဘူးလေ..။ ကျေးလက်ရဲ့ အသံကို ဘယ်သူမှ ဆူညံတယ် မပြောကြပါဘူး။ နှစ်လိုခံစားကြတာများပါတယ်။

နောက်မိမိကြိုက်တဲ့ ကဗျာလေးတစ်ပုဒ်ပါ။ တစ်ခါက လူထုရဲ့ အသံကဗျာလေးပါ။ ချစ်စရာပါ။ မိမိဖော်ပြလိုက်ပါရစေ။ ဒီလိုပါ။

<u>ဒဂုံးပေးမှ ခင်လေးကြင်မယ်</u>

လောကစံချောက်ချားလို့ ကြောက်ပါးကိုလွှပြေ..

www.burmeseclassic.com

www.burmeseclassic.com



နောက်ပွားမည့် ဥပဒေ မှုအနေမကျ..
လူ့ဗာလံထင်ပေါ်သည် မြင်မြော်သူနည်းတဲ့ဘဝ...။
တက်ကပ်မှာမေတ္တာ ဆုတ်ကပ်မှုမနေ..
ခေတ်အလာဝိသမ ဗြဟ္မစိုရ်ရှရပျောက်ကွယ်..
ပညာရှင်မှန်ကလဲ.. မွဲရင်ဖြင့် မိုက်ရတော့မယ်..
ငွေရှိမှတင့်တယ်သည်.. လူမမယ်ဒွိဟိတ်မို့..
ဒေါင်းနှိပ်ခါတွင် လောကမျက်မြင်...
ဒင်္ဂါးပေးမှ ခင်လေးကြင်မယ်...။

*(ဦးပုည)*

မန္တလေးခေတ်က ကဗျာပါ။ နောက်ထပ်ဖတ်မိတဲ့ စာတစ်ပုဒ်လဲ ရှိပါသေးတယ်။ ဒီလိုပါ။ 'နောက်တစ်ခု တွေးမိသေးတယ်။ စာရေးဆရာ တစ်ယောက်က ပြောတယ်။ အဲဒီလူတွေကဲ့ရဲ့တာ ကောင်းသတဲ့...။ ချီးမွမ်းရင် ပိုဆိုး သွားမယ်တဲ့..။ ယောအတွင်းဝန်ဦးဘိုးလှိုင်က သူ့တပည့်ကို သူရေးနေတဲ့ ကျမ်းနဲ့ပတ်သက်ပြီး လူတကာလိုက်ပြီး မချီးမွမ်းဖို့ မေတ္တာရပ်ခံသတဲ့။ ငွေလည်းထုပ်ပေးပြီး ချော့ခဲ့ရတယ်ဆိုပဲ...။ တပည့်ချီးမွမ်းမှာကို ယောဆရာ သိပ်ကြောက်တယ်။ သူ့တပည့်လို ဘာမတတ်ညာမတတ် ပုဂ္ဂိုလ်က ချီးမွမ်းရင်တော့ ဆရာအဆင့်အတန်း နိမ့်သွားမှာပေါ့။ ဒါကြောင့် ဘာမတတ် ညာမတတ် ပုဂ္ဂိုလ်က ချီးမွမ်းမယ့်အစား ကဲ့ရဲ့တာနည်းနည်း ခံသာသေး တယ်တဲ့...။ အဲဒါလည်း ဟုတ်တုတ်တုတ်ပဲ လို့ မောင်သစ် တွေးမိတယ်'

*(မောင်သစ်) ကျွန်တော်တွေးမိသလို ပြောဆိုပါမည်*
*ချယ်ရီမဂ္ဂဇင်းက ဖတ်တူးယူ (၅-၄-၈၆)*

## လွတ်လပ်တာနဲ့ တော်လှန်တာ

တကယ်တမ်း လွတ်လပ်မှုဟာ ကျွန်ုပ်တို့ဖခင်တွေရဲ့ ယုံကြည် ခဲ့ကြတာတွေကို ပစ်ပယ်ရမယ်လို့ မဆိုလိုပါဘူး။ စိစစ်ရမယ်။ ရွေးချယ်ရမယ်။ အခြေခံသဘောတရားတွေ မိမိတို့ ကြုံကြိုက်ရာ စတာတွေကို ခွဲခြားဝေဖန် မှတ်သားရတဲ့ ခက်ခဲတဲ့တာဝန်ကို ယူချင်အောင်ဆောင်ရွက်ရမယ်လို့သာ ဆိုလိုပါတယ်။

ခေတ်တိုင်း ခေတ်တိုင်းကလူတွေဟာ ရှေးခေတ်ကို အနည်းနဲ့ အများ

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ကြတယ်။ အဲဒီလို တော်လှန်တာဟာ ထုံးစံပဲဖြစ်တယ်။ သဘာဝကျတယ်။ ကောင်းမွန်လှပါတယ်။

ဒါပေမဲ့ တော်လှန်ရန်းကန်ခြင်းရဲ့ ရည်ရွယ်ချက်မှာ စိတ်နှလုံးငြိမ်းချမ်းမှုရရေးအတွက်ပဲဖြစ်တယ်။ အမြဲတမ်းကဏ္ဍကောစ ပြုလုပ်ဖို့အတွက် မဟုတ်ဘူးဆိုတာ သိထားဖို့ လိုအပ်ပါတယ်။

*(ဆစ်ဒန်)*

ငှက်ကလေးတွေရဲ့ အော်မြည်သံ၊ ပြီး·· စမ်းရေစီးသံ ရေတံခွန်ကျဆင်းသံ၊ လေတိုးသံ၊ နွားအော်သံ၊ ကြက်တွန်သံ၊ လူလူချင်း အော်ပြောဆက်ဆံကြသံတွေဟာ ကျေးလက်မှာ ရှိကြမြဲပဲ ဖြစ်နေခဲ့ပါတယ်။

မြို့ပြတွေမှာကတော့ ခုဆိုရင် လက်ခုပ်တီး ခေါ်ကြတာ များပါတယ်။

သူ့ခေတ်နဲ့သူ ခေတ်မီတာကို လုပ်ဆောင်တယ် ပြောလို့ရပေမယ့် တကယ်တော့ သိပ်ကိုရိုင်းစိုင်းတဲ့ ကိစ္စတွေပဲ···။

ဒါထက် ဆိုးတာက စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ တစ်ယောက်က နောက်က လက်ခုပ်တီးတာနဲ့ လှည့်မကြည့်လို့ မရဘူး။ မိမိအသိဖြစ်နေရင် သိရဲ့သားနဲ့ မထူးဘူး။ ရိုင်းတယ်။ သွားရင် နောက်လှည့်မကြည့်တဲ့လူ လူမှုရေးမသိသူ၊ ခေါ်တာ ပြန်မထူးသူ၊ ရိုင်းသူအထိ ပြောတာခံကြရမယ် မဟုတ်ပါလား။

ဒါကြောင့် လက်ခုပ်တီးတိုင်းမှာ မကြည့်မဖြစ် ကြည့်ကြရပါတယ်။

ဒီထက် အရေးကြီးလှတဲ့ မီးပွိုင့်မှာ ကားမတိုက်စေရေးကိုတောင် သူ့လောက် ဂရုစိုက်ရှောင်ချင်မှ ရှောင်ရပါတယ်။ ဒီလောက် အရေးကြီးပါတဲ့ လက်ခုပ်သံပါလေ···။

ဟိုတုန်းက ရိုင်းတဲ့လက်ခုပ်တီးမှုဟာ ခု ယဉ်ကျေးမှုဖြစ်နေတဲ့ မိမိတို့ရဲ့ (မြို့ပြရန်ကုန်)မှာ လက်ခုပ်သံတွေနဲ့ ဆူညံလို့ကို နေပါတော့တယ်။ လမ်းမမှာ လမ်းလယ်မှာ၊ လမ်းကြားအနှံ့မှာ ဆိုပါတော့···။ တိုက်အောက်က တိုက်ပေါ်ကို လက်ခုပ်လှမ်းတီးခေါ်တယ်။ တိုက်ပေါ်ကနေ တိုက်အောက်ကို လက်ခုပ်လှမ်းထီးခေါ်တယ်။

ကိစ္စတွေ၊ ဝိစ္စတွေ၊ များမြောင်ကြလှတဲ့ မြို့ပြလောက လူမှုဝန်းကျင်တစ်ခွင်မှာရယ်··၊ အသံတွေဆူညံလို့ နေပါတော့တယ်လေ··။

မြို့ပြရဲ့အသံကို ကြားမိခဲ့ရာက မြို့ပြရဲ့အသံတွေ ဆူဝေဝေ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါတယ်။ ဒီကအသံတွေ ဘာသံလဲ ညာသံတွေလဲ မေးခဲ့ရင်လဲ ဟော အဖြေက ရှင်းရှင်းလေးပါပဲ…။

တကယ်တော့ လှုပ်ရှားမှု သံစဉ်လှိုင်းတွေပါ…။

ဒီကနေ့ရဲ့ ခေတ်နဲ့အမီ ရင်ပေါင်တန်းနိုင်ဖို့ တွန်းအားပေး စေ့ဆော်နေတဲ့ အသံတွေ၊ လှုပ်ရှားမှုယန္တရားသံစဉ်တွေပဲ ဖြစ်ကြပါတယ်လေ…။

ကြည့်ပါ။ မီးရထားသံ၊ မော်တော်ကားသံ၊ သင်္ဘောစက်သံ၊ လေယာဉ်ပျံသံ၊ ဆိုင်ကယ်သံ၊ မီးစက်မောင်းသံ၊ ရေဒီယိုသံ၊ ကက်ဆက်သံ၊ တီဗွီသံ၊ စလောင်းသံ၊ စပီကာသံ၊ တွင်ခုံသံ၊ ဝရိန်ဆော်သံ၊ လေမှုတ်သံ၊ ရေစက်တင်သံ၊ ပုံနှိပ်စက် လည်ပတ်သံ စတဲ့အသံဗလံတွေပဲ ဖြစ်ကြပါတယ်။

'နှင်းတွေသိပ်သည်းနေရင် ပဲတွေ အညှောင့်မပေါက်နိုင်ဘူး'

*(ဗားတော့ဗရက်)*

ကဗျာတစ်ပုဒ် ရေးခဲ့သလိုပါပဲ…။ အသံတွေ တိတ်နေရင် မိမိတို့ မြို့ပြသားတွေ အသက်ရှင် ရပ်တည်မှု တုံ့ဆိုင်းသွားရလိမ့်မယ်လေ…။

ဒီအသံတွေဟာ လူထုလူတန်းစားတို့ စားဝတ်နေမှု ပြေပြစ်ရေးအတွက် စက်ယန္တရားနဲ့ တွန်းအားပေးသံတွေပဲ မဟုတ်လား…။

ဒါကြောင့် အသံကို နားလည်သွားခဲ့ပြီမို့ မြို့ပြရဲ့အားမာန် အသံတွေ ဗလံတွေ ဆူညံချင်သလောက် ဆူညံပါစေ…။ ဒါဟာ တွန်းအားပဲ…။ နှိုးဆွနေတာဘဲ၊ ပြီး… ဆူညံတဲ့ပုံနှိပ်စက်မှာ အလုပ်လုပ်တဲ့လူတွေရဲ့ သဘာဝဟာ သိပ်ကို စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

တခြားသူတွေလည်း ဒီလိုပဲ ထူးခြားတဲ့ သဘာဝ ရှိကြမှာပါ။ ဒါဟာ မိမိနီးစပ်ရာရဲ့ ပုံနှိပ်စက်အသံ ဆူညံမှုအောက်က ဥပမာကို တင်ပြရတာပါ…။

တဝုန်းဝုန်းနဲ့ ပုံနှိပ်စက်ရိုက်သံ ညံစီနေရင် သူ့ဟာနဲ့သူ အိပ်စက်တဲ့ လူဟာ အိပ်စက်လို့ ဖြစ်နေတယ်။ ဒါပေမဲ့ စက်သံရပ်လိုက်တာနဲ့ လူပါ ဆတ်ကနဲ နိုးလာတယ်။ ဒါဟာ ဥပမာပြောတာပါ…။

(တကယ်နိုးလာရတဲ့ အကြောင်းရင်းက မီးပျက်သလား၊ စက်ပျက်သလား ဘာဖြစ်သလဲ စိုးရိမ်စိတ်နဲ့ပဲ ဖြစ်ပါတယ်)

ဒီလို ပုံနှိပ်စက်ရှိတဲ့ ဝန်းကျင်အိမ်တွေဆိုရင်လဲ ဒီလိုပဲ… အဲဒီရောဂါ စွဲနေတတ်ကြပါတယ်။ စက်သံရပ်သွားရင် နိုးတတ်ကြပြီး စက်သံနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်တတ်ကြပါတော့တယ်။ တစ်ခါတလေ စက်မရိုက်ဖြစ်တဲ့ နေ့တွေ ဆိုရင် သူတို့ အိပ်မပျော်ဘဲ ကြောင်နေကြောင်း ပြောတတ်ကြပါတယ်။

ဒါကတော့ အလေ့အကျင့်ပါ။

ခု… မိမိရေးလိုရင်းဟာ အော်သံ (သို့မဟုတ်) အသံ၊ မြို့ပြရဲ့ အသံတွေကို ဝေဖန်စောကြောနေမိတာဘဲ ဖြစ်နေရပါတော့တယ်။

ဒီမတိုင်ခင်ကာလ ပထမပိုင်းကတော့ မြို့ပြကို ညည်းငွေ့ချင်လာ ခဲ့တယ်။ မြို့ပြက ထွက်ပြေးချင်လာခဲ့ပါတယ်။

တကယ်တော့ ဒါဟာ ဘဝကို သွေဖယ်တာပဲ ရှောင်ပြေးဖို့ ကြိုးစား တာပဲ…။

တကယ် အဓိပ္ပါယ်မရှိဘူး။ ကိုယ်ဟာ များရည်ဆမ်းထားတဲ့ ကျေးလက်လမ်းက လာခဲ့သူပဲ…။

ဒီအသံ၊ ဒီရှုခင်းပန်းချီကားကို စွန့်ခွာထားရစ်ခဲ့ပြီး မြို့ပြရဲ့ စုတ်ကြမ်းရေးချက်နဲ့ စုတ်ချက်ပန်းချီကားကြားထဲ ကိုယ်တိုင်ဆင်နွှဲ ပါဝင်လာခဲ့ပြီးပြီပဲ မဟုတ်လား…။

ဘာဖြစ်လဲ…။

ဘာလို့ ပြန်လည်ထွက်ပြေးလို့ဖြစ်မလဲ…။

ပြေးလို့ကော လွတ်မတဲ့လား…။

ရဲရဲရင်ဆိုင်ရင်းကဘဝ အနိုင်ရအောင်၊ ဘဝခိုင်မာရပ်တည်နိုင်အောင် ကြံဆောင်ကြိုးစားလုံ့လထုတ်သွားဖို့ရာပဲ ရှိတော့တာဘဲ မဟုတ်ပါလား…။

အသံ ဘာသံတွေလဲ…။

ခရာသံ၊ ညတာသံ၊ နွဲ့သံ၊ ပလီသံ၊ ခြောက်လှန့်သံ၊ တောထုတ်သံ၊ ဘာသံတွေပဲ ဖြစ်ပါစေ။ အသံဟာ တဘက်က ခွန်အားစိုက်ထုတ်ရင်းက ထွက်ပေါ်လာရတဲ့ လှုပ်ရှားမှု အားထုတ်မှုရဲ့ တွန်းအားတစ်ခုပဲ…။

အသံဟာ အလုပ်ရဲ့ ညာသံပေးမှု တွန်းအားမှုတစ်ခုပဲ…။ အများရဲ့ လွှန်ဆွဲသံ၊ လှေထိုးသံ၊ တိုင်တည်ပေးသံတွေဟာ မင်္ဂလာသံစဉ်တွေပါပဲ…။

မြို့ပြမှာက တီးသံ့မှုတ်သံ ကသံခုန်သံတွေကအစ ညလုံးပေါက်ကို ဆူညံနေကြတယ်။

နားစွင့်ထောင်လိုက်ရင် အသံတွေဟာ ဆက်တိုက်ကြီးကြားလို့နေရ မှာဘဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မြို့ပြယန္တရားရဲ့ လှုပ်ရှားမှု သံစဉ်တွေဘဲ…၊ ညာသံဘဲ…၊ ပြီး… သူ့အချိန်အလိုက် ညဥ့်ယံထဲမှာ မုန့်ရောင်းသံတွေလဲ ရှိတယ်။

ပြီး… သီချင်းသံရဲ့အသံဟာ လူမှုဆက်ဆံရေးရဲ့ အသက်သွေးကြော ယန္တရားပဲ…။

ကြည့်လေ… ပြီးတော့ ကျောင်းသားတွေရဲ့ တတွတ်တွတ် စာကျက်သံ၊ ဘုန်းကြီးတွေရဲ့ တရားရေအေးတိုက်ကြွေးနေသံတွေ၊ အများအပြား ကြားနေရတယ်။

ပြီး… တချက်တချက် ခွေးတွေဟောင်လိုက်တယ်။ ဒါဟာ သူ့တာဝန် သူထမ်းတာဘဲ၊ သူခိုးဓားပြ ဂရုစိုက်ကြဖို့၊ နိုးကြားသတိရှိဖို့ကို ထုတ်ဖော် အော်ဟစ်လိုက်တာဘဲ မဟုတ်လား…။ မခိုမကပ်လှိုက်လှဲသံနဲ့ပါ…။

ဟော… ကြက်တွန်သံတွေ ကြားရတယ်။ ပဲပြုတ်သည်တွေ အော်ကြတယ်။ ဆိုက်ကားသံတွေ ဘဲလ်သံတွေ ဆူညံလာပြန်တယ်။

ဟော ကားဟွန်းသံတွေ ဆူညံနေတယ်။ ဒါဟာ ကမ္ဘာ့သက်ရှင်ဝီညာဉ် တွေပါလား။ ဒါကြောင့်လဲ ကမ္ဘာကြီး သက်ဝင်လှုပ်ရှားနေတာပါလား။ မြို့ပြ လောကရဲ့ ညာသံက တေးသံသာဟာ ဒီအသံတွေပါပဲလား။ အင်း… ပျောက်သွားလို့ မဖြစ်ဘူး။ တိတ်သွားလို့ မဖြစ်ဘူး။ ငါးရှောင်သွားလို့ မဖြစ်ဘူး။ ဒီအသံပျောက်ရင် လောကဆိတ်သုန်းသွားနိုင်တယ်။ အသံ အသံကို ငါရှောင်လိုက်ရင် အသံပျောက်ခဲ့ရင် ငါ့ဘဝအောက်သွားနိုင်တယ်။ ဒါကြောင့် အသံကမ္ဘာ ငါရှောင်ခွာလို့ မဖြစ်တော့ဘူးလေ…။

အဲ အသံတွေ ဗလံတွေ အော်ချင်သလောက်တွေ အော်ပါစေတော့။ ဆူချင်သလောက်သာ ဆူပါစေတော့ဗျာ။ ဒါဟာ လူသားစွမ်းအားချက်ပဲ…။ ဒါဟာ အများအတွက်ပဲ၊ အားလုံးအတွက်တာ ညာသံ သံစဉ်တေးသွားသာပဲ မဟုတ်ပါလား။

ဟော… ညနေသတင်းစာရောင်းသံ မနက် နေ့လယ် သတင်းစာ ရောင်းသံ၊ ပြီး… ဂျာနယ်အော်ရောင်းသံတွေ၊ ပြီး ပူသူအေးဖို့ ရေခဲရည် ရောင်းသံတွေ၊ ကြည့်စမ်း ဟောဟိုမှာ စက်ဘီးလေး ဆောင်းပေါက်လေးတင်ပြီး ဆူညံတဲ့ သံစဉ်တစ်ခု ထွက်ပေါ်လို့လာတယ်။ အများအကျိုးဆောင် ကိုယ်ကျိုး အောင်ဖို့ လုပ်ဆောင်နေတယ်။ သူ့ သမ္မာအာဇီဝ သူ့ထိရှောင်းနေတယ်။ သူ့အမူ

www.burmeseclassic.com

www.burmeseclassic.com



အရာရဲ့ လန်းလန်းရွှင်ရွှင်မှာ သူ့သီချင်းသံဟာ တက်ကြွရွှင်မြူးဖွယ်ရာအတိပါ။

ဘာဘဲဖြစ်ဖြစ်လေ.. တိုက်ဆိုင်ခဲ့ရင် ငွေတစ်ဆယ် (ခုတော့ တစ်စောင် ၃၀ဝိ/-)နဲ့ သူဌေး မဖြစ်ဘူးရယ် ဘယ်သူပြောနိုင်မလဲလေ..။ ဒီလိုပဲ ဖြစ်သွားသူတွေ အပုံဘဲဖြစ်ဖို့ လုပ်ပေးနေသူတွေ အပုံပဲ။ အဲလုပ်မှုပဲ ဖြစ်တယ်ဆိုတာလဲ သတိပေး ဖြန့်ဝေနေတယ်ဗျာ။ အဲဒီတုန်းက ခေတ်စားလှတဲ့ ဆေးရောင်စုံမြင်ကွင်းကျယ်အုပ်စုထဲက စာသားပါ။ အားရစရာ နားဆင်ကြည့်ပါ။

'ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး'

ပြောရဦးမယ်။ ရေငုံလို့တော့ ပါးစပ်က စကားတစ်ခွန်း ထွက်မလာဘူး။ သွားရဦးမယ်။ ထိုင်နေလို့တော့ ခရီးတစ်ခုရဖို့ မဖြစ်နိုင်ဘူး။ စားရဦးမယ်။ အစာအိမ်တစ်ခုအတွက် ငတ်တုတ်ငတ်ဖို့ မဖြစ်နိုင်ဘူး။ အိပ်ရဦးမယ်။ ကြွေနေလို့တော့ အိပ်ရေးဝဝမရနိုင်ဘူး။ ထိုင်နေလို့တော့ ဘာမှမဖြစ်နိုင်ဘူး။ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး။

ရေးရဦးမယ်။ ယောင်နေလို့တော့ သီချင်းကောင်းရဖို့ မဖြစ်နိုင်ဘူး။ ရှန်းရဦးမယ်။ ငြိမ်နေလို့တော့ ဘဝက ဒီထက်တက်မလာဘူး။ စဉ်းစားရမယ်။ တွေဝေလို့တော့ ဦးနှောက်ရင့်ကျက်လို့ မလာဘူး။ ကြည့်ရဦးမယ်။ ရှောင်နေလို့တော့ တွေ့ခွင့်ရဖို့ မဖြစ်နိုင်ဘူး။

ပြောရဦးမယ်။ ရေငုံလို့တော့ ပါးစပ်ကစကားတစ်ခွန်း ထွက်မလာဘူး။ သွားရဦးမယ်။ ထိုင်နေလို့တော့ ခရီးတစ်ခုရဖို့ မဖြစ်နိုင်ဘူး။ စဉ်းစားရမယ်။ တွေဝေလို့တော့ ဦးနှောက်ရင့်ကျက်လို့ မလာဘူး။ ကြည့်ရဦးမယ်။ ရှောင်နေလို့တော့ အလင်းတစ်ခုရဖို့ မဖြစ်နိုင်ဘူး

ဆူညံတဲ့အသံ နာခံရင်း ကြက်သီးမွေးညင်းထရင်းက ဘဝ အားသစ်လောင်းမိလိုက်ရတဲ့ သံစဉ်တွေရဲ့ တွန်းအားပါ။

ကြည့်ပါ။ အသံတွေက မတန်မဆ အားမာန်နှိုးဆွပေးနေကြတာဘဲ မဟုတ်ပါလား။ ခွန်အားတွေ၊ မြို့ပြယန္တရားရဲ့ တွန်းအားပေးသံတွေပါပဲလေ..။ ကဲ ဆူပါစေ...။ ညံပါစေဗျာ...။ နာခံရင်း ငါဆက်လှမ်းမယ် ဆက်သွားမယ် ဆိုတာပါ...။ ခုတော့ အသံတွေ ဆူညံလေ ကြံ့ခိုင်လေပါ။ ဆူညံလေ အားသစ်လေပါ။ ငါမှုတော့ တွန်းအားပေါ့...။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၁၉။ လာချင်တာတွေ လာစမ်းစေ

'သားကို ယိုးပြီး ထမင်းနဲ့တစ်အိုးကုန်တယ်'

သားသည်မိခင်ဟာ သားငယ်က စားလိုတာ ဆိုတာကြောင့် ဆာတာလို့ ယိုးမယ်ဖွဲ့ပြီးတော့ ထမင်းနဲ့ တောင်းယူပြီး မိမိစားပစ်လိုက်ပြီးတော့ သားငယ်ကို အကြောင်းပြုပြီး ထပ်ပြီး ထပ်ပြီး တောင်းပြီး မိမိဘာသာ စားပစ်ပြန်တာကြောင့်…။

နောက်ဆုံး သားရဲ့ ဝမ်းဗိုက်နဲ့ မမျှတဲ့ ထမင်းနဲ့ တစ်အိုးလုံးပဲ ကုန်သွားရတယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

အခြားသူကို အကြောင်းပြုပြီး မိမိအတွက် အကျိုးနဲ့အခွင့်ထူးယူလွန်းတာကို ရှုတ်ချတဲ့အနေနဲ့ သုံးတာပဲ ဖြစ်ပါတယ်။

*(ငှင်းစာ ၂၀၁-၂၀၂)*

တစ်ရာနှင့်တစ်ယောက်…

လောက၌ အတတ်ပညာ မရှိသော သားသမီးတစ်ရာ ရှိစေကာမူ အတတ်ပညာဂုဏ်နှင့် ပြည့်စုံသော သားတစ်ယောက်လောက် အားကိုး အားမြှောက် မပြုနိုင်ပါ။ ကောင်းကင်တွင် ကြယ်တာရာတွေ များစွာ ရှိသော်လည်း လမင်းကဲ့သို့ အမှောင်ခွင်း၍ အလင်းကို မဆောင်နိုင်ပါ။

ထိုဥပမာအတိုင်းသာ ဖြစ်ပါသည်။

'အသင်တို့ဟာ အသိပညာရရှိရေး အမှန်တရားကို သိမြင်ရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ကောင်းမြတ်စင်ကြယ်တိုးတက်ရေးအတွက် အားမထုတ်ကြဘဲ တစ်နေ့ပြီးတစ်နေ့ ပစ္စည်းဥစ္စာတိုးတက်ရေး ဂုဏ်သိက္ခာမြင့်မားရေးနဲ့ ထင်ပေါ်ကျော်ဇောရေးအတွက်သာ အလောတကြီး ကြိုးစားနေခြင်းကို ရှက်ကြလော့..'

*(ဆိုကရေးတီး)*

ပညာမဲ့သောသူသည် လေနှင်ရာလွင့်သော သစ်ရွက်နှင့် သဏ္ဍာန်တူ၏ သတိုက်ရာလိုက်၍ လွင့်တတ်သော သစ်ရွက်လိုပင် ထိုလူမျိုးမှာ ပြောသမျှ ယုံလွယ်တော့၏။

*(ဆိုကရေးတီး)*

ဘဝကို မစူးစမ်းဘဲ မလေ့လာဘဲ အသက်ရှင်နေခြင်းဟာ အချည်းနှီးသာနေခြင်းသာ ဖြစ်တယ်။

*(ဆိုကရေးတီး)*

www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည် အရာဝတ္ထုတို့၏ အပေါ်ယံပုံပန်းကို ဖော်ပြရန် မဟုတ်၊ အတွင်းသဘာဝကို ဖော်ပြရန် ဖြစ်သည်။ ထိုသဘာဝသည် သာလျှင် မှန်ကန်သော တရားဖြစ်၏။ အပေါ်ယံပြုမှုလှုပ်ရှားမှုသည် အမှန်တရား မဟုတ်ချေ…။

*(ဆိုကာရေးတီး)*

အရုပ်စကားပုံတစ်ခု ရှိပါတယ်။ ဒါကတော့ ကျွန်ုပ်ရဲ့ သည်းခံမှု အရာက မလိုက်နိုင်တဲ့တိုင်အောင် ကျွန်ုပ်အဖို့ သည်းခံမှုကို ပိုထားရပါလိမ့်မယ်။

*(ယာဆာအာရာဖတ်) နယူးဗီခ်မဂ္ဂဇင်း ဧပြီ (၂၈) (၁၉၈၀) ခု*

မိမိဟာ ဟိုမှာသည်မှာတွေ့နေရတဲ့ ကျောက်ခဲလေးကို အားကျ နေမိပါတယ်။ ကျောက်ခဲဆိုတဲ့ စကားကို အားလုံးသိပြီးသား စကားစုတွေ သိကျွမ်းပြီးသား အရာဝတ္ထုတွေပါပဲ…။

လိမ့်နေတာဘဲ ကျောက်ခဲလေးရယ်…၊ လမ်းခင်းတဲ့ကျောက်ခဲ ဘာညာ ဆိုကြတယ် မဟုတ်လား…။

သိချင်းစာသားမှာတော့ မြခဲစိန်ခဲက တောက်ပတယ်။ ကြေးထိုက်တယ်။ လမ်းခင်းတဲ့ ကျောက်ခဲကတော့ အသွေးအရောင် မပြောင်ပွဲ တန်ဖိုးမှာလဲ နဲဆိုခဲ့တယ်။

ဒါပေမဲ့ မိမိဘဝကို ကျောက်ခဲနဲ့ တင်စားပြီး အားမာန်စိတ်ခွဲ မွေးထားမိခဲ့တာပါ။ ဒါကြောင့် မိမိ မသိမ်ငယ်မိပါဘူး။

ဥပမာ ကျောက်ခဲဟာ ဘယ်သူ့ကိုမှ ဘာမှ မလုပ်ပါဘူး။ သူများ လုပ်သမျှကိုပဲ သူခံတယ်။ မတုန်လှုပ်ဘူး။ မဖြုံဘူးဆိုပါတော့…။ သူ့ကို ဘာပဲလုပ်လုပ် ထုထုရိုက်ရိုက် ခွဲခွဲပါ။ ကျောက်ခဲပါ။ သူ့စေတနာ မယုတ်လျော့ ခဲ့ပါဘူး။ သူ့စေတနာက ကောင်းမြဲကောင်းဆဲပါ…။

သည်းခံခွဲရှိမြဲပါ နစ်နာခံဆဲပါ…။

ဒါကို လေးစားအားကျမိရတာပဲ ဖြစ်ပါတယ်။

ပြီးတော့ သူ့တန်ဖိုးဟာ ဘယ်တော့မှ မပျက်စီး မယုတ်လျော့ပါဘူး မြေအောက်ရောက်မလား…။ ရောက်ပါစေ…။ သူ့နဂိုနေမြဲ အတိုင်းပါပဲ… ကျောက်ခဲပဲလေ…။

မြေပေါ်ထားမလား ထားပါစေ…။ သူမမော်ကြွားပါဘူး။ သူ့နဂို အခြေနေမြဲအတိုင်းပါပဲ…၊ ဘာမှ မပြောင်းလဲပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့နဂိုမူလကိုတော့ ဘယ်သူမှ ဖျက်ဆီးချေမှုန်းပစ်လို့ မရပါဘူး။ ကျောက်ခဲဟာ ကျောက်ခဲပါပဲ…။ ရွှံ့ခဲဘယ်တော့မှ ဖြစ်မသွားပါ။ မာမြဲမာဆဲပါ။ နစ်နာခံဆဲပဲ မဟုတ်ပါလား…။ သူ့ကို ဘယ်မှာပစ်ပစ် ဘယ်မှာချချ နဂိုမူလ ဘဝကျောက်ခဲကတော့ ကျောက်ခဲဘဝလေးပဲ ဖြစ်နေမှာပါပဲ၊ ကျောက်ခဲလေးပဲ ဘာဖြစ်လဲ…။

ပြီး‥ သူဟာ လိမ့်ချင်လိမ့်နေမယ်။ ကန်ကျောက်တာ၊ ထုခွဲတာ၊ မှုန့်ချေတာ ခံချင်ခံနေရမယ်။ ပြီး‥ ထုခွဲလို့ ကွဲသွားလဲ ကွဲသွားပါ။ ဒါပေမဲ့ ဘာဖြစ်လဲ‥။ ကျောက်ခဲဟာ ကျောက်ခဲပါပဲ‥။

မပြောင်းလဲပါဘဲ ထာဝရ ကျောက်ခဲဟာ ကျောက်ခဲပါပဲ‥။ မိမိကိုယ်သာအဓိကပါပဲ ‥။ ဘာဖြစ်လဲ ကျောက်ခဲဟာ ကျောက်ခဲပါပဲ…။ မိမိတို့ဟာ ဘဝမှာ ဘာအဓိကလဲ…။

မိမိစဉ်းစားဝေခွဲ ကိုယ့်ကိုယ်ကို မေးမိတယ်။ ဘဝမှာ ရှင်သန်ရပ်တည်ရေးပဲ မဟုတ်လားဗျာ…။

ကြံ့ကြံ့ခံ ရပ်တည်မားမတ်နိုင်ရေးပဲ မဟုတ်လား။ ဒီကမှ တဆင့်တက်မတက် ဆိုတာကတော့ ကာလဒေသပယောဂနဲ့ ဘဝပေး အခြေအနေပဲ မဟုတ်လား။

အဓိကကတော့ မယိမ်းမယိုင် ကြံ့ကြံ့ခိုင်ရပ်တည်နိုင်ရေးပဲ မဟုတ်လား။

မိမိသိရသလောက်ကတော့ လူတွေဟာ ဘာကြီးပဲဖြစ်ဖြစ်၊ တကယ်တမ်းကျ ကြံ့ကြံ့ခိုင်သူနည်းလှတယ်။ ယိမ်းယိုင်လို့သာ နေကြတယ်။ သွေ့ဖယ်လို့သာ နေကြတယ်။ ရေယိမ်းလိုက် ဘသားယိမ်းလိုက်တွေ ဖြစ်နေကြတော့တယ်။

ဘောင်းတော်ညိတ် စိတ်တော်သိတွေ ဖြစ်နေကြတော့တယ်။ ဘဝရှိပေမယ့် ကိုယ်ပိုင်ဘဝ မဟုတ်ကြဘူး။ မျက်စိရှိပေမယ့် ကိုယ်ပိုင်အမြင် မကြည်လင်နိုင်ကြဘူး။ နားရှိထားကြပေမယ့် ကိုယ်ပိုင်သံစဉ်များ ကြားရေး မဖန်တီးနိုင်ကြဘူး။ ဦးနှောက်ရှိပေမယ့် ကိုယ်ပိုင်ဦးနှောက် မတည်ဆောက်ထားနိုင်ကြဘူး။ ဗိုက်ရှိပေမယ့် ကိုယ်ပိုင်ဝမ်းစာ မရှာဖွေ မစားသောက်နိုင်ကြဘူး ဆိုတာပါပဲ…။

ဒါကို တွေ့ရတဲ့အခါ ကျောက်ခဲအဖြစ် တင်စားခံယူထားမိတဲ့ မိမိကိုယ်ကိုယ်ကို မိမိအားရမိလိုက်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘယ်သူအပြစ်ဆိုမလဲဗျာ…။
'ကောင်းကင်ဘုံဟာ သင့်ယုံကြည်ချက်ထဲမှာရှိတယ်။
ပျော်ရွှင်မှုဟာ သင့်အသည်းနှလုံးထဲမှာရှိတယ်'

*(အနန်)*

ကျောက်ခဲအဖြစ် ယုံကြည်ချက်ရှိနေတဲ့ မိမိဘဝနဲ့ ပျော်ရွှင်မှု နှလုံးသားဟာ ပကတိပန်းပမာ လန်းဖြာလျက်ပါပဲ…။

ဒါကြောင့် လာချင်တာတွေ လာစမ်းပါစေ‥။ ပေါက်စွယ်နဲ့ ပေါက်မလား‥၊ ဖောက်ချွန်းနဲ့ ပေါက်မလား‥၊ ဆယ်ပေါင်တူနဲ့ ထုမလား‥၊ ဘာတူနဲ့ ထုမလဲ‥၊ ပြီး ကျောက်ခွဲစက်လား‥၊ အမှုန့်ကြိတ်စက်လား‥၊ ဘာစက်နဲ့လဲ‥၊ လာချင်တာတွေ လာစမ်းပါ‥။ မမှုပါ‥၊ အံမတုပါ…။

နင်းမှာလား‥၊ ချေမှာလား‥၊ ခင်းမှာလား‥၊ ပုံမှာလား‥၊ ပြောင်းမှာလား‥၊ ရွှေ့မှာလား‥၊ မှုန့်မှာလား‥၊ ချေမှာလားလေ‥၊ လုပ်စမ်းလေ…။

ဒါပေမဲ့ မိမိဘဝနဲ့ မိမိသိက္ခာ ကာကွယ် ဂုဏ်ဆယ်ကာ ကြံ့ကြံ့ခိုင် နေထိုင်သွားရုံမျှသာပါပဲလေ…။

တကယ်က ကျောက်ခဲဟာ မပျော့ဘူးဆိုတာ ပြဆိုထင်ဟပ်နေမှာ ဝံ့စားစွာနဲ့ပါ။

ကျောက်ခဲဟာ အများအတွက် အားလုံးအတွက် အသုံးချအသုံးပြုတဲ့ နေရာတိုင်းမှာ ပါဝင်ဖြည့်ဆီးနေရတာတွေ ကျေနပ်စွာ ခံယူလျက်ပါပဲလေ။

ကျောက်ခဲ ဖွဲ့မလျော့၊ အားမလျော့ပါ။ ယုံကြည်ချက်အပြည့် နဲ့ပါ၊ ကျောက်ခဲလေးဘဝ လောကနယ်တွင်းမှာ မာန်တင်းအာခံ ရန်းကန်ရင်ဆိုင် ကြံ့ကြံ့ခိုင်ရယ် ရှိလို့နေမယ် ဆိုတာပါပဲ…။

ဤမြေလောက ကမ္ဘာ ကျောက်ခဲဟာ ကျောက်ခဲပါ…။

ကျောက်ခဲဟာ မပျောက်မကွယ် ပျက်မပြယ်ပါ…။

ရှိနေမှာပဲ လိမ့်လိမ့်လဲစွာ ခိုင်ခိုင်မာမြဲ….

မယိုင်လဲပါ…။ ဟိုမှာဒီမှာ ကမ္ဘာအနှံ့ ကြဲကြဲဖြန့်ကာ မားမားစွာပဲ ဖြန့်ကျက်ကြဲနေ‥ ကျောက်ခဲတွေလေ‥ ကျောက်ခဲတွေ…။

ခံ့ထယ်ဝင့်လို့ တင့်လို့လေ…။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၂၀။ လူတိုင်းအတွက် တရားမျှတ လွှတ်လပ်ခြင်း

'ကျွန်တော်သည် ကျွန်လည်း မလုပ်လို သခင်လည်း မလုပ်လိုပေ။ ဤသည်မှာ ကျွန်တော်၏ ဒီမိုကရေစီအယူအဆဖြစ်သည်ဟု ကျွန်ုပ် မှတ်ယူ၏။'

*(အေဗရာဟင်လင်ကွန်း)*

အေဗရာဟင်လင်ကွန်းအကြောင်းကို မသိသူရှားပါးပါလိမ့်မယ်။

ထို့အတူ သူ့ကို မလေးစားသူလည်း ရှားပါလိမ့်မယ်။

သူ့လို ကျော်ဇောပြီး သူ့လို အောင်မြင်ခဲ့သူ များသလိုပဲ။ သူ့လိုလဲ အပြောနဲ့အဟော ညီသူလည်း ရှားပါလိမ့်မယ်။

ထို့ထက် သူ့လို စွန့်လွှတ်မှုပြုသူကား ရှားမှကိုရှားပါလိမ့်မယ်။

သူ့အကြောင်းကို ပြောလိုက်တာနဲ့ လူ့ဂုဏ်သိက္ခာ လူ့တန်ဖိုး လူ့အခွင့်အရေး တွေဟာ အလိုလိုဆင့်ကဲ့လေးနက်လာသလိုပဲ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဖြစ်လို့လာတတ်ပါတယ်။

သူဟာ သူမတူအောင် အရုပ်ဆိုးတဲ့သူရဲ့ ရုပ်ရည်ဟာလည်း ဘာလို့ သူမတူအောင်များ ထူးခြားလေးနက်လို့ သာနေရပါလိမ့်မလဲ..။

ဒါနဲ့ ဂုဏ်သိက္ခာဆိုတာ ဘာလဲ..၊ အဝတ်အစားလား..၊ ပညာလား။ အခြေအရံလား..၊ လား.. လား.. လားနဲ့ အဓိပ္ပါယ်တွေ ထွေပြားလှပါတယ်။

မျက်မမြင်ပုဏ္ဏားကြီးတွေ ဆင်ကိုစမ်းပြီး ပြောသလို အမျိုးမျိုး ပြောဆိုတတ်ကြပါတယ်။ တကယ်အနှစ်သာရကို သိသူလည်းနည်းကြ ပါတယ်။

အမှန်က လူ့တန်ဖိုး ဂုဏ်သိက္ခာနဲ့ပဲ သက်ဆိုင်ပါတယ်။ ဒါနဲ့ပဲ ပတ်သက်တာပဲဖြစ်ပါတယ်။ ဥပမာဘုရားစီးက ဘောလုံးဘုရင် ပီလီဆိုပါတော့ အသားမဲမဲ ပါးစပ်ပြဲပြဲ ဘယ်လောက်အကျည်းတန်လိုက်ပါသလဲ...။

ဒါပေမဲ့ လူတွေက သူ့ပုံကို အမြတ်တနိုးထားပြီး ချိတ်ဆွဲကြတယ်။ သူ့ပုံပါအင်္ကျီကို ဝတ်ဆင်ကြတယ်။ သူ့ပုံနဲ့ပဲ စာအုပ်တွေ စာစောင်တွေ ထုတ်ကြ တယ်။ ဒါဟာ ဘာလဲ...။ သူ့ရဲ့ သူမတူတဲ့ ထူးချွန်မှုဂုဏ်သိက္ခာကြောင့်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူပဲ လက်ဖွဲ့ဘုရင်အလီတို့ ပြီး အိုမင်းရွတ်တွနေတဲ့ မာသာ ဘရီဇာတို့ မျက်မမြင်စာရေးဆရာမ ဟာယ်လင်ကဲလားတို့ အများအပြား တွေ့ရှိကြပါတယ်။

သူတို့ရဲ့ ဂုဏ်သိက္ခာကြောင့်ပဲ ဖြစ်ပါတယ်။ မဟတ္တမဂန္ဒီဆိုရင် နံရိုးပြိုင်းပြိုင်း အဝတ်ဗလာနဲ့ အိုမင်းရွတ်တွနေတဲ့ အဘိုးကြီးဘဲ…။

ဒါပေမဲ့ ဘာလို့ သူ့ကို အမြတ်တနိုး ပြုထားကြသလဲ။ သူ့ရဲ့ သူမတူအောင် မွန်မြတ်မှု ဂုဏ်သိက္ခာကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူမှာ အဓိကနဲ့သာမည ခွဲခြမ်းစိတ်ဖြာတတ်ဖို့ လိုတယ်။

အပရိကနဲ့ အနှစ်သာရ ချိန်ဆတတ်ဖို့ လိုတယ်။ အများစု လူတွေဟာ ဘာမဟုတ်တဲ့ ပတ်ဝန်းကျင်ရဲ့ ရေစီးကြောင်းမှာ လိုက်ပါမျောဝင် ပါဝင် ကပြလှုပ်ရှားနေမိကြတာ တွေ့ရပါလိမ့်မယ်။ စိတ်မပါပေမဲ့ သူများလှူရင် လိုက်လှူလှုပ်လိုက်ရတာမျိုး၊ သူများစားရင် လိုက်စားလိုက်တတ်တာမျိုး၊ သူများ ဝတ်ရင် လိုက်ဝတ်တတ်နေတာမျိုးတွေပဲ ဖြစ်ကြပါတယ်။

ဒါဟာ ပညာတတ်သူ၊ ပညာမဲ့သူ၊ ရာထူးရှိသူ၊ ရာထူးမဲ့သူ၊ ဆင်းရဲသူ၊ ချမ်းသာသူ ဘယ်သူဘဲဖြစ်ဖြစ် အတူတူပါ။ မသိမသာပဲဖြစ် သိသိသာသာပဲ ဖြစ်ဖြစ် ရေစီးကြောင်းထဲ မျောဝင်နေတတ်ကြပါတယ်။

ဒါထက် ဆိုးလာက မဟုတ်တဲ့ဘက်မှာ ပြိုင်မှန်းမသိ ပြိုင်ဆိုင် ယှဉ်တိုး နေတာမျိုး ဖြစ်နေတတ်ကြတာ ကြည့်တတ်ကြရင် တွေ့ကြုံကြရပါလိမ့်မယ်။

ဒီအထဲမှာ ကိုယ်တိုင်ပါဝင်ကောင်း ပါဝင်ပြီးလဲ ဖြစ်နေပါလိမ့်မယ်။

တွေးကြည့်ရင် ရှက်စရာပါ။ တကယ်တော့ အများအကျိုး အတွက်သာ အများစုအရေးနဲ့ လောကအနာဂတ်ရေးအတွက်သာ ပါဝင်လှုပ်ရှား ကြိုးစား လုံ့လထုတ်နေဖို့သာ ကောင်းကြပါတယ်ဆိုတာပါ။

လူတွေအများစုဟာ စာတစ်အုပ် နှစ်ဆယ်တန်(ယခင်)ကို ဝယ်ယူ ဖတ်ရှုဖို့ရာကျတော့ အလှေအကျင့် အင်မတန် နည်းကြပေမယ့် (နှစ်ရာတန်) (ယခင်)အင်္ကျီမျိုးကိုတော့ မိမိတို့မှာ အများကြီးရှိပေမယ့် အလွယ်တကူလူတိုင်း ဝယ်ယူဝတ်ဆင် နေတတ်တာမျိုးတွေပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် အသိဉာဏ် ကို လိုလားသူ မြတ်နိုးသူဟာ အသိဉာဏ်ရဲ့ ကျယ်ပြန့်တဲ့ မိုးကုပ်စက်ဝိုင်း ကမ္ဘာကို ရှာဖွေဖြန့်ကျက်တယ်။ စာအုပ်ဝယ်ချင် ရင်ဝယ်မယ်။ ဟောပြောပွဲတွေ နားထောင်ချင်ထောင်မယ်။ ဆရာရှာပြီး တပည့်ခံချင် ခံမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါအတွက် အချိန်ကုန်ကုန် လူပန်းပန်း သူမနွမ်းမနယ် လုပ်မယ်။

ဒါအတွက် သူဟာ အစဉ်ပဲ တက်ကြွနေမယ် ပျော်ရွှင်လန်းဆန်းနေမယ်။ သူ ညည်းညူနေမှာ မဟုတ်ပါဘူး။ လူလန်းဆန်းနေမှာသာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုလူတွေ ဘယ်နှစ်ယောက်ရှိလဲ၊ ပြီးတော့ ရှိတော့ရှိတယ် ရှားတယ်ဆို ဒါမျိုးတွေပဲ ဖြစ်နေပါလိမ့်မယ်။

ဒီကော့ အဝိုင်းနဲ့ လေးထောင့်ပမာ ဒီလိုလူမျိုးတွေဟာ ပတ်ဝန်းကျင်ကြားမှာ တစ်မျိုးတစ်ဘာသာ သုံးနဲ့လေးပမာ ဆန့်ကျင်ဖီလာ ထင်စရာပါ။

အများစုတွေမှာတော့ ဝတ်တာစားတာ ကြွားတာမော်တာ စားတာသောက်တာရဲ့ တကယ့်အကာကို အနှစ်လုပ်တာနဲ့ပါပဲ...။

အထူးသဖြင့် ငယ်ရွယ်စဲ့လူငယ် ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေတို့ပဲ ဖြစ်ကြပါတယ်။ ပတ်ဝန်းကျင်ရဲ့ သွေးဆောင်မှုနောက်မှာ လိုက်ပါကာ ယောင်တောင်ပေါင်တောင် လုပ်ဆောင်ပါဝင်နေတတ်ကြ ပါတော့တယ်။ ပေါ်ပင်စရိုက်မှာ လိုက်ရောပါဝင်နေတတ်ကြတာ တွေ့ကြရပါတော့တယ်။

ဒါကြောင့် မိမိကိုယ်ကို ဆန်းစစ်ကြပါ။ မိမိလမ်းကို အတည်တကျ ရွေးချယ်ကြပါ။ သဘာဝဟာ အဖိုးအနဂ္ဃ ထိုက်တန်လှသလို ဘဝမှာ လူသားတွေအတွက် အဓိကကျတာတွေ လုပ်စရာတွေကလဲ အများကြီးပါ။ လူဟာ သူမတူမှ လူဖြစ်မယ်။

လူဟာ သူမတူအောင် စွန့်စားရပြီး တရားမျှတလွတ်လပ်မှုကို ကြံဆောင်မှ လူ့ဘောင် လူ့ဘဝမှာ အဓိပ္ပါယ်ဆိုတာ ရှိမယ်။ ရှိတယ်ဆိုတာ လင်ကွန်းက ခုလို ဖွင့်ဟမြွက်ဆိုထားခဲ့ပါတယ်။ လူသား လောကအတွက် သူ့ရဲ့ သဘောမနောကို လောကအမြင်၊ ကြည်လင်စကားဘဲ ဆိုပါတော့လေ...။

'ဤသူရဲကောင်းတို့သည် ကျွန်ုပ်တို့အတွက် အချည်းအနှီး မသေစေရန် ထို့ပြင် ဘုရားသခင်၏ လက်အောက်၌ရှိသော အမျိုးသားများသည် လွတ်လပ်ရေး ဟူသော သားကောင်းရတနာကို အသစ်ထပ်မံ ရရှိစေရန်နှင့် လူထု၏ အစိုးရ၊ လူထုက တင်မြှောက်သည့် အစိုးရ၊ လူထုအတွက် ဆောင်ရွက်မည့် အစိုးရ သည် ဤကမ္ဘာမြေပြင်ပေါ်မှ ပျောက်ကွယ်မသွားရန် ကျွန်ုပ်တို့သည် လေးနက်စွာ သန္နိဋ္ဌာန်ချထားပါကြောင်း...

နှစ်ထောင်းစဖွယ် သူ(လင်ကွန်း)ဆိုထားခဲ့တယ်။ ပြီး·· သူက ထပ်ဆို ခဲ့ခဲ့တယ်။ 'ကန့်ကွက်ပြောဆိုသင့်ချိန်တွင် တိတ်တိတ်နေခြင်းသည် လူတို့အား

www.burmeseclassic.com

www.burmeseclassic.com



သူရဲဘောနည်းသူများအဖြစ်သို့ ရောက်စေသည်’တဲ့…။

နှစ်သက်မြတ်နိုးဖွယ်ရာ မိန့်မှာစကား၊ လေးစားဖွယ်ရာ စံနမူနာပါပဲဗျာ…။

**** **** ****

## ၂၁။ ရိုးသားမှလူ ကြိုးစားမှလူ

‘လူတစ်ယောက်ရဲ့ သဘောဆန္ဒမရဘဲ လူတစ်ယောက်ဟာ လူတစ်ယောက်အပေါ်မှာ အုပ်ချုပ်နိုင်လောက်အောင် အရည်အချင်း မရရှိပါဘူး။’

*(လင်းကွန်း)*

ဦးစွာ ကဗျာလေးတစ်ပုဒ်ကို တင်ပြချင်ပါတယ်။

**ခရီးဆက်ရင်း ပျံသန်းရင်း**

❖ ကမ္ဘာလောက
ကျယ်ပြောစွလေ‥ အံ့လောက်ဖွယ်…။

❖ မိုးကုပ်စက်ဝိုင်း တိုင်းဆမရှိ‥
ကျယ်ပြောဘိကွယ် အံ့လောက်တယ်…။

❖ သေးငယ်လွင့်ပါး‥ ပျံလွှားငှက်ငယ်‥
ခရီးသည်ရယ်‥ တစ်ကောင်လေ…။

❖ တွေဝေမရှိ‥
ငေးငိုင်မရှိ‥
ယောင်တိယောင်ချာ မရှိရှာဘဲ‥
သူ့တာသူ့ဝန် ကျေပွန်ထမ်းရွက်‥
ခရီးဆက်ရင်း ပျံသန်းရင်း‥
သီချင်းဟစ်အော်‥ တကြော်ကြော်‥
ကျွန်တော် အားကျ။ လေးစားရတယ်။ သူ့တွက်လေ‥။

ပြီး‥ နောက်ထပ် ကဗျာတစ်ပုဒ်လဲ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်မှုထူးမောင်ပစ်တိုင်းထောင်

❖ ပစ်တိုင်းထောင်တဲ့..
လှပတဲ့နာမည် အရုပ်ရယ်လေ...။

❖ ဘယ်လိုကြည့်ကြည့်..
မားမတ်ဘိလေ.. ပျော့မခွေ...။

❖ ဘယ်လိုပစ်ပစ် ဘယ်လိုပေါက်ပေါက်..
ရှုံ့ကြောက်ယောင်ချာ မဖြစ်ပါဘူး..
တစ်မှုထူးမောင် ပစ်တိုင်းထောင်..
ဂုဏ်ရောင်တင့်လျက်.. ဝင့်ထယ်လျက်လေ.. ဝင့်ထယ်လျက်...။
ပြီး.. နောက်ကဗျာတစ်ပုဒ်ကတော့...

## ရှေ့ခရီးမှာ

❖ ရှေ့ခရီးတာ လျှောက်လှမ်းရာမှာ..
ကဗျာမဆန် ဟန်ပန်မကျ..
ရှိကရှိစေ.. တွေဝေစိုးကြောက်...
လျှောက်လှမ်းမပျက် ဆက်သွားစိတ်ဖွဲ့..
မြဲခိုင်နော်...။

တိုတိုထွာထွာ ကဗျာလေးတွေကို မိမိ ဖတ်မှတ်နေမိပါတယ်။ ဒီလိုဖတ်မှတ်ရင်းနဲ့ တစ်စုံတစ်ဦးရဲ့ ရုပ်ပုံလွှာကို မြင်ယောင်လို့ လာခဲ့ပါတယ်။ သူဘယ်လိုလူလဲ ဆိုတာပါ...။

"ထိန်းသိမ်းစောင့်ရှောက်မှုသည် ကိုယ်ကျင့်တရားတစ်ခု ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် စာနာတတ်မှု၊ သည်းခံနိုင်မှု၊ မေတ္တာကရုဏာထားနိုင်မှုများသည် အခြေခံအဆောက်အအုံအဖြစ် ပါဝင်သည်.."

(ဂန္ဒီ)

ဂန္ဒီဟာ အပြောနဲ့အလုပ်ကိုညီအောင် နေထိုင်ကျင့်ကြံခဲ့သူပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဘာပကာသန၊ အပေါ်ယံအလှအပ၊ ဘာတစ်ခုကိုမှ ချယ်သပြင်ဆင်မှု မရှိခဲ့ပါဘူး။ နှလုံးသားအလှနဲ့ လောကသဘာဝကို အရှိအတိုင်း ခံစားခဲ့သူပဲ ဖြစ်ပါတယ်။

'လောကကြီးတွင် တိုးတက်နေသူဟူသမျှသည် ဉာဏ်ကြီးသူများ မဟုတ်၊ တစ်ခုခုကို စူးစိုက်စွဲမြဲစွာ လုပ်သဖြင့် ထိုအလုပ်နှင့် ပတ်သက်သမျှကို ကျွမ်းကျင်နားလည်နေသူများသာ ဖြစ်ကြလေသည်..'

*(ပီမိုးနင်း)*

ပီမိုးနင်းကလည်း အဲဒီလိုပဲ ဆိုထားခဲ့ပါတယ်။ လူ့သဘာဝမှာ ကြိုးစားနေရမယ်။ ရှန်းကန်နေရမယ်။ ကြိုးစားရှန်းကန်ရင် သူ့အကျိုး ရလာဘ်ကို တစ်စုံတစ်ရာအထိ မည်သူမဆိုခံစားကြရမှာဘဲ ဖြစ်ပါတယ်။

မလှုပ်ရှား မရှန်းကန်ဘဲ ဖြစ်ထွန်းသူဟာ တကယ်ခေတ္တခဏ ဖြစ်နေခဲ့ရင်တောင်မှ တန်ဖိုးမရှိလှပါဘူး။ လူမစွမ်း နတ်မဆိုတဲ့စကားအတိုင်းဘဲ ဖြစ်ပါလိမ့်မယ်။

တချို့ကလေးတွေ ပြောသလိုပဲ..၊ ငါချမ်းသာတာမှ မဟုတ်ဘဲ၊ ငါ့မိဘ ချမ်းသာတာပဲဆိုတာမျိုးလိုဘဲ ဖြစ်ပါတယ်။

ဟုတ်တယ်။ တကယ်လည်း မိဘချမ်းသာသူတွေ၊ တချို့ သားသမီးတွေဟာ ကြွားဝါပလွှားစားသောက်မော်ကြွားပြီး ခြေဖျားထောက်နေကြတာ တွေ့ကြရပါတယ်။ ကိုယ်နဲ့ မတန်မရာ ဝတ်စားကြွားဝါ နေကြပါတယ်။ ဒါပေမဲ့ ငယ်ရွယ်တဲ့ ဒီအရွယ်ဒီအခြေအနေနဲ့ မိမိရဲ့ လုပ်အားဉာဏ်အားဝီရိယ အားနဲ့ ဘယ်လိုမှ ကိုယ့်အစွမ်းကြောင့် မရနိုင်ဘူးဆိုတာ လူတိုင်းသိထားပြီးတဲ့ အခါ သူ့ကြွားဝါမှုကို ပြုံးစိစိနဲ့ကြည့်ရှု ခေါင်းညိတ်နေကြမှာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် လူဟာ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူသူအဖြစ်ထက် ကိုယ်ပိုင်ခြေထောက်နဲ့ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်သူအဖြစ် လျှောက်လှမ်းနိုင်ပါမှ ကိုယ်ပိုင်ဘဝ ကိုယ်ပိုင်ခြေလှမ်းတိုင်းဟာ တန်ဖိုးအနှ ထိုက်တန်ပန်ရလှပါ လိမ့်မယ်လေ..။

ဒါအတွက် လူမှာ ခွန်အားရှိတယ်။ လူကြံရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ စွဲမြဲဖို့ အောက်ခြေမလွတ်ဖို့တော့ လိုမယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရှုးစိုက်မှု'

'မည်သည့်အတတ်မဆို သေချာစွာ တတ်မြောက် လိုလျှင် နေထွက်မှ နေဝင်ထိတိုင် ထိုအတတ်ကိုသာ စိတ်ဝင်စားရမည်။ အချိန်တည်း ဟူသော တန်ဖိုးကို အမျိုးမဲ့မဖြစ်စေရ…'

*(ရဲနော်လီ)*

ဒီစကားဟာ လူဟာ အလုပ်တစ်ခုကို စွဲမြဲရမယ်ဆိုတာ တင်စား ပြောဆိုခဲ့တာပဲ ဖြစ်ပါတယ်။

မြန်မာစကားစုတွေထဲမှာ ဦးကျည်ပွေ့လိုလူမျိုးလည်း ရှိတာပဲ။

အသက်ကြီးမှ ပညာသင်ကြား စာသင်လို့ တတ်မြောက်လာခဲ့ သူတွေ။ ဗွဲလုံ့လဝီရိယကို မလျှော့ဘဲ လုံ့လဖွဲ့ကြိုးစားခဲ့လို့ လယ်သမားဘဝက နန်းရင်ပြင်ကို ရောက်ခဲ့ရတဲ့ ဘိုးရာဇာလိုလူတွေ ဒုနဲ့ဒေးပဲ ရှိကြပါတယ်။

လမ်းပေါ်မှာ အခြေမဲ့အနေမဲ့ စာမတတ်ပေမတတ် ပေရေနေခဲ့ ရာက ကြိုးစားရုန်းကန်ရင်း လက်ဝှေ့အကျော်အမော်ဖြစ်ခဲ့ရရှာတဲ့ ဂျိုးလူး ဝစ်လို ပုဂ္ဂိုလ်မျိုးတွေလည်း လူ့လောကမှာ ဒုနဲ့ဒေး ရှိကြပါတယ်။

ထို့အတူပဲ အမေရိကန်ပြည်က အေဗရာဟင်လင်ကွန်းဆိုရင် လူတိုင်း အတွက် စံနမူနာယူစရာဘဲ…။

သူဟာ မုဆိုးမသား တောတွင်းသား ကျေးလက် တဲကုပ်ထဲမှာ မွေးဖွား ချက်မြှုပ်ခဲ့ရသူပဲ။

အဖက ဥာဏ်နုံနဲ့သူ အမိကချူချာသူ သူဟာ လှေထိုးလွှတိုက် ခွန်အားကို အရင်းအနှီးပြုခဲ့ရပြီး ကိုယ့်ဘဝကိုယ်ကြိုးစားခဲ့ရတယ်။

သူဟာ ဓာတ်တိုင်အောက်မှာ စာပေကို ဖတ်မှတ်သင်ယူခဲ့ရတယ်။

စာပေတတ်မြောက်လို့ ရှေ့နေရှေ့ရပ်ဖြစ်လာတဲ့အခါမှာလည်း မိမိတို့လို ဘဝတူများဘက်က ရပ်တည်ကိုယ်စားပြုခဲ့တယ်။

အခကြေးငွေထက် အမှန်တရားဘက်က ရပ်တည်ကိုယ်စား ပြုတယ်။

ဒါကြောင့် သူ့ဂုဏ်သတင်း မွှေးခဲ့တယ်။ သူရုန်းကန်ခဲ့စဉ်က တစ်ညဥ့်တာ တည်းခိုခဲ့ရသူ ကျွဲမွေးစောင့်ရှောက်ခဲ့ရသူ အိမ်ရှင်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူအတွက် အမှန်တရား ပေါ်အောင် အမှုမှလွတ်အောင်ထိ သူကြိုးစား ဆောင်ရွက်ကျေးဇူးပြုခဲ့တယ်။ ကျေးဇူးသိတတ်တဲ့လူဖြစ်တယ်။

ရှေ့နေဘဝက အဆင့်ဆင့်ကြိုးစားကာ သမ္မတရာထူးထိ သူတက်ခဲ့တယ်။

ဒါပေမဲ့ သူ့စိတ်နေမပြောင်း၊ သူ့လမ်းကြောင်းမပြောင်းခဲ့ဘဲ အများ အတွက် ဆောင်ရွက်နေထိုင်သွားခဲ့သူပဲဖြစ်တယ်။ နာမည်သတင်း ဂုဏ်သတင်း မှုံ့ခဲ့သူဘဲ ဖြစ်တယ်။

သူဟာ တို့များလူသားတွေအတွက် စံနမူနာယူထိုက်သူလူ၊ စံပြု ထိုက်သူလူ‥၊ ရှာမှရှားသူ လူတစ်ယောက်ပဲ ဖြစ်ပြုပါတယ်။

သူဟာ အရုပ်ဆိုးတယ်။ အကျည်းတန်တယ်။ ဘဝကြမ်းတယ်။ သူ့ခရီးက ခက်ထန်တယ်။ ဒါပေမဲ့ သူမမှုပါဘဲ ဖွံ့နပ်ထား ကြိုးစားကျော်လွှား ရင်းက ဒီမိုကရေစီစနစ်မှာ လူဆိုတာ ကြိုးစားရင် သူ့အတိုင်းအတာတစ်ခုအထိ ရောက်နိုင် ဖြစ်နိုင်တဲ့ သာဓကတွေ‥၊ နောက်ဆုံး သမ္မတထိ လောကမှာ ဖြစ်နိုင်တာ လက်တွေ့ပြသခဲ့သူသာပဲ ဖြစ်ပါတော့တယ်။

သူဟာ လူသားအတွက် အများအတွက် ဆောင်ရွက်လုပ်ကိုင် ကိုယ်စားပြုရမယ့် စံပြနမူနာအချက် တာဝန်ဝတ္တရားတွေရဲ့အချက် အပေါ်မှာ မော်ကွန်းနမူနာ သက်သေတွေ ပြဆိုထားခဲ့ပါတယ်။

ဒါကြောင့် လူမှာ အသက်ရှင်မှုဟာ ပဓာနမဟုတ်ပါဘဲ နာမည်စွဲမြဲ တည်တံ့ရေးသာ အဓိကပဓာနပဲ ဖြစ်ပါတယ်။

လူဟာ လူသေတာတက် နာမည်မသေဖို့ကို ကြိုးစားကြရမယ်။ ဒါအတွက် ရိုးသားကြပါ။ ကြိုးစားကြပါစို့ ဆိုတာပါ‥‥။

**'ဘဝသည် ရုပ်ထုကဲ့သို့ အစိတ်အပိုင်းတိုင်း လှပဖို့ လိုပေသည်'**

*(ဆိုကရေးတီး)*

• 'မိမိကိုယ်ကို အထက်ဆုံးတန်းသို့ ရောက်အောင် ရည်ရွယ်ချက်ရှိသူဟာ စကားအနိုင်လုပြီး ငြင်းခုံနေဖို့ အချိန်မရှိပါဘူး‥'

*(လင်ကွန်း)*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



## ၂၂။ ရာဇဝင်ကြွေးပေးဆပ်နိုင်မှုလူ

ခက်ခဲမှုဟာ ဖွဲ့ရှိသူတွက် အားစမ်းချက်လေ
စိတ်နေမြဲရေး တွန်းအားပေးချက် ဖော်ညွှန်းချက်နော်…။

ရာဇဝင်ကြွေး ပေးဆပ်နိုင်မှုလူပီသတယ် ဆိုတာပဲ ဖြစ်ပါတယ်။ ဒီခေါင်းစဉ်ကို ကြည့်ရင်- နိုင်ငံရေးလား‥၊ သမိုင်းရေးစာအုပ်လား‥၊ ကျမ်းစာအုပ်လား ထင်မှားစရာဖြစ်နေကောင်း ဖြစ်နေပါလိမ့်မယ်။

မဟုတ်ပါဘူး။

လူငယ်ပညာပေး အကြောင်းအရာသာ ဖြစ်ပါတယ်။ ဒါဖြင့် ဒီခေါင်းစဉ်ဘာလို့တတ်ရသလဲ မေးစရာရှိပါတယ်။

ဒီတော့ ဖြေစရာလဲ ရှိပါတယ်။ ရာဇဝင်ဆိုတာ ခုခေတ်မှာ ပုံပြင် ဒဏ္ဍာရီဆိုတဲ့ သဘော‥၊ ခေတ်ဟောင်းကာလကို တင်စားပြောဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။

တကယ့် ရာဇဝင်ရေးကိုတော့ ခုခေတ်မှာ (သမိုင်းရေးပဲ) ခေါ်ပြော ရေးသားကြပါတယ်။

ဒါကြောင့် သမိုင်းစာစု၊ သမိုင်းအမြင်၊ သမိုင်းရှုထောင့်၊ သမိုင်း အထောက်အထား ပေတံစံနိုင်းချက်တွေနဲ့ တံခါးမှားခေါက်ပမာ ခုစာစုကို တိုင်းထွာဖတ်မိကြမှာစိုးပါတယ်။ ဒါကြောင့် ဒီလိုမျိုး သဘောထား မဖတ်ကြပါနဲ့ ဆိုတာပါ…။

လူတိုင်းမှာ ဖြတ်သန်းလာခဲ့ကြရတဲ့ ဘဝပေး‥ ဘဝကြွေး‥ ရာဇဝင်ကြွေးလေးတွေ ကိုယ်စီကိုယ်ငှ ရှိကြတယ် မဟုတ်လား။

ဥပမာ ဆင်းရဲတဲ့ဘဝက ဆင်းသက်လာတယ်။ ဒါဟာ ဆင်းရဲတဲ့ ရာဇဝင်ကြွေးနဲ့ လာသူပေပဲ…။ ဒါကြောင့် သူ့မှာ ချမ်းသာအောင် လုပ်ရ မယ်။ လုပ်မှဖြစ်မယ်။ ဒီလိုလုပ်နိုင်တာဟာ သူ့ရာဇဝင်ကြွေး သူပေးဆပ် နိုင်လိုက်တာပဲ ဖြစ်တယ်။

ဒီသဘောပါ။ အများနားလည်ပြီးသား စကားကို အများနားလည် စေချင်လို့သာ ဒီခေါင်းစဉ် တပ်လိုက်ရတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း လောကမှာ ဒီလိုပါပဲ…။ ပညာမဲ့သူဟာ ပညာတတ်အောင် လုပ်ပြီး ရာဇဝင်ကြွေးပေးဆပ်နိုင်ရမယ်။ ဥစ္စာမဲ့သူဟာ ဥစ္စာရှိအောင် လုပ်ဆောင်နိုင်တာဟာ ရာဇဝင်ကြွေး ပေးဆပ်နိုင်တာပဲ။ ရာထူးမရှိသူဟာ ရာထူးရရှိအောင် ကြိုးစားကြံဆောင်တာဟာ ရာဇဝင်ကြွေး ပေးဆပ်တာပဲ။

အဖိနှိပ်ခံရသူမှာလည်း အဖိအနှိပ်မခံရဖို့ရာ တွန်းလှန်ရပ်တည်နိုင်ရတာဟာ ရာဇဝင်ကြွေး ပေးဆပ်တာပါပဲ…။

ဒါကြောင့် ဆင်းရဲသူက ချမ်းသာအောင် လုပ်ဆောင်တာ‥၊ မအောင်မြင်သူက အောင်မြင်အောင် လုပ်ဆောင်တာ‥၊ မသိသူက သိအောင် ကြိုးစားတာ‥၊ မတတ်သူက တတ်အောင် ကြိုးစားတာ‥၊ ကြိုးစားနေတာတွေအတွက် အားပေးတိုက်တွန်းလိုရင်းသာ အဓိက ဖြစ်ပါတယ်။

ဒီခေါင်းစဉ်မျိုးနဲ့စာ တစ်အုပ်ထွက်ဖူးပါတယ်။ 'ရာဇဝင်မှာ မောင့်ကို ထားရစ်ခဲ့' ဆိုတာလေ…။

ပြီးတော့ တစ်ခါ ဗိုလ်ချုပ်အောင်ဆန်းကလဲ **'လူဟာ ရာဇဝင်ကို လေ့လာသူသာမဟုတ် ရာဇဝင်တို့ ဖန်တီးသူလည်း ဖြစ်ရမယ်'** ဆိုတာ သူပြောထားခဲ့တာ ရှိတာပါပဲဗျာ‥။ အများကြီးပါ။ ဒါလောက်ပါပဲခင်ဗျာ…။

အားလုံး ရာဇဝင်ကြွေး ပေးဆပ်အောင်မြင်နိုင်ကြပါစေ ရည်ရွယ်ပါတယ်။ ပြီး‥ ခံစားရတဲ့ ကဗျာလေးတစ်ပုဒ် ရှိပါသေးတယ်။ အားလုံး လင်းလဲ့ထွန်းလင်းပစေဖို့ရာ ဖော်ပြလိုက်ပါတယ်။

**<u>ဖယောင်းတိုင်ငယ်သူ့စိတ်နေ</u>**

❖ အမှောင်ပယ်ခွင်း‥
အလင်းဝေစေ‥ သူ့စိတ်နေ…။

❖ သူ့အလင်းမှ တစ်ဖန်ပွားယူ‥
မည်သူကူးကူး‥ ရှုန်းလက်မြူးစွာ‥
သူကြည်သာလျက် တောက်ပလျက်…။

www.burmeseclassic.com

www.burmeseclassic.com



❖ အများအကျိုး·· သည်ဆောင်ပိုးလျက်··
သူ့တွက်ဘဝ ကြွေကျပျက်ပြုန်း··
ခရီးဆုံးလည်း·· နှလုံးစိတ်ဝမ်း··
ညှိုးနွမ်းမရှိ·· ဝကတိပင်····
ဖြူဖြူစင်လျက်·· သန့်စင်လျက်···။

❖ အမှောင်ပယ်ခွင်း·· အလင်းပေးရန်··
ဖန်တီးလုပ်ဆောင်·· မားမတ်ထောင်စွ··
ဖယောင်းတိုင်ငယ် ဣန္ဒြေ··
ခန့်ထယ်ပါပေ့·· တင့်ပါပေ့···။

************

# ၂၃။ ရဲရင့်မှလူ ဇွဲရှိမှလူ

ဒီဆောင်းပါးအတွက် မိမိဟာ တခြားစာစုတွေမှာ ရေးနေကြအတိုင်း အညွှန်းနဲ့ အထူးစာကိုးတွေ သိပ်မရေးလိုတော့ပါ။ အထူးရေးစရာလည်း မရှိပါဘူး ဆိုတာပါ···။

ဒါပေမဲ့ ဆောင်းပါးတစ်ပုဒ်မှာ နိဒါန်းအာဘော် မှတ်ချက် တစ်ခုခုပါမှ ဆောင်းပါးအင်္ဂါနဲ့ ညီတယ်လို့ အများက ဆိုကြသလိုဒါမျိုးပဲ။ မိမိလည်း ခံယူထားတာမို့ ဒါကို ဒီဆောင်းပါးအင်္ဂါရပ်နဲ့လည်းညီ မိမိလည်း ကြိုက်နှစ်သက်ပြီး ဆောင်းပါးဦးတည်ချက်နဲ့ပါ ကိုက်ညီတဲ့ စာစုအချို့တွေကိုပဲ ဖော်ထုတ်တင်ဆက်လိုက်ရပါရစေခင်ဗျား။

ဒါကို အားလုံး နှစ်သက်လက်ခံကြလိမ့်မယ်လည်း ယုံကြည်ပါတယ်။

(၁) ဆင်းရဲဒုက္ခဟာ တိုးတက်ကြီးပွားလိုသူတို့အတွက်မှာ မှတ်ကျောက်သဖွယ်သာ ဖြစ်တယ်။ အဲဒီဒုက္ခရဲ့ မှတ်ကျောက်ဟာ တိုးတက်ကြီးပွားလာသူရဲ့ အရည်အချင်းနဲ့ ခံနိုင်ရည်ရှိမရှိကို စမ်းသပ်စစ်ဆေးတဲ့ ကျောက်မျှသာပဲ ဖြစ်တယ်။

*(သောကြာစာစောင် ၁၆-၄-၈၄ ထုတ်)မှ*

www.burmeseclassic.com

www.burmeseclassic.com



(၂) ဘယ်တုန်းအခါကမှ ရှုံးနိမ့်မှုမရှိဘူးဆိုတာနဲ့ ငါတို့ရဲ့ ကောင်းသတင်းကို အကြီးမားဆုံးအခြေကို ဆိုက်ရောက်လာစေတာမျိုး မဟုတ်ပါဘူး။ ရှုံးနိမ့်တိုင်း ရှုံးနိမ့်ရာက ပြန်လည်ထူထောင်နိုင်လာအောင် စွမ်းဆောင်နိုင်တာကသာ အဲဒီအခြေအနေကို ဆိုက်ရောက်လာစေခဲ့ပါတယ်။

*(ဂိုးလ်စမစ်)*

(၃) မိမိရဲ့ တိုးတက်မှုအရေးမှာ မပြတ်သားတာနဲ့ မတည်ငြိမ်တာတို့ဟာ အကြီးမားဆုံး အဟန့်အတားတွေ ဖြစ်တယ်။ ဆုံးဖြတ်ရာမှာ ပြတ်သားတာနဲ့ စိတ်အပြောင်းအလဲမဖြစ်ဘဲ တည်ငြိမ်တာတို့ဟာ တောင်တွေတောင် ရွှေ့ပြောင်းနိုင်တဲ့ ရောမအင်အားကို ထွက်ပေါ်စေတာပဲလို့ အလေးအနက် ပြောနိုင်ပါတယ်။

*(အယ်လ်ဒီအယ်လ်ဒေါ်)*

(၄) မရှုံးအောင် ဆောင်ရွက်ဖို့ရာအတွက် အသေချာဆုံး နည်းလမ်းမှာ အောင်ရမယ်လို့ စိတ်ကို ဆုံးဖြတ်ထားချက်ပဲဖြစ်တယ်။

*(ရှုဝ်ရီဒွန်)*

(၅) ဘဝမှာ တွေ့ကြုံရသမျှရဲ့ အခက်အခဲပြဿနာတွေကို ခုခံ တိုက်ခိုက်စမ်းပါ။

*(မဲန်ဂန်နီ)*

(၆) သင့်ကိုယ်သင် ထိန်းချုပ်ပါ။ သိပါ။ ချစ်ကြောက်ရိုသေပါ။ ဒါမှ သင်လိုရာကို ရောက်ရှိမယ်။

*(ကဲန်ဆန်)*

(၇) အခက်အခဲအဟန့်အတား ပြဿနာဟာ အသေးကလေးပါ။ ငါဖြေရှင်းရင်ဆိုင်နိုင်တယ်။ ကြိုးစားသူအတွက် ဖြစ်နိုင်တဲ့အရာဆိုတာ မရှိဘူး။

*(အပေါင်းလက္ခဏာအတွေးအခေါ်မှ)*

(၈) မစွမ်းဆောင်နိုင်ဘူးဆိုတဲ့ စကားအစား စွမ်းဆောင်နိုင်တယ်ဆိုတဲ့ စကားကို အစားထိုး ပြောဆိုပါ။ သင်အောင်မြင်လာပါလိမ့်မယ်။

*(မာဒင်)*

www.burmeseclassic.com

www.burmeseclassic.com



(၉) သင်ဟာ ယောက်ျားပဲ ဖြစ်ပါစေ၊ မိန်းမပဲ ဖြစ်ပါစေ၊ သတ္တိမရှိဘဲနဲ့တော့ ဒီလောကမှာ ဘာကိုမှ လုပ်ဆောင်အောင်မြင်နိုင်မှာ မဟုတ်ဘူး။ စိတ်ရဲ့ အရည်အသွေးထဲမှာ သတ္တိဟာ လူရဲ့ ဂုဏ်သိက္ခာအရာကို ဒုတိယလိုက်တဲ့ အရည်အသွေးပဲ ဖြစ်တယ်။

*(ဂျိမ်းအယ်ဆင်)*

(၁၀) လူမှန်က အသိဉာဏ်ရှိရတယ်။ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်ရတယ်။ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်ပြီး လူဖြစ်နေရုံမျှနဲ့ လူလို့မခေါ်နိုင်ဘူး။ လူ့ရဲ့ စိတ်ဓာတ် လူ့အသိဉာဏ်ကိုရမှ လူလို့ ခေါ်နိုင်တယ်။

*(ဓာနည်သွေး)*

(၁၁) ကြောက်စိတ်ကင်းခြင်းဆိုတဲ့ သူ့ရဲ့အရည်အချင်း အမြဲ့သား ပြတင်းတွေကို ဖွင့်ပေးပါ။ သစ်ရွက်တွေဝေတဲ့ကြားက အသံတွေ ဝင်ခဲ့ပါစေ ဆို… အမေ…။

*ယတိစိတ္တရှင်ကို (သူ့မွေးနေ့ကဗျာ)မှ*

(၁၂) အောင်မြင်ရေးဆေး ဖော်စပ်နည်းကား‥
လေ့လာပါ‥ တွေးတောပါ‥ လုပ်ကိုင်ပါ‥ ဆိုတာပဲ ဖြစ်တယ်။

*(ဘီစီဖို)*

(၁၃) ဘဝမှာ သင်လုပ်စရာ အလုပ်မှာ‥ ရှေ့ကိုသွားဖို့ပဲ ဖြစ်ပါတယ်။

*(ဒေါက်တာဆင်မြူရယ်ဂျွန်ဆင်)*

(၁၄) လူ့လောကမှာ လူဟာ အပြစ်တင်ခံရတာ စွန့်စားရတာနဲ့ မကင်းနိုင်ကြပါဘူး။ လုပ်သမျှရဲ့ ကြီးမားတိုးတက်ရေးတွေထဲမှာ စွန့်စားတာ အပြစ်တင်တာတွေ ရှိခဲ့ကြပါတယ်။ အဲဒီစွန့်စားတာကို သင်စိုးရိမ်နေ ခဲ့ရင်တော့ ကြီးပွားတိုးတက်ဖို့ရာ သင့်မှာ ဘာလမ်းစကို ရနိုင်ပါတော့မှာလဲ။

*(ဆယ်သန်း)*

(၁၅) လူနင်းပြီး အသေခံရတာ သိပ်ရှက်ဖို့ကောင်းတယ်။ ဓာတ်မာန်မရှိတဲ့ လူမျိုးသာ လူနင်းပြီး အသေခံတယ်။ ဓာတ်မာန်ရှိတဲ့ အမျိုးသွေးဟာ အားမတန် မာန်လျှော့ရပေမယ့် စစ်မြေပြင်ထွက်ပြီးတော့ အသေခံတယ်‥။

*(ဆယ်သန်း)*

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေပါ။ နောက်‥ မိမိခံစားရေးထုတ်ထားတဲ့ ကဗျာတစ်ပုဒ်ကို လည်းပဲ အမှတ်ထင်ထင် ဖော်ပြလိုက်ချင်လှပါတယ်။ ခံစားကြည့်ကြဖို့ရာပါ။ ခံစားရသူတွေဘက်က ခံစားပြချက်သာပဲ ဖြစ်ပါတယ် ဆိုတာပါ…။

**ကတ္တရာလမ်းမဖွင့်ဟာသံ**

❖ ဟော့‥ ကားတွေ‥
နင်းလေ တက်နင်း‥
ညှင်းဆဲသမှု လုယက်မောင်းကြ‥
ကြိတ်နင်းကြပြား‥ ငါ့စိတ်ထားက‥
တစ်ပြားသားမှ မာန်မကျဟော့…။

❖ ငါ့ကိုကျိတ်သတ်‥
ဖြတ်စမ်းမောင်းစမ်း‥ နင်းနယ်စမ်းပါ‥
ငါဟော့ ငါငါ‥ ကတ္တရာလမ်း‥
ငါ့စွမ်းငါစ‥ ငါ့မာနကား‥
လျှော့ကျ ပျက်ပြုံး‥
အို…လုံးဝ လုံးဝ မကျဆင်းဟော့‥
အိုဘယ့် တကယ့်‥
ရည်လှဲ့တောက်ပြောင်‥
အရောင်လင်းလက်‥ ဖိနှိပ်တက်လေ‥
တောက်ပြောင်လေပဲ‥ ခိုင်မာဆဲမို့‥
အမြဲနင်းနှိပ်‥
ကြိတ်မောင်းနေပါ‥ ကားများစွာ‥
ကတ္တရာလမ်း
ဖြောင့်တန်းကြိုက ညအသင့်ပါ‥
လာလေလာကွယ့်‥ နင်းကြဟော့နော်‥
ငါ့ကိုယ်ပေါ်မှာ‥
ငါ့အပေါ်မှာ ရယ်ပေါ့(နော့)လို့…။ ။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၂၄။ မပြားတဲ့ဖားကောင် ခပ်ထောင်ထောင်ဘဲ ဘာဖြစ်လဲ

ဝံ့စားတဲ့ဖားကောင်ငယ်

❖ နှိမ့်ချစော်ကား..
(ပြားတဲ့)ဖား ဖား, ဖားတဲ့..
နာမ်နှိမ်မှည့်လည်း.. တကတည်းပ..
ခြသေ့်အသွင်.. ဟန်ပြင်ထိုင်လျက်..
ရှင်ကော့လျက်လေ.. ခန့်ခန့်ထယ်...။

❖ ကျရာအခြေ ဘဝမွေချာ..
ရေမှာကျလည်း.. ကြံ့ခိုင်ခွဲထား..
တလွှားလွှားနဲ့ လှုပ်ရှားဟန်ပန်..
ညှဲမခံဘူး.. ထူးခြားတယ်...။

❖ ကုန်းမှာနေလည်း.. အနေဝပ်တွား..
ပြားထပ်နှိမ့်ပါး.. ဖားကမနေ..
လှုပ်နေရှားနေ.. ခုန်နေပျံနေ..
အော်မြည် လှုပ်ရှား တလွှားလွှားကောင်..
ခပ်ထောင်ထောင်ဘဲ တကတည်းနော်...။

❖ အသံကြောင့် ဖားသေ.. ဆိုပစေနော်..
အော်ချင် သူအော် လိုက်တာဘဲ...။

❖ ဆူကိုအပိုင်.. နိုင်မြဲတစေ..
မြွေကိုက်ခဲစေ.. မျိုဝါးနေ့စဉ်..
ငြိမ်မနေဘူး.. စူးစူးဝါးဝါး..
ထူးထူးခြားလေ.. သူအော်မယ်..

www.burmeseclassic.com

www.burmeseclassic.com



သူအော်တယ်ပဲ‥ စူးစူးရဲရဲ သံကုန်ဟဲ‥
ရှက်လည်း သူမရှက် ကြောက်လည်း သူမကြောက်‥
ဒူးလဲသူ မထောက်ဘူး‥ တမူထူးနေ လုပ်ဆောင်တယ်‥။

❖ ကျောင်းမှာဝပ်လည်း‥ ရှိသွတ်ခေါင်းလျှိုး‥
မြေတိုးဝပ်တွား‥ ပြားလို့မနေ ခေါင်းမော့နေ‥‥။

❖ တုံးအောက်ရောက်လည်း တုံးအောက်ကဖားဆိုစကားသို့‥
ဝပ်တွားအနေ မဟုတ်ပေဘူး‥
တစ်မူထူးစွာ‥ ဟန်မူရာနဲ့‥
ကိုယ်မှာသေသပ်‥ အနေတတ်စွာ‥
ခန္ဓာအနေ အခြေတင့်စွာ‥ ကာကွယ်ကာနဲ့‥
သူ့မှာနေတတ်‥ ရပ်တည်တတ်ပုံ‥
စနစ်စုံနဲ့‥ အခြေဖွဲ့ထား‥
ကိုရွှေဖား‥
အားကျငါရယ်ဂုဏ် ဂုဏ်ပြုတယ်လေ‥‥ ဂုဏ်ပြုတယ်‥။။
ဟုတ်တယ်‥‥။

ဥပမာ ဖားဆိုတဲ့သတ္တဝါတွေကို ကြည့်ပါ။

မြေကမ္ဘာမှာပါ။ သူတို့များ ဖားမျိုးစုံတွေဟာ သွားလာကျက်စားသွားလာ နေတတ်ကြပါတယ်။ နေရာတကာမှာ ရှိကြပါတယ်။ ရေမှာမြေမှာ တောမှာ တောင်မှာ သစ်ပင်ပေါ်မှာ ကျင်းထဲမှာ တုံးအောက်မှာဘဲ ဆိုပါတော့‥‥။ ဒါပေမဲ့ သူတို့တွေဟာ ဘယ်မှာဘဲနေနေ ခေါင်းငုံ့အောက်စိုက်ပြီး နေတာမျိုးကို မတွေ့ရပါဘူး။

သူတို့ဟာ ခေါင်းကိုမော့ ရင်ကိုကော့ပြီး နေတတ်ကြတာ တွေ့ကြရပါတယ်။

အကြောင်းမသိသူ တဒင်္ဂအမြင်မှာတော့ ဖားဟာ ဒုက္ခရောက်နေတယ်ထင်ရပေမယ့်‥၊ တကယ်တော့ သူတို့ဟာ ကျရာဘဝ ကြုံရာအခြေအနေမှာ လောကကိုမှုမထား ခေါင်းထောင်မော်ကြွားကာ အောင်ပန်းပန်ဆင် နေပြနေဝံ့ နေကြတာတွေဘဲ ဖြစ်ကြတယ်မဟုတ်လား‥‥။

www.burmeseclassic.com

www.burmeseclassic.com



အနေအထားက အားကျစရာပဲလေ…။

မိမိ ဖားနဲ့ ပတ်သက်ပြီး ရေးလိုက်မိတဲ့ ကဗျာဟာလဲ ဒီလိုပါပဲ…။ ဖားကို ဂုဏ်တင် ရေးလိုက်မိတာသာဘဲ ဖြစ်ပါတယ်။

တကယ်တော့ ဖားဟာ ကုန်းနေရေနေသတ္တဝါပဲ ဖြစ်တယ်။ ကုန်းမှာရော ရေမှာရော ကျင်လည်ရှင်သန်နိုင်တယ်။ မစားမသောက်ဘဲလဲ နေနိုင်တယ်။

မိမိဖတ်ဖူးတဲ့ စာတွေပေတွေမှာ ဖားနဲ့ ပတ်သက်တဲ့ ချီးကျူးလွှာတွေ ဂုဏ်ပြုလွှာတွေ အများကြီးပါပဲ…။

ဖား ဥပမာတွေလဲ အများကြီးပဲ…၊ တုံးအောက်ကဖား မော်ကြွားကြွားတို့ ပြားတဲ့ဖားကပြား ဖောင်းတဲ့ဖားကဖောင်းတို့ ဘာတို့ ညာတို့ပဲ ဖြစ်ပါတယ်။

ပြီး‥ စာတစ်အုပ်မှာလဲ ဒီလိုရေးထားတာ တွေ့ရဘူးပါတယ်။ ဖားနဲ့ ပတ်သက်တာလေ…။

## ဖားဟာ‥ ရန်သူလားမိတ်ဆွေလား

ဖားဟာ လူ့ရဲ့အကျိုးကိုဆောင်တဲ့ တိရစ္ဆာန်မျိုးဖြစ်တယ်။ ဖားဟာ လူကို အကူအညီ အလွန်ပေးနိုင်တယ်။ ရေကန်မှာ ဖားလောင်းတွေဟာ ရေညှိရေမှော်တို့ကို စားပစ်တယ်။ ရေကို အမှိုက်သရိုက် ကင်းစင်စေတယ်။ ဖားဟာ ပိုးကောင်မွှားကောင်တွေကို စားပစ်တယ်။ တချို့ပိုးကောင် မွှားကောင်တွေဟာ လူတို့စိုက်ပျိုးထားတဲ့အပင်တွေကို ဖျက်စီးတတ်တယ်။ လူတို့စိုက်ပျိုးထားတဲ့ ခြံတွေမှာ ဖားရှိနေရင် ပိုးအကျ နည်းတတ်တယ်။ ဘောက်ဖတ်ကို ဖားတွေ သိပ်ကြိုက်တယ်။ ဖားဟာ အစားကြီးတဲ့ တိရစ္ဆာန်မျိုး ဖြစ်တာကြောင့် တစ်ကြိမ်တည်းမှာဘဲ ပိုးကောင်မွှားကောင် အများကြီးကို စားပစ်နိုင်တယ်။

တချို့ ခြံရှင်လယ်ပိုင်ရှင်တွေဟာ ခြံထဲလယ်ထဲမှာ ဖားတွေကို မွေးထားတတ်တယ်။ အတ္တလန္တိတ်သမုဒ္ဒရာတွင်းက ကျွန်းကလေးတွေမှာ အသီးအနှံတွေကို ပိုးမွှားတွေ ကိုက်ဖျက်လွန်းတာကြောင့် အဲဒီကျွန်းတွေ ဆီကို ဖားပြုပ်ကို ယူဆောင်သွားပြီး ပိုးမွှားရန်တွေကို နှိမ်နင်းခဲ့ရတယ်တဲ့။

ဖားပြုပ်ရဲ့ အရေပြားဟာ ဆေးဘက်ဝင်တယ်လို့ တချို့အယူရှိကြတယ်။ ဖားပြုပ်ရဲ့ အရေပြားကို သားရေအဖြစ်နဲ့ အသုံးပြုနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်လေးလို သေးငယ်တဲ့ သားရေအိတ်ပစ္စည်းတွေကို ဖားပြုပ်အရေနဲ့ ချုပ်လုပ်နိုင်တယ်။

ဖားအကြီးမျိုးကိုတော့ လူတွေက စားသောက်ကြတယ်။ အဲဒီ ဖားကြီးမျိုးကို စားဖားလို့ခေါ်တယ်။ ဖားရဲ့ကိုယ်တွင်းမှာရှိတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေဟာ လူရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ အထူးပဲ တူလှပါတယ်။

ဒါကြောင့် လူရဲ့ကိုယ်ခန္ဓာအကြောင်းအရာတွေကို စမ်းသပ် လေ့လာရင် ဖားနဲ့ ပထမစမ်းသပ်ကြရတယ်။

သိပ္ပံပညာရှင်တွေဟာ ဖားနဲ့စမ်းသပ်ခဲ့ကြလို့ လူရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေအကြောင်းကို အများကြီးပဲ သိလာခဲ့ကြတယ် မဟုတ်လား။

အဲဒီလို ရေးသားခဲ့တယ်။

မဖားတဲ့ဖား၊ မပြားတဲ့ဖား၊ ဝ့ံစားတဲ့ဖား၊ လေးစားဖွယ်ရာ ဖားတွေရဲ့ အော်သံတွေဟာ မိုးဦးကျတွေမှာ ကြားရသလို၊ ရေရှိရာအရပ်တွေမှာလည်း အခါမလပ် ကြားရတတ်တယ်ပဲ ထင်ပါတယ်။ ကြားတိုင်း အားရှိရပါတယ်။

ပြီး·· သူတို့အော်သံကြားတိုင်း ကဗျာလေးတစ်ပုဒ်ကိုလဲ အမြဲ သတိရမိတယ်။ သဘာဝဖွဲ့ ကဗျာလေးပါပဲ···။

❖ ဝဲကာပျံကာ·· လေတွင်ပါသည်··
လိုပ်ပြာလေလား·· ရွက်ပါလား··
စိမ်းလဲ့ဝင်းတောက် ပင်တိုင်းရောက်သည်··
မြကျောက်လေလား·· ရွက်သစ်လား··
ချိုသာညက်ညော သံစုံနှောသည်··
တယောသံလား·· (ငှက်သံလား)
(အဲ·· ဖားသံတွေကြား)
အားရှိသွား ရှင်··၊ အားမာန်ရှင်ကို··
နားဝင်ချို ပျားအုံ့တပါး ··၊
မပြားတဲ့ဖားကောင် ခပ်ထောင်ထောင်တွေ
မြင်ယောင်နေမြဲ မြင်ယောင်ဆဲမှာ အားမွေးကာနဲ့ ပါလေ··။ ။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# ၂၅။ ဒေါ်အောင်ဆန်းစုကြည်စာစုများ

ကျွန်မဟာ ကျွန်မအဖေရဲ့ အစဉ်အလာအတိုင်း ဒီမိုကရေစီ တိုက်ပွဲကို ဝင်လို့ နွှဲခဲ့ရပါတယ်။ အဲဒီတော့ ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။

*(၂၆-၈-၈၈ ရွှေတိဂုံအနောက်ဘက်)*

မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ရရှိဖို့ဆိုတာ ပြည်မမှာ ဒီမိုကရေစီ မရလို့ မဖြစ်ဘူး။ မြန်မာနိုင်ငံတဝှမ်းလုံးမှာ ဒီမိုကရေစီရမှ ဒီမိုကရေစီနိုင်ငံ တစ်ခု ထူထောင်နိုင်မှာပါ။

*(၁၆-၂-၈၉၊ မိုးဂြိ)*

လူတို့ကို အဂတိလိုက်စား ဖောက်ပြားစေတာဟာ အာဏာမဟုတ်ပါဘူး။ နိုးရိမ်ကြောက်ရွံ့တာပဲ ဖြစ်ပါတယ်။ အာဏာလက်လွှတ်ရမှာကို ကြောက်ရွံ့တာဟာ အာဏာလက်ကိုင်ထားသူတို့ကို ဖောက်ပြန်စေပြီး အာဏာရဲ့ ဒဏ်ချက်ကို ကြောက်ရွံ့တာဟာ အာဏာလက်အောက်ခံတို့ကို ဖောက်ပြားစေပါတယ်။ မြန်မာအများစုဟာ အဂတိတရားလေးပါးနဲ့ အကျွမ်းတဝင် ရှိကြပါတယ်။ အလိုဆန္ဒကြောင့် ဖောက်ပြန်မှု "**ဆန္ဒာဂတိ**" ဆိုတာဟာ တံစိုးလက်ဆောင် လိုချင်လို့၊ ပြီး·· မိမိချစ်ခင်သူတွေ အကျိုးအတွက်ရယ်၊ ပြီး··မှန်ကန်တဲ့ လမ်းကြောင်းက သွေဖီသွားစေတာပဲ ဖြစ်ပါတယ်။ "**ဒေါသာဂတိ**" ဆိုတာဟာ မိမိမုန်းတီးသူတွေကို ရန်ငြိုးလုပ်လိုတာကြောင့် လမ်းမှားကို ရောက်သွားတာပဲ ဖြစ်ပါတယ်။ "**မောဟာဂတိ**" ဆိုတာဟာ မသိနားမလည်မှုကြောင့် ဖောက်ပြန်သွားတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဂတိလေးပါးထဲမှာ အဆိုးဝါးဆုံးမှာ "**ဘယာဂတိ**" ပဲ ဖြစ်ဖွယ်ရာရှိပါတယ်။ အကြောင်းကတော့မှာ ကြောက်ရွံ့မှု (ဘယာ)ဟာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းရည်အားလုံးကို နှစ်မွန်း အောင်ပြုပြီးတော့ တဖြေးဖြေး ပျက်စီးစေတဲ့အပြင် အခြားအဂတိ သုံးပါးရဲ့ မူလအရင်းအမြစ်လဲ ဖြစ်တတ်ပါတယ်။

လောဘသက်သက်ကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ပါက ဆန္ဒာဂတိဟာ ချစ်တဲ့မှာကို ကြောက်ရွံ့တာ၊ မိမိချစ်ခင်သူတွေရဲ့ မေတ္တာ၊ စေတနာ ဆုံးရှုံးမှာကို

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့တာ စတာတို့ကြောင့် ဖြစ်ပေါ်နိုင်သကဲ့သို့ မိမိထက်သာသွားမှာကို ကြောက်ရွံ့တာ၊ အနိမ့်ခံရမှာကို ကြောက်ရွံ့တာ၊ နစ်နာမည်ကို ကြောက်ရွံ့တာ စတာတို့ကလည်း ဒေါသာဂတိကို ဖြစ်စေပါတယ်။

ကြောက်ရွံ့မှု အချုပ်အနှောင်က လွတ်ကင်းစွာ အမှန်တရားကို လွတ်လွတ်လပ်လပ် မရှာနိုင်မချင်း မောဟကို ဖယ်ထုတ်ဖို့ကိုလဲ ခက်ခဲမှာပဲ ဖြစ်ပါတယ်။ ကြောက်ရွံ့မှု ဖောက်ပြန်မှုတို့ဟာ အလွန်ကို နီးစပ် ဆက်သွယ်နေတာကြောင့် နေရာအနှံ့အပြားမှာ ကြောက်ရွံ့နေတဲ့ လူ့အဖွဲ့အစည်းမှာ ဖောက်ပြန်မှုမျိုးစုံတို့က နက်နက်ရှိုင်းရှိုင်း အခြေစိုက်လာပါတော့တယ်။

၁၉၈၈ ခုနှစ်ရဲ့ ကျောင်းသားဆန္ဒပြပွဲတွေမှာ စတင်ခဲ့တဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ အဓိကအကြောင်းရင်းဟာ စီးပွားရေးအခက်အခဲ အကြပ်အတည်းတွေအပေါ် ပြည်သူလူထုက မကျေနပ်ချက်ပဲ ဖြစ်တယ်လို့ အများက ယူဆကြပါတယ်။ စပ်ဟပ်လို့ မရတဲ့လမ်းစဉ်တွေ မဆီလျော်တဲ့ အရေးယူဆောင်ရွက်မှုတွေ တစ်နေ့တစ်ခြား တိုးပွားနေတဲ့ ငွေကြေးဖောင်းပွမှု၊ ဝင်ငွေနဲ့ ဝယ်အားကျဆင်းမှု စတာတို့ကို နှစ်ပေါင်းတာရှည် ဖြစ်ပွားခဲ့တာကြောင့် တစ်ပြည်လုံး စီးပွားရေးကစဉ့်ကလျား ဖြစ်နေတာဟာ မှန်ခဲ့ပါတယ်။ ဒါပေမဲ့ ရိုးရာဓလေ့အရ သဘောကောင်းပြီး ဆိတ်ဆိတ်ငြိမ်ငြိမ်နေတတ်တဲ့ ပြည်သူတို့ရဲ့ သည်းခံနိုင်မှုတရား ပျက်ပြားသွားရတာဟာ လက်ခံနိုင်လောက်တဲ့ လူနေမှု အဆင့်အတန်းကို ရရှိနိုင်ရန်ကိုပဲ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားရလို့သာမဟုတ်၊ ကြောက်ရွံ့မှု၊ ဖောက်ပြန်မှုတို့ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတဲ့ ဘဝရဲ့ ရှက်ဖွယ်ရာ အနေအထားကြောင့်လဲ ဖြစ်ပါတယ်။ ကျောင်းသားတွေဟာ သူတို့ရဲ့ အပေါင်းအဖော်တွေ သေဆုံးရတာကိုသာ ကန့်ကွက်ဆန္ဒပြနေတာ မဟုတ်ဘဲ ပစ္စုပ္ပန်ဘဝကို အဓိပ္ပါယ်ကင်းမဲ့စေပြီး အနာဂတ်အတွက်လဲ မျှော်လင့်ချက် မပေးနိုင်တဲ့စနစ်က သူတို့ရဲ့ အသက်ရှင်သန်ပိုင်ခွင့်ကိုလဲ ငြင်းဆန်နေတာကို ကန့်ကွက်နေကြတာပဲ ဖြစ်ပါတယ်။ ပြီးတော့ ကျောင်းသားတို့ရဲ့ ကန့်ကွက်တောင်းဆိုမှုတွေဟာ ပြည်သူလူထုရဲ့ မချင့်မရဲ မခံချင်စိတ်တွေကို ပီပီသသ ထုတ်ဖော်ပြောဆိုနေသကဲ့သို့ ဖြစ်လေရာ ဆန္ဒပြပွဲတွေဟာ နိုင်ငံအဝှမ်း လျှင်လျှင်မြန်မြန် ပြန့်နှံ့သွားခဲ့ပါတယ်။ ဒီလှုပ်ရှားမှုကို စိတ်အထက်သန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကူညီထောက်ခံကြသူတွေထဲမှာ စီးပွားရေးလုပ်ငန်းရှင် တချို့လဲပါဝင်ပါတယ်။ ၄င်းတို့ဟာ ဖောက်ပြန်တဲ့စနစ်အတွင်း ရှင်သန်ရပ်တည်နိုင်ရေး **အတွက်သာ** မက ကြီးပွားချမ်းသာရေးအတွက် လိုအပ်တဲ့ ကျွမ်းကျင်**မှုနဲ့ အဆက်အသွယ်** တွေပါ ရရှိထားကြသူတွေပဲ ဖြစ်ကြပါတယ်။ ဒါပေမဲ့လဲ **သူတို့ရဲ့** ကြွယ်ဝ ချမ်းသာမှုက သူတို့ကို စစ်မှန်တဲ့လုံခြုံမှုကိုလဲ မပေးနိုင်၊ **ကျေနပ်မှုကိုလဲမပေး** နိုင်ခဲ့ပါဘူး။ တိုင်းသူပြည်သားအားလုံး ဆင်းရဲချမ်းသာမရွေး **ထိုက်ထိုက်တန်** တန် အသက်ရှင်သန်လိုတယ်ဆိုပါက တာဝန်ရှိတဲ့ အုပ်ချုပ်ရေး**စနစ်တစ်ရပ်တို့ဟာ** အနည်းဆုံး လိုအပ်ချက်ဖြစ်လို့နေတယ်လို့ ၄င်းတို့က မသိဘဲမ**နေနိုင်** ဖြစ်လာရ ပါတယ်။ အာဏာရှင်တို့ လက်ခုပ်ထဲမှရေကဲ့သို့ မလှုပ်နိုင်မ**ရှားနိုင် စိုးရိမ်** ကြောက်ရွံ့နေရတဲ့ မလုံခြုံတဲ့ဘဝကို မြန်မာပြည်သူ ပြည်သား**တို့ဟာ ငြီးငွေ့** လာခဲ့ကြပါတယ်။

❖ လက်ခုပ်ထဲက··
ရေဘဝမို့··
ငါတို့ အေးမြရသော်လည်း··
လက်ခုပ်ထဲက
ဖန်ကွဲစတွေ··
ငါတို့ ဖြစ်လိုက်ချင်ပါဘိ ···။

***(မောင်သာယာရဲ့ "တော်လှန်ရေးဆိုတာ" ကဗျာမှ)***

အသေးငယ်ဆုံးရဲ့ ဖန်စကလေးတွေဟာလဲ သူတို့ရဲ့ **စူးရှချွန်ထက်** ပြောင်လက်တဲ့ စွမ်းအင်နဲ့ သူတို့ကိုချေမှုန်းမဲ့ လက်တွေရဲ့အန္တရာယ်က **သူတို့ကိုယ်** သူတို့ ကာကွယ်နိုင်စွမ်း ရှိတာဟာ ဖိနှိပ်ချုပ်ချယ်မှုအောက်က လွတ်မြောက်**ရဖို့ရာ** ကြိုးစားနေသူတွေရဲ့ အရင်းအနှစ်ဖြစ်တဲ့ သူရသတ္တိရဲ့ ထင်ရှားတဲ့ သင်္ကေတတွေ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ မိမိကိုယ်မိမိ တော်လှန်ရေးသမားလို့ **ယူဆပြီး** မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို အဖြေရှာရာမှာ မနေမနား **ကြိုးစား** ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းက "သတ္တိ၊ ဇွဲတွေရှိသူများကိုသာ အားမကိုး**၍** လူတိုင်းလူတိုင်းပင် မိမိတို့ကိုယ်တိုင် သတ္တိ၊ ဇွဲတွေရှိသော သူရဲကောင်းများ ဖြစ်အောင် စွန့်စားရပေလိမ့်မည်။ သို့မှသာလျှင် ကျွန်တော်တို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးအစစ်ကို ခံစားခွင့်ရကြပေလိမ့်မည်' လို့ ပြောဆိုခဲ့ပါတယ်။

*(ရွှေတိဂုံအလယ်ပစ္စယံ ညီလာခံမိန့်ခွန်း ၂၀-၁-၄၆)မှ*

နေ့စဉ် ဘဝရပ်တည်ရေးအတွက် ကြောက်ရွံ့နေကြရတဲ့ ပတ်ဝန်းကျင် အခြေအနေမှာ မဖောက်ပြန်ရလေအောင် ဘယ်လောက်ထိကြိုးစား အားထုတ်ရတာကို တရားဥပဒေအရ အုပ်ချုပ်တဲ့ နိုင်ငံတွေမှာ ကံအားလျော်စွာ နေထိုင်နေရသူတွေအဖို့ အလွယ်တကူ သိမြင်နိုင်မှာတော့ မဟုတ်ပါဘူး။ တရားမျှတတဲ့ ဥပဒေဆိုတာဟာ အပြစ်ကျူးလွန်သူတွေကို မျက်နှာမလိုက်ဘဲ အပြစ်ဒဏ်ခတ်ပြီး ဖောက်ပြန်တာကို တားဆီးကာကွယ်တာသာ မဟုတ်ပါဘူး။ ဖောက်ပြန်တဲ့ အလေ့အကျင့်တွေကို အားမကိုးဘဲ လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းထားရန် အတွက် အခြေခံလိုအပ်ချက်တွေကို ပြည်သူတို့က ဖြည့်ဆည်း နိုင်စေရမယ်။ လူ့အဖွဲ့အစည်းကို တည်ထောင်ရာမှာ တရားမျှတတဲ့ ဥပဒေတွေက အထောက်အကူပြုနေတာပဲ ဖြစ်ပါတယ်။ ဒီလို တရားမျှတတဲ့ ဥပဒေတွေမရှိတဲ့ နေရာဒေသတွေမှာတော့ တရားမျှတမှုနဲ့ ဟိရိဩတ္တပ္ပတရားတွေနဲ့ ကိုက်ညီတဲ့ ကျင့်စဉ်တို့ကို ခုခံကာကွယ်ဖို့ရာ တာဝန်ရှိတယ်တဲ့။ သာမန်ပြည်သူတို့အပေါ်မှာ ကျရောက်လာပါတယ်။ ပြည်သူတို့ရဲ့ အဆက်မပြတ် ကြိုးပမ်းမှုနဲ့ တည်တည်ကြည်ကြည် ခံနိုင်ရည်ရှိမှုတွေရဲ့ စုပေါင်းအကျိုးဆက်တွေဟာ ကြောက်ရွံ့တာကြောင့် ဆင်ခြင်တုံတရားနဲ့ အဆိုးအကောင်း သိတတ်တဲ့ စိတ်ဓာတ်တို့ ပျက်ပြားနေရတဲ့ နိုင်ငံမှာ လူသားတို့ရဲ့ ဆိုးသွမ်းတဲ့စရိုက်ကို ထိန်းချုပ်ပြီး သူတို့ရဲ့ တရားမျှတမှုနဲ့ ညီညွတ်မှုလိုလားတဲ့ စိတ်တွေကို အားပေးနိုင်မယ့် ဥပဒေစည်းမျဉ်းတွေ စိုးမိုးတဲ့ နိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။

အတတ်ပညာ အလွန်အမင်း ထွန်းကားတဲ့ခေတ်မှာ တီထွင်ထားတဲ့ သေစေနိုင်တဲ့ လက်နက်တွေကို အားနည်းသူနဲ့ အကူအညီမဲ့သူတို့ကို လွှမ်းမိုးကြီးစိုးရာမှာ အင်အားကြီးသူ၊ အာဏာရှိသူနဲ့ တရားလက်ကိုင်မရှိသူတို့က အသုံးပြုနိုင်ကြပါတယ်။ ဒါကြောင့် တိုင်းနိုင်ငံ အသီးသီးမှာ ပြီး… အပြည်ပြည်ဆိုင်ရာ အဆင့်တွေမှာ နိုင်ငံရေးနဲ့ ကိုယ်ကျင့်တရားကို ပိုမိုနီးနီးကပ်ကပ် ဆက်စပ်ထားဖို့ရာ အထူးပဲ လိုအပ်နေပါတယ်။ ဘာသာအယူ ဝါဒမရွေး၊ လူမျိုးမရွေး၊ နိုင်ငံမရွေး၊ လူသားအားလုံး ရပိုင်ခွင့်ရှိတဲ့ အခြေခံလွတ်လပ်မှုတွေနဲ့ အခွင့်အရေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



မြှင့်တင်ဖို့ရာ လူတိုင်း၊ အဖွဲ့အစည်းတိုင်း ကြိုးပမ်းအားထုတ်သင့်တယ်လို့ ကုလသမဂ္ဂ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းက ထုတ်ပြန်ကြေညာထားခဲ့ပါတယ်။ ဒါပေမဲ့ လတ်တလော အကျိုးအမြတ်ကို ရေရှည်သာယာဝပြောရေးနဲ့ ငြိမ်းချမ်းရေးတို့ဟာ ပိုပြီး ဦးစားပေးတဲ့ ကိုယ်ကျိုးရှာအုပ်စုတွေကို အခြေပြုပြီး ပြည်သူလူထုက ပေးထားတဲ့ လုပ်ပိုင်ခွင့်အပေါ်မှာ အခြေမခံဘဲ အတင်းအဓမ္မ လုပ်မှုအပေါ်မှာ တည်ဆောက်ထားတဲ့ အစိုးရတွေ ရှိနေသမျှကာလပတ်လုံး လူ့အခွင့်အရေးတွေကို ကာကွယ်၊ မြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာက စုပေါင်းအရေးယူဆောင်ရွက်မှုဆိုတာ တစ်ပိုင်းတစ်စသာ အကောင်အထည်ဖော်နိုင်တဲ့ ရည်မှန်းချက်အဆင့်မှာ တည်ရှိနေမှာသာပဲ ဖြစ်ပါတယ်။ လူ့မိသားစုဝင်အဖြစ် ရရှိထားတဲ့ မိမိနဲ့ ခွဲခွာလို့မရတဲ့ အခွင့်အရေးတွေကို ကာကွယ်ရာမှာ ဖိနှိပ်ချုပ်ချယ်တာ ခံနေကြရသူတွေက မိမိတို့ကို မိမိတို့ အားကိုးပြီး ရုန်းကန်ကြိုးပမ်းနေရတဲ့ နေရာဒေသတွေမှာတော့ ဆက်လက်တည်ရှိနေမှာပဲ ဖြစ်ပါတယ်။

အစစ်မှန်ဆုံးရဲ့ တော်လှန်ရေးဆိုတာဟာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ပုံဖော်တဲ့ စိတ်သဘောထားတွေနဲ့ တန်ဖိုးထားမှုတွေကို ပြောင်းလဲဖို့ရာ လိုအပ်နေပြီဆိုတဲ့အသိက ပေါက်ဖွားလာတဲ့ စိတ်ဓာတ်ဆော်လှန်ရေးပဲ ဖြစ်ပါတယ်။ ရုပ်ပိုင်းအခြေအနေတွေ တိုးတက်ကောင်းမွန်သာစေဖို့ရာ ရှေးရှုပြီး အစိုးရလမ်းစဉ်တွေနဲ့ ရှိပြီးသား လုပ်ရိုးလုပ်စဉ် ဥပဒေတွေကိုသာပဲ ပြောင်းလဲရန်ရည်ရွယ်တဲ့တော်လှန်ရေးဟာ စစ်မှန်တဲ့ အောင်မြင်မှုကို ရယူနိုင်မှာ မဟုတ်ပါဘူး။ စိတ်ဓာတ်တော်လှန်ရေး မဆင်နွှဲပါက စနစ်ဟောင်းမှာ ခမျှတမှုတွေကို ဖြစ်ပေါ်စေတဲ့ အင်အားစုတွေ ဆက်လက်လှုပ်ရှားနေမှာပဲ ဖြစ်ပါတယ်။ ပြုပြင်ရေးနဲ့ ကိုယ်ကျင့်တရား ပြန်လည်ရှင်သန်ရေး ဖြစ်စဉ်ကို အမြဲတမ်း အန္တရာယ်ပေးနေမှာပဲ ဖြစ်ပါတယ်။ လွတ်လပ်မှု ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးတွေကို တောင်းဆိုနေရုံနဲ့ မလုံလောက်ပါဘူး။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိတွေတို့ကို တွန်းလှန်ဖို့ရာအတွက် အာဝရ တည်ရှိတဲ့ အမှန်တရားအတွက် အနစ်နာခံရန်နဲ့ ခိုင်မြဲတဲ့ ဖွဲ့လုံ့လနဲ့ တိုက်ပွဲဝင်ရန်တို့ကို အားလုံးက တညီတညွတ်နဲ့ ပြတ်ပြတ်သားသား သံနိဋ္ဌာန်ချကြရမှာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်၊ သူတော်ကောင်းဆိုတာမှာ အပြစ်ကျူးလွန်မှုတွေ ရှိခဲ့ပေမဲ့ မကောင်းမှု အကုသိုလ်ကို ရှောင်ကျဉ်ဖို့ ကြိုးပမ်းရာမှာ ဖွဲ၊ လုံ့လ မလျှော့သူတွေသာ ဖြစ်တယ်လို့ အဆိုရှိပါတယ်။ အဲဒီလိုပဲ လွတ်လပ်သူ ဆိုတာဟာလဲ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းကို ထိန်းသိမ်းထားမယ့် စည်းကမ်းတွေကို ကာကွယ်စောင့်ရှောက်ထားနိုင်တဲ့ တာဝန်ဝတ္တရားတွေကို မိမိနဲ့ လျော်ကန်သင့်မြတ်ရေးအတွက် မလျှော့တမ်း ကြိုးပမ်းအားထုတ်နေကြတဲ့ အဖိနှိပ်ခံတွေပဲ ဖြစ်ကြပါတယ်။ ပြည့်ဝပြီး ကျဉ်းကြပ်မှုမရှိတဲ့ ဘဝကို ရရှိရေးအတွက် လူသားတို့မျှော်လင့်တောင့်တကြတဲ့ အခြေခံလွတ်လပ်မှုမှာ ကြောက်ရွံ့တာက ကင်းလွတ်ရေးဟာ နည်းလမ်းအဖြစ်နဲ့ရယ်။ ပြီး‥ နောက်ဆုံး ပန်းတိုင်အဖြစ်က ထင်ရှားပေါ်လွင်လို့နေပါတယ်။ အစိုးရရဲ့ ခြိမ်းခြောက်မှုက လွတ်ကင်းစေဖို့ရာအတွက် အာမခံပေးနိုင်မဲ့ ဒီမိုကရေစီအဖွဲ့အစည်းတွေ ခိုင်ခိုင်မာမာ အခြေစိုက်ထားတဲ့ တိုင်းနိုင်ငံကို တည်ထောင်လိုသူတွေဟာ သူတို့ရဲ့ ကြောက်ရွံ့စိတ်၊ လျစ်လျူရှုစိတ်တွေက လွတ်မြောက်အောင် ပထမဆုံး ကြိုးစားကြရမှာလဲ ဖြစ်ပါတယ်။

အပြောနဲ့အညီ အစဉ်ပြုလုပ်လေ့ရှိတဲ့ အောင်ဆန်းဟာ သတ္တိကို အမြဲတမ်း လက်တွေ့ပြသခဲ့ပါတယ်။ ကာယသတ္တိကိုသာမဟုတ်ဘဲ အမှန်တရားကို ပြောဆိုရဲတယ်၊ ပြောတဲ့စကားအတိုင်း ရပ်တည်တာ၊ ဝေဖန်မှုကို လက်ခံတာ၊ မိမိရဲ့ ချွတ်ယွင်းချက်ကို ဝန်ခံတာ၊ မိမိရဲ့ အမှားကို ပြင်နိုင်တာ၊ အတိုက်အခံကို ရှိသေလေးစားတာ၊ ရန်သူနဲ့ ဆွေးနွေးတာ၊ မိမိဟာ ခေါင်းဆောင်တစ်ဦးဖြစ်သင့် မဖြစ်သင့်ကို ပြည်သူကို ဆုံးဖြတ်ပိုင်ခွင့်ပေးတာ စတဲ့ စွမ်းရည်သတ္တိတွေကို လက်တွေ့ပြသခဲ့ပါတယ်။ အဲဒီလို ကိုယ်ကျင့် တရားဆိုင်ရာ သတ္တိတွေကြောင့် အောင်ဆန်းကို မြန်မာတစ်ပြည်လုံးက အမြဲတမ်း ကြည်ညိုလေးစား ချစ်ခင်နေမှာပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ သူရဲကောင်း စစ်သည်တော်အဖြစ်နဲ့သာမကဘဲ တိုင်းပြည်ရဲ့ စိတ်ဓာတ်ကို တက်ကြွသန့်စင်စေတဲ့ စံနမူနာထားအပ်သူအဖြစ် ချစ်ခင်မြတ်နိုးနေကြတာပဲ ဖြစ်ပါတယ်။ မဟတ္တမဂန္ဓီနဲ့ ပတ်သက်ပြီး ဂျဝါဟာလာနေရူး သုံးသွားတဲ့စကားတွေကို အောင်ဆန်းအကြောင်း ပြောရာမှာလဲ သုံးနိုင်ပါတယ်။ ‘ငင်းရဲ့ ဆုံးမသြဝါဒတွေရဲ့ အနှစ်သာရဟာ ကြောက်ရွံ့မှုကင်းမဲ့တာနဲ့ အမှန်တရားမြတ်နိုးတာပဲ ဖြစ်ပါတယ်။ ဒီစိတ်ဓာတ်တွေနဲ့ လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပြီး လူထုရဲ့ သဘာဝပြောရေးကို အမြဲတမ်း ဦးတည်တာပဲ ဖြစ်ပါတယ်"

အကြမ်းမဖက်ရေးလမ်းစဉ်ကို ရှေ့ဆောင်ဖြန့်ချိသူ ခေါင်းဆောင်ကြီးဖြစ်တဲ့ ဂန္ဒီနဲ့ အမျိုးသားစစ်တပ်ကို တည်ထောင်ခဲ့တဲ့ အောင်ဆန်းတို့ဟာ ပင်ကိုယ်သဘာဝအရ ကွာခြားလှပါတယ်။ ဒါပေမဲ့ ကာလဒေသမရွေး အာဏာရှင်စနစ်တွေက ပေါ်ထွက်လာတဲ့ စိန်ခေါ်မှုတွေဟာ ဆင်တူရိုးမှား ရှိသကဲ့သို့ အဲဒီစိန်ခေါ်မှုကို ပြိုင်ဆိုင်အံတုဖို့ရာ ထွက်ပေါ်လာသူတွေရဲ့ အရည်အသွေးတွေဟာလဲပဲ တူညီကြလေ့ ရှိပါတယ်။ ဂန္ဒီရဲ့ အကြီးမားဆုံးသော အောင်မြင်မှုတစ်ရပ်မှာ အိန္ဒိယပြည်သူပြည်သားတွေထဲမှာ သတ္တိစိတ်သွင်းပေးတာပဲ ဖြစ်တယ်လို့ယူဆတဲ့ နေရူးဟာ နိုင်ငံရေးမှာ ခေတ်သစ်အမြင်ရှိသူပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်ဆယ်ရာစု လွတ်လပ်ရေးလှုပ်ရှားမှုရဲ့ လိုအပ်ချက်တွေကို အကဲဖြတ်တဲ့အခါမှာတော့ ရှေးဟောင်းအိန္ဒိယပြည်ရဲ့ ဒဿန အတွေးအခေါ်တွေအထိ ပြန်လည်ရှာဖွေပြီးတော့ ရေးသားတင်ပြထားခဲ့တာကတော့ 'လူတစ်ဦး (ဒါမှမဟုတ်) တိုင်းပြည်တစ်ပြည်အဖို့ အကြီးကျယ် အမြင့်မြတ်ဆုံးရဲ့ပါရမီဟာ အဘယ်ခေါ် ကြောက်ရွံ့မှုမရှိတာဘဲ ဖြစ်ပါတယ်။ ကာယသတ္တိသာမဟုတ် စိတ်ထဲမှာလဲပဲ ကြောက်ရွံ့မှု ကင်းတာပဲ ဖြစ်ပါတယ်"

ကြောက်ရွံ့စိတ်မရှိတာဟာ ပါရမီဖြစ်ဖွယ်ရာ ရှိပေမဲ့ ဒီထက်ပိုပြီး အဖိုးတန်ဖွယ်ရာရှိတဲ့ သတ္တိတွေမှာ ကြိုးပမ်းအားထုတ်ရာက ရရှိလာတဲ့ သတ္တိ၊ ကြောက်စိတ်ကို လိုက်လျောရတဲ့ အဖြစ်ကို မရောက်အောင် ပြုစုပျိုးထောင်လေ့ကျင့်ပြီးမှ ရရှိလာတဲ့ သတ္တိ၊ အကြပ်ကိုင်ဖိနှိပ်နေတဲ့ကြားက တည်ကြည်သိမ်မွေ့စွာ ရပ်တည်နိုင်တာ၊ ကြမ်းတမ်းခက်ထန်စွာ အဆက်မပြတ် ဖိနှိပ်နေတဲ့ကြားထဲမှ ထပ်ခါတလဲ တည်ကြည်သိမ်မွေ့မှုကို ထိန်းသိမ်းမှုနဲ့ ရရှိတဲ့ သတ္တိစတာတို့ပဲ ဖြစ်ပါတယ်။

အခြေခံလူ့အခွင့်အရေးတွေ မရှိဘူးလို့ ငြင်းပယ်ထားတဲ့ စနစ်အောက်မှာ ကြောက်ရွံ့စိတ်သာ နေ့စဉ်နဲ့အမျှ လွှမ်းမိုးနေပါတယ်။ ထောင်ကျမှာကို ကြောက်ရွံ့တာ၊ ညှဉ်းပန်းနှိပ်စက်ခံရမှာကို ကြောက်ရွံ့တာ၊ သေရမှာကို ကြောက်ရွံ့တာ၊ မိတ်ဆွေမိသားစု၊ ဥစ္စာပစ္စည်း (ဒါမှမဟုတ်) အသက်မွေးဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလုပ်ငန်းတွေ ဆုံးရှုံးမှာကို ကြောက်ရွံ့တာ၊ ဆင်းရဲမှာကို ကြောက်ရွံ့တာ၊ အထီးကျန်ဖြစ်မှာကို ကြောက်ရွံ့တာ၊ ပျက်စီးဆုံးရှုံးရမှာကို ကြောက်ရွံ့တာ စတာတို့ပဲ ဖြစ်ပါတယ်။ မွေးရာပါ လူ့ဂုဏ်သိက္ခာနဲ့ မိမိကိုယ်မိမိ လေးစားမှု ဟို့ကို မဆုံးရှုံးရလေအောင် ထိန်းသိမ်းကာကွယ်ရာမှာ အထောက် အကူဖြစ်စေတဲ့ သတ္တိကိုပြတဲ့ နေ့စဉ်လုပ်ရပ်ကလေးတွေဟာတော့ အချည်းနှီးသာ ဖြစ်တယ်။ (ဒါမှမဟုတ်) အရာမရောက်တဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ အရမ်းကာရော လုပ်တာ မိုက်မဲတာပဲ ဖြစ်တယ်။ အဲဒီလို ပြစ်တင်ရှုံ့ချကာ မိမိကယ်တင်ဝပေး အသိဉာဏ် (ဒါမှမဟုတ်) ပညာဉာဏ်ရှိသကဲ့သို့ ဟန်ဆောင်တာဟာ တိတ်တခိုး အန္တရာယ်ပေးတဲ့ အဆိုးဝါးဆုံးရဲ့ ကြောက်ရွံ့မှုမျိုးသာပဲ ဖြစ်ပါတယ်။ အင်အားဟာ အမှန်တရားဖြစ်တယ်ဆိုတဲ့မှုနဲ့ ဖိနှိပ်အုပ်ချုပ်တဲ့ စနစ်အောက်မှာ ပုံသွင်းတာကို ခံရသူတွေအဖို့ အင်အားကုန်ခမ်းစေတဲ့ ကြောက်ရွံ့မှုအဆိပ်ငွေ့က လွတ်ကျွတ် အောင် ရုန်းထွက်ဖို့ရာမှာ မလွယ်ကူလှပါဘူး။ ဒါပေမဲ့ ကြောက်ရွံ့မှုဟာ ယဉ်ကျေးတဲ့ လူသားရဲ့ သဘာဝ မဟုတ်တာကြောင့်၊ အဖိနှိပ်ဆုံးသော အစိုးရ ယန္တရားအောက်မှာပဲ သတ္တိဟာ ထပ်ခါတလဲလဲ ထကြွလာပါတယ်။

အထိန်းအချုပ်မရှိတဲ့ အာဏာကို ရင်ဆိုင်ရာမှာ သတ္တိရှိမှုနဲ့ ခံနိုင်ရည် ရှိမှုတို့ကို အမြဲတမ်း ရှင်သန်နေစေတဲ့ ရေသောက်မြစ်မှာ ကိုယ်ကျင့်တရား ဆိုင်ရာ သဘောတရားတွေကို အထွတ်အမြတ် ထားတဲ့အပေါ်မှာ ခိုင်ခိုင်မာမာ ယုံကြည်တာပဲ ဖြစ်ပြီးတော့ ဘယ်လောက်ပဲ ရှုံးနိမ့်မှု၊ ဆုတ်ယုတ်မှုတွေရှိစေ ကာမူ လူသားဟာ နောက်ဆုံးမှာ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာတိုးတက်မှု နှစ်ခု စလုံးကို ရရှိရမယ်ဆိုတဲ့ သမိုင်းသဘောကို ယုံကြည်တာပဲ ဖြစ်ပါတယ်။ မိမိကိုယ်မိမိ တိုးတက်ကောင်းမွန်အောင် ကြိုးစားတာ၊ မိမိကိုယ်မိမိ မကောင်းမှုက လွတ်မြောက်အောင် ကြိုးပမ်းတာစတဲ့ စွမ်းရည်တို့ဟာ လူသားတွေကို တိရစ္ဆာန်ရိုင်းတွေနဲ့ အထင်အရှား ကွဲပြားစေတဲ့ အဓိကအချက်ပဲ ဖြစ်ပါတယ်။ လူ့တာဝန်ဝတ္တရားရဲ့ မူလအရင်းအမြစ်မှာ လုံးဝ အပြစ်ကင်းစင်တဲ့ သဘောတရားကို နားလည်ပြီး အပြစ်ကင်းစင်လိုတဲ့ စိတ်ဆန္ဒ။ အပြစ်ကင်းစင် ဖို့ရာ နည်းလမ်းရှာနိုင်တဲ့ အသိဉာဏ်နဲ့ အဲဒီနည်းလမ်းအတိုင်း လိုက်နာလိုတဲ့ စိတ်ဓာတ်၊ ပြီး‥ အဲဒီနည်းလမ်းကို အဆုံးတိုင် မလိုက်နာနိုင်တဲ့ တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ချုတ်ယွင်းချက် အကန့်အသတ်နဲ့ ပတ်ဝန်းကျင် အတားအဆီးတွေကို ကျော်လွှန်ဖို့ရာ လိုအပ်တဲ့ အတိုင်းအတာအထိ အနည်းဆုံး ရောက်ရှိအောင် ကြိုးစားလိုတာတို့ပဲ ဖြစ်ပါတယ်။ ဆင်ခြင်တုံတရားရှိပြီး ယဉ်ကျေးတဲ့ လူသားတို့တွေနဲ့ လျော်ကန်သင့်မြတ်လှတဲ့ လူ့လောကကို လူသားတို့ စိတ်ကူးမြော်မြင်ကြတဲ့အတွက် ကြောက်ရွံ့မှုနဲ့ ချီ့တဲ့မှုက ကင်းလွတ်တဲ့ လူ့အဖွဲ့အစည်းတွေ တည်ထောင်ဖို့ရာ မကြောက်မရွံ့ အနစ်နာခံ လုပ်ဝံ့ကြရတာပဲ ဖြစ်ပါတယ်။ သစ္စာတရား၊ ကရုဏာတရားနဲ့ တရားမျှတမှုတွေကို ငြိမ်းငွေ့ဖွယ်ရာ အတွေးအခေါ်ဟောင်းကြီးတွေလို့ဆိုပြီး ပြစ်ပယ်လို့ မရပါ။ ရက်စက်တဲ့ အရာကို တွန်းလှန်ရာမှာ ဒီတရားတွေကသာပဲ အကာအကွယ်ပေးပြီးတော့ ရှိတတ်ပါတယ်။

*(၁၉၉၁)*

နိုင်ငံရေးအလုပ်လုပ်တဲ့အခါ ပြည်သူလူထုနဲ့ ကျွန်မတို့ဟာ တတ်နိုင်သမျှ ပွင့်ပွင့်လင်းလင်း ဆက်ဆံချင်ပါတယ်။

*(၁၉-၂-၈၉) တပ်တုန်း*

ပြည်ထောင်စုတစ်စု ထူထောင်ဖို့ဆိုတာ ဗမာတွေရဲ့ ဂတိအပေါ်မှာ မတည်ပါဘူး။ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တစ်ယောက်ပေါ် တစ်ယောက် သစ္စာရှိမှုအပေါ်မှာ တည်ပါတယ်။

*(၁၆-၂-၈၉) (မိုးမြဲ)*

ဘယ်စနစ်မျိုးမဆို အောင်မြင်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းလဲ ရှိရမယ်။ နောက်လိုက်ကောင်းလဲ ရှိရမယ်။ အဲဒီတော့ နောက်လိုက်ကောင်း တစ်ယောက်ရဲ့ အရည်အချင်းဟာ ဘာလဲဆိုရင် အရေးအကြီးဆုံးကတော့ ခေါင်းဆောင်ကောင်းများ ဖော်ထုတ်နိုင်တဲ့ အရည်အချင်းရှိရမယ်။

*(၁၃-၂-၈၉) (တောင်ကြီး)*

*ဖြိုးပါပြီ*

*ကျွန်းမာချမ်းသာကြပါစေ*

*ရမ္မာဝတီ မောင်မိုင်ရီ*

*၁၂-၂-၂၀၁၁*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုး

၁။ ခေတ်သစ်ကဗျာမိတ်ဖွဲ့ (နှလုံးလှစာပေတိုက်ထုတ်)
*(တက္ကသိုလ်ဝင်းမြွန် ၊ ၁၉၇၄ မတ်လ)*

၂။ မြန်မာပြန်ရသ စာတမ်းများ (ဘဝတက္ကသိုလ်စာပေ)
*(ထက်အောင် ၊ ၁၉၉၁ နိုဝင်ဘာလထုတ်)*

၃။ ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီးနှင့် လူငယ်ဝါဒ (လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ)
*(သောင်းညွှန့် (ရေနံချောင်း) ၂၇-၁၂-၁၉၉၂ နေ့ထုတ်)*

၄။ လေနှင်ငှက်ကလေးရဲ့ ဟိုအဝေးစကြဝဠာ (အမြင်သစ်စာပေ)
*(၁၉၈၆ ၊ မတ်လ ထုတ်)*

၅။ မှတ်ဖွယ်မှတ်ရာနီစာ (အောင်လမ်းညွှန်စာပေ)
*(၁၉၉၀ ၊ ဒီဇင်ဘာလ ထုတ်)*

BURMESE CLASSIC

၆။ တူနှစ်ကိုယ်တိုင်းပြည် (ဇာက်ဆက်ခွေ)

၇။ ဒေးကာနက်ဂျီရဲ့ စာအုပ်တချို့နဲ့

၈။ နိုင်ငံတကာ ရသစာတမ်းငယ်များ (ဆုစာပေ)
*(၁၉၉၀ ပြည့် ၊ အောက်တိုဘာလ ထုတ်)*

တို့ကို မှီငြမ်းပြုရေးသား ထားခဲ့ပါတယ်။

*(စာရေးသူ)*

**** **** ****

www.burmeseclassic.com